
www.burmeseclassic.com

ငါတို့စာပေ




# မြေမှုန်လွင်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

# မြေမှုန်လွင် ရူး




၁၁၂·၃

မြေမှုန်လွင်

ရူး / မြေမှုန်လွင်။ -ရန်ကုန်။

ငါတို့စာပေ၊ ပထမအကြိမ်၊ ၂၀၁၁။

စာမျက်နှာ (၁၃၀)၊ ၁၃·၅ စင်တီ ၂၁ စင်တီ

(၁) ရူး


www.burmeseclassic.com

www.burmeseclassic.com

ဇာတ်သိမ်းတွင် မင်းသားနှင့် မင်းသမီး ညားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကားတစ်စီးလုံး တိတ်ဆိတ်နေသည်။ တစ်ဦးနှင့်တစ်ဦး စကားမပြောကြ။ နေရောင်သည် ပူပြင်းလှသည်ဟူသည့်အဆင့်ထက်ကို ကျော်လွန်ကာ အပ်ချွန်ချွန်နှင့်ဆွနေသကဲ့သို့ မျက်နှာပြင်ပေါ်သို့ ရူးရူးရဲရဲကျနေသည်။ ကားအဲယားကွန်းမှ လေအေးများမှုတ်ထုတ်နေသော်လည်း နဖူးမှချွေးများကျနေဆဲပင်။ ထိုအဲယားကွန်းအရှိန်ကြောင့်ပင် အတွင်းအေး အပြင်ပူသဘောမျိုးဖြင့် ခေါင်းကြီးညီစီစီဖြစ်လာ၏။

အဲယားကွန်းပိတ်၍ ကားမှန်ချလိုက်သည်။ ပြင်ပမှလေများကြောင့် အပူဒဏ်သက်သာမလားဟူ၍ ကြိုးစားကြည့်ခြင်းဖြစ်သည်။ သို့သော် မထူး။ ပူမြဲ ပူဆဲပင်။ အမှန်တကယ်တော့ ပြင်ပမှအပူများကို ရမယ်ရှာကြည့်နေခြင်းသာဖြစ်သည်။ တကယ့်တကယ်တမ်း ပူနေသည်မှာ ကျွန်တော့်ရင်တွင်းမှဖြစ်သည်။ ငှင်းရင်တွင်းအပူနှင့် နှိုင်းစာလျှင် အပြင်မှနေ၏အပူရှိန်သည် စာမဖွဲ့လောက်တော့။ သံရည်ကျိုစက်ကြီးမျိုထားသလား အောက်မေ့လောက်အောင် ရင်ထဲ၌ ပူပြင်းလောင်မြိုက်နေသည်။

ဟုတ်တယ်။

မကြာခင် ခူးခူးနဲ့ ကျွန်တော် တစ်သက်လုံးခွဲရတော့မယ်။ ရာသက်ပန် ကျောခိုင်းသွားတော့မယ့် ချစ်သူတစ်ယောက်ကို ကိုယ်တိုင်လေ[illegible]ဦး ဆွင်းလိုက်ပို့ရတာလောက် ဆိုးရွားသည့်ဝဋ်ဒုက္ခဟူ၍ မရှိ။ ပူဆွေးသည့် ဝေဒနာဟူ၍ မရှိ။

'ဘာကိစ္စနဲ့ တစ်သက်လုံးခွဲရမှာလဲ ခူးရယ်'

www.burmeseclassic.com

www.burmeseclassic.com



နှင်းခြောတာသစွာနှင့် ချစ်သူကို ကြည့်လိုက်သည်။ သူကတော့ ညောင်းသည့်ခံစားချက်၌ ရှိပုံရေး ကားပြတင်းပေါက်မှနေ၍ အဝေးတစ်နေရာသို့ ငေးနေ၏။ မဟုတ်ဘူး။ ဘာကိစ္စနဲ့ ခံစားချက်မရှိရမှာလဲ။ ခံစားချက်ရှိတယ်။ သူ့စိတ်တွေ အဝေးတစ်နေရာရောက်နေတယ်။ ဒီကားပေါ်မှာ မဟုတ်။ ကိုယ်သိပါတယ်လေ။ အခု မင်းသွားတော့မယ့် နိုင်ငံခြားက ခင်းရဲ့ချစ်ဦးသူဆီမှာ မဟုတ်လား။

အမှန်တကယ်ဆိုလျှင် ကျွန်တော် ပေါက်ကွဲပစ်လိုက်ချင်သည်။ ကျွန်တော့်ကို အပြစ်မဲ့စွန့်လွှတ်သွားတာမျိုးကို လက်မခံချင်။ တစ်ခုခုတုံ့ပြန်လိုက်ချင်သည်။

ဒါပေမဲ့ဗျာ...

ခူးခူးနှင့်ပတ်သက်၍ မျှိုသိပ်လိုက်ရခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် မဟုတ်။ ခူးခူးကြောင့် စိတ်ကသိကအောက်ဖြစ်ရခြင်းမှာ ယခုအချိန်သည် ပထမဆုံးအချိန် မဟုတ်။ ခူးခူးအတွက် စွန့်လွှတ်လိုက်ရခြင်းများသည် ယခုအခါ ပထမဆုံးအခါ မဟုတ်။

သေချာစဉ်းစားကြည့်ပါက ပထမဆုံးစတွေ့ကတည်းကဟုပင် ပြော၍ရမည်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၁)

သဘာဝကျပါသည်။

ဘီလိယက်အခန်းနှင့်အညီ ဆေးလိပ်နံ့များမွှန်ထူကာ လူသံများ ဆူညံ၍ ဘောလုံးသံများ တဖြောက်ဖြောက်ကြားနေရခြင်းသည် သဘာဝကျ ပါသည်။ ဘီလိယက်ထိုးသည့် ကျွန်တော့်အတွက် သူငယ်ချင်းများကို ထိုင်စောင့်နေရခြင်းသည် အတန်ငယ် ငြီးငွေ့ဖွယ်ကောင်းသည်မှာလည်း သဘာဝကျပါသည်။ သို့သော် ငှင်းငြီးငွေ့မှုများသည် ဘီယာနှစ်ဘူးခန့် ကုန်သွားသည့်အခါ အလိုလိုပျောက်ကွယ်သွား၍ သူငယ်ချင်းများနှင့် တစ်သားတည်းကျသွားကာ ပျော်ရွှင်မှုများ ကူးစက်သွားခြင်းမှာလည်း သဘာဝကျပါသည်။ သဘာဝကျခြင်းများသည် ထိုမျှသာ။

ထို့နောက်ပိုင်းတွင်တော့ သဘာဝမကျတော့။

ဟုတ်ကဲ့။ သူဝင်လာသည်မှာ သဘာဝမကျပါ။ ဆေးလိပ်နံ့များ၊ ဘီယာနံ့များနှင့် အဖိုပေါင်းသောင်းခြောက်ထောင် ပျော်ပါးနေသည့် ဒီလို အခန်းထဲကို သူတစ်ယောက်တည်းရောက်လာခြင်းမှာ သဘာဝမကျပါ။ ဖြူဖြူချောချောကောင်မလေးတစ်ယောက်က ကျူတံကြီးလွယ်၍ဝင်လာခြင်း မှာ ပို၍သဘာဝမကျပါ။ ထိုကဲ့သို့ အလှပဂေးလေးတစ်ယောက် ဝင်လာခြင်း ကို တစ်ခန်းလုံးရှိ သကောင့်သားများက နည်းနည်းမျှ 'ဘူး' မျှောခဲ့ လှည့်မကြည့်ဘဲ ဖာသိဖာသာ နေနိုင်ကြခြင်းမှာ ပို၍ ပိုလို့သဘာဝမကျပါ။

သူကလည်း တစ်ခန်းလုံးကကောင်တွေကို ဂရုမစိုက်။ ခုံလွတ် တစ်ခုရှိရာသို့ သွားသည်။ ကျူတံထုတ်သည်။ ထို့နောက် ဘောလုံးများကို

www.burmeseclassic.com

www.burmeseclassic.com



တဖြောက်ဖြောက်ထိုးလေသည်။ ကြည့်ပါဦး။ သူ့လက်ချောင်းလေးတွေပေါ်မှာ တုတ်ချောင်းကိုတင်ပြီး ထိုးနေသည့်ဟန်၊ ခါးကလေးကိုနွဲ့၍ ကိုင်းကာထိုးနေသည့်ဟန်၊ ဘောလုံးတစ်လုံးဝင်သွားတိုင်း နှုတ်ခမ်းထောင့်စွန်းလေးမသိမသာပြုံးသွားသည့်ဟန်။ ဒီလောက်ကြည့်ကောင်းသည့် မြင်ကွင်းမျိုးကိုဒီထဲက ပုရိသတစ်ကောင်မှ စိတ်မဝင်စားဘဲ မျက်နှာလွှဲနေနိုင်သည်မှာတော်တော်ကိုသဘာဝမကျသည့်ကိစ္စ ဖြစ်လေသည်။

သို့သော် ထိုကောင်မလေးနှင့်ပတ်သက်၍ သဘာဝမကျပုံများသည် ထိုမျှနှင့် ရပ်တန့်မသွားဘဲ ကျွန်တော့်ဘဝတစ်ခုလုံး ကပ်ငြိပါလာတော့မည်ကိုတော့ ထိုအချိန်က နည်းနည်းလေးမျှ မရိပ်မိခဲ့ပေ။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၂)

'ဟော… တွေ့ပြီဗျာ၊ ဟိုအကောင်၊ ဟိုအကောင်၊ နှုတ်သီးအမည်းနဲ့ကောင်ပဲ'

'သြော်… အေး… အေး… အဲဒီကောင်လေးကို လွှတ်မှာလား၊ ကဲ… လာခဲ့စမ်း'

ငှက်သည်အဘိုးကြီးက ပြောပြောဆိုဆိုနှင့် လှောင်အိမ်ထဲသို့ သူ့လက်ကြီး ထိုးသွင်းလိုက်သည်။ ခူးခူးဆိုသည့် ဘီလိယက်ခုံတွင် တွေ့ခဲ့သည့် ထူးထူးဆန်းဆန်းကောင်မလေးနှင့် ပထမဆုံးအကြိမ် အပြင်တွင် တွေ့ရခြင်းဖြစ်သည်။ သူငယ်ချင်းတစ်ယောက်၏ ကောင်းမှုကြောင့် ခူးခူး၏ ဖုန်းနံပါတ်ကိုရကာ အဆက်အသွယ်လုပ်ဖြစ်သွားသည်။ ကျွန်တော်က အပြင်တွင် တွေ့ခွင့်တောင်းရာ ခူးခူးက သူတက်နေသည့် ဓာတ်ပုံသင်တန်းကျောင်းသို့ လာတွေ့ရန် ချိန်းသဖြင့် သင်တန်းရှေ့တွင် ကျွန်တော် စောင့်နေရခြင်းဖြစ်သည်။

ကျွန်တော်က တွေ့တွေ့ချင်း မြင့်မိုရ်မာန်ပါဟု ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်လိုက်သော်လည်း ကျွန်တော့်ကို ဘာမှပြန်မပြောဘဲ ကျွန်တော့်အနားမှ ငှက်သည် အဘိုးကြီးနှင့်သာ ပြောနေသည်။

'သြော်… ဒီကောင်လေးကလည်း အရေးထဲ ပြေးနေသေးတယ်၊ ကလေးမလေး… ဒီကောင်ရော လွှတ်မလား'

အဘိုးကြီးက မှားဖမ်းမိသွားသည့် ငှက်ကလေးကို လွှတ်မလားဟု၍ ခူးခူးကိုပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… နှုတ်သီးအမည်းနဲ့ကောင်ပဲ၊ အဲကောင်ကို ခူး အရင် တစ်ခေါက်က လွှတ်ထားပြီးသား၊ အခုလို ပြန်အဖမ်းခံရမှာစိုးလို့ နှုတ်သီး အမည်းလေးကို သေသေချာချာမှတ်ထားတာ၊ ပြန်လွှတ်ပေးလိုက်ပါ'

လှောင်အိမ်ထဲမှ ငှက်ဖမ်းနေသည့်လက် ရပ်သွားသည်။

'ဘာ…'

'ပြန်လွှတ်ပေးပါလို့၊ ပိုက်ဆံတော့ ထပ်မပေးနိုင်ဘူး'

'ဟ… ရမလားကွ၊ အဲဒီလို နှုတ်သီးအမည်းနဲ့ ငှက်တွေက အများကြီးရှိတာပဲ'

ကျွန်တော့်စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသည်။ ငှက်သည်အဘိုးကြီး ကိုလည်း ကြားထဲကနေ အားနာနေမိသည်။ သူ့ခမျာ မရှိလို့ အိုကြီးအိုမ နဲ့ လုပ်စားနေရတာကို။

'မင်း ခူးခူးကို သွားမစနဲ့နော်၊ တကယ့်နဂါးမလေး၊ ပါးစပ်ကနေ မီးမှုတ်သလိုပဲ သူ့စကားတွေကြားရင် 'ပြာ'ကျသွားလောက်တယ်'ဆိုသည့် သူငယ်ချင်းများ၏ သတိပေးစကားကိုလည်း ပြန်ကြားယောင်လာမိသည်။ ခူးခူး၏ဖုန်းနံပါတ်ကို အသာတကြည်မပေးကြ။ မရမက ဖွတ်တောင်းတော့မှ မင်းထိုက်နဲ့ မင်းကံပဲဆိုပြီး ပေးလိုက်ကြခြင်းဖြစ်သည်။

အခုတော့ တွေ့တွေ့ချင်း ဇာတိပြလေပြီ။

'မသိဘူး၊ မသိဘူး၊ ဒါ ကျွန်မလွှတ်ထားပြီးသား၊ ခင်ဗျားကြီး တော်တော်ရက်စက်တာပဲ၊ ခင်ဗျားကြီးကိုလည်း အခုလိုလွှတ်လိုက်၊ လှောင် အိမ်ထဲပြန်ထည့်လိုက်လုပ်ရင် ကြိုက်မလား'

အဘိုးကြီး တော်တော်စိတ်ညစ်သွားပုံရသည်။

'ဒီမယ် ကလေးမ၊ မင်းလွှတ်မလား မလွှတ်ဘူးလားပဲပြော'

'လွှတ်မယ်လေ'

ဘေဘိမက လေသံအေးအေးနှင့်ပြန်ပြောသည်။

'ဒါပေမဲ့ ပိုက်ဆံတော့ ထပ်မပေးနိုင်ဘူး'

'ဟာ… ကျွတ်… မင်းကွာ၊ မင်း… မင်း…'

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက ဒေါသတကြီးနှင့် သူ့လှောင်အိမ်ကို သူပြန်လွယ်ပြီး ထွက်သွားသည်။ ရန်တွေ ဘာတွေရှာမသွားတာပဲ ကံကောင်းသည်ဟု ဆိုရမည်။

'ဟွန်း… နောက်တစ်ခါလွှတ်ရင် အတောင်ပံမှာ ဖျက်လို့မရတဲ့ ဆေးနဲ့ လွှတ်ပြီးလို့ သေချာရေးပြီးမှ လွှတ်ရမယ်၊ တော်တော်မှုန်းစရာကောင်းတဲ့ လူတွေ၊ ကျွန်မက ခူးခူးပါ'

ထိုအခါကျမှ ကျွန်တော့်ဘက်သို့လှည့်၍ ပြောသည်။ ကျွန်တော်ကတော့ ဘာပြန်ပြောလို့ ပြောရမှန်းမသိဘဲ 'အင်း၊ အဲ'လုပ်နေရသည်။ အစုမှ ပထမဆုံးအကြိမ် အပြင်တွင် စကားပြောဖူးတာဆိုတော့ အနည်းငယ် 'စိမ်း'နေသေးသည်။ သူ့ပုံစံနဲ့တော့ ကြာလာရင် 'ဝါ'ပြီး 'နီ'မယ်ထင်သည်။ ကျွန်တော့်ဘက်မှ စိမ်းနေသလိုဖြစ်ပေမယ့် ခူးခူးကတော့ ကျွန်တော့်ကို ငယ်ပေါင်းကြီးဖော်တစ်ယောက်အလား ခေါင်းပုတ်လက်ပုတ်နှင့် စကားတွေတလျှောက်ကြီး ပြောနေသည်။

ဈေးသည်တွေ ဘယ်လိုကလိမ်ကျပုံများအကြောင်း၊ သူနှင့် ဈေးသည်များ မကြာခဏရန်ဖြစ်ရပုံများအကြောင်း ပြောပြသည်။ ကျွန်တော့် နားထဲတွင်တော့ 'ခူးခူးကို သွားမစမ်းနဲ့နော်'ဆိုသည့် သူငယ်ချင်းများ၏ စကားကိုသာ ကြားနေမိသည်။

ဘာတတ်နိုင်မှာလဲ။ ဒီကောင်ကလည်း ဒါမျိုးကိုမှ ချစ်မိသွားတာ ကိုး။

❒ ❒ ❒

အနက်ရောင်ကျောပြောင်နှင့် ကတ္တရာလမ်းပေါ်တွင် ရောင်စုံကား များ အငွေ့တထောင်းထောင်းနှင့် ပြေးလွှားနေကြသည်။ ပလက်ဖောင်းပေါ် တွင်လည်း ရောင်စုံလူများ အငွေ့တလူလူနှင့် သွားလာနေကြသည်။ အနီး အနားဝိုင်းများမှ လူများသည်လည်း အငွေ့တလွင်လွင်ထနေသော လက်ဖက် ရည်များကို မှုတ်သောက်ကာ အာပေါင်အာရင်းသန်သန်ဖြင့် ငြင်းခုံနေကြ သည်။

www.burmeseclassic.com



ကျွန်တော့်ဝိုင်းတွင်တော့ ကျွန်တော်တစ်ယောက်တည်း ငေါင်တိငေါင်စင်း။ ခူးခူး မလာသေး။ ချိန်းထားသည့်အချိန်ထက် နာရီဝက်မျှနောက်ကျနေပြီ။ ဓာတ်ပုံသင်တန်းရှေ့သို့ လိုက်သွားလိုက်လျှင် ကောင်းမလား။ သူက သင်တန်းရှေ့မှာမစောင့်နဲ့ လက်ဖက်ရည်ဆိုင်မှာစောင့်လို့ သေချာမှာထားတာပဲလေ။ တော်ကြာ လမ်းတွင် လွဲနေဦးမည်။ နာရီကို ကြည့်လိုက်သည်။ နောက်ဆယ်မိနစ်လောက်တော့ ထပ်စောင့်ဦးမှ။ သောက်လက်စအအေးကို မကာ ခလူးခလူးဟုမြည်သည်အထိ ပုလင်းထဲတွင် အရည်တစ်စက်မျှမကျန်အောင် စုပ်လိုက်သည်။ ခေါင်းပေါ်မှ ပန်ကာအိုကြီးကတော့ မြင်းနာကြီးတစ်ကောင် ပြေးနေသကဲ့သို့ အိပဲ့အိပဲ့နှင့် လည်နေသည်။ နာရီကို ထပ်ကြည့်သည်။ ပျားပန်းခတ် အလုပ်ရှုပ်နေသည့် စားပွဲထိုးလေးတွေကို လိုက်ကြည့်သည်။ ဆိုင်အခြေအနေ ဖုန်းဆက်မေးကြည့်ရင် ကောင်းမလားလို့ ဖုန်းကိုထုတ်ယူလိုက်စဉ်…

'ဟေ့လူကြီး… စောင့်နေရတာ ကြာပြီမဟုတ်လား'

ခူးခူး။ ကောင်လေးသုံးယောက်နှင့်အတူ ကျွန်တော့်ဝိုင်းတွင် ဝင်ထိုင်သည်။

'ဒီမှာဗျာ… ဒီကောင်တွေနဲ့ ဓာတ်ပုံအကြောင်း နည်းနည်းငြင်းနေတာနဲ့ ခင်ဗျား ချိန်းထားတာကို မေ့သွားတယ်၊ အခုမှသတိရလို့ အမြန်ပြေးလာတာ၊ စကားကလည်း မပြတ်သေးတော့ ဒီကောင်တွေကိုပါ ခေါ်လာရတာ၊ ကိုလာလေးလုံး ချပါဟေ့'

သူနှင့်ပါလာသည့် ကောင်လေးသုံးယောက်ကို ညွှန်ပြသည်။ ကောင်လေးသုံးယောက်က ကျွန်တော့်အား သွားဖြဲပြသည်။ ခူးခူးကတော့ ကျွန်တော်တို့ကို မိတ်ဆက်မပေး။

'ငါကတော့ သတင်းဓာတ်ပုံဆရာ ဘယ်တော့မှလုပ်မှာမဟုတ်ဘူး၊ တော်တော်အကုသိုလ်များတဲ့ အလုပ်ပဲ၊ စဉ်းစားကြည့်စမ်း၊ အဲဒီလူတွေရဲ့ ဘဝတွေကို၊ ကိုယ့်ရှေ့မှာ ဒုက္ခရောက်နေတဲ့ လူတစ်ယောက်ကို မကယ်ဘဲ ကိုယ်ပိုက်ဆံရဖို့၊ ဓာတ်ပုံကောင်းရဖို့၊ ဆုတံဆိပ်တွေရဖို့၊ နာမည်ရဖို့အတွက် လူသားချင်းကူညီဖို့ လျစ်လျူရှုပြီး ဓာတ်ပုံရိုက်တယ်ဆိုတဲ့အလုပ်ကို စဉ်းစားကြည့်စမ်း၊ တော်တော်မုန်းစရာကြီး'

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကနေ ဘယ်လိုငိုလာကြသလဲမသိ။ ခူးခူးက ကျွန်တော့်ဘေး တွင် ထိုင်ပြီးတာနှင့်တစ်ပြိုင်နက် သူပြောချင်တာတွေ ပြောနေသည်။

'ထားပါတော့၊ ဒါဆိုရင် မတန်ခူးအိမ်ရှေ့က အလှအပရှုခင်းလေး တွေပဲ ရိုက်မယ်ဆိုပါတော့၊ ဟုတ်လား'

'အေး… နင်မေးလိုက်တာ တစ်ခွန်းတည်း၊ ငါပြန်ဖြေရမှာက အများကြီး၊ နံပါတ်တစ် ငါ့ကို ခုနလို 'မတန်ခူးအိမ်ရှေ့'ဆိုပြီး ကုလားဘုရား လှည့်သလို အရှည်ကြီးမခေါ်စမ်းနဲ့၊ ငါ မကြိုက်ဘူး၊ ခူးခူးလို့ပဲ ခေါ်ချင်ခေါ်၊ နင်နဲ့ ငါပဲ ပြောချင်ပြော ဟုတ်ပြီလား၊ နံပါတ် (၂) ငါ ဘယ်တော့မှ အလှအပရှုခင်းတွေ မရိုက်ဘူး၊ ရိုက်ချင်စိတ်လည်း မရှိဘူး၊ နောက်ပြီး အလှအပရှုခင်းဆိုတာကိုလည်း မယုံဘူး'

'မယုံဘူး'

'အေး… ဟုတ်တယ်၊ မယုံဘူး'

ခုနက ကျွန်တော့်ဝိုင်းတွင် လူတစ်ယောက်မှမရှိ၍ အထီးကျန်သလို ခံစားခဲ့ရသည်။ အခု လူလေးယောက်ရောက်လာတော့လည်း ဘာမှမထူး။ သူတို့စကားဝိုင်းတွင် ကျွန်တော်က အပြင်လူ။ ခူးခူးပြောနေတဲ့ စကားတွေ ကိုလည်း လုံးစေ့ပတ်စေ့နားမလည်။ ဘာတွေပြောနေကြသလဲ မသိ။ ဟို သုံးကောင်ကတော့ ခူးခူးကို တော်တော်လေးစားနေပုံရသည်။ ခူးခူးစကား များကို အလေးအနက်နားထောင်နေကြသည်။

'ကုန်ကုန်ပြောမယ်ဟာ၊ အလှအပဆိုတာ ရှိကို မရှိတာ'

'ဗျာ…'

သုံးကောင်စလုံး ပါးစပ်အဟောင်းသားလေးတွေ ဖြစ်ကုန်ကြသည်။ ခူးခူးကတော့ ဆရာကြီးလေသံနှင့် ပြောနေဆဲ။

'ကဲ… ဥပမာပြောပြမယ်၊ ဒီလမ်းမကြီးကို ကြည့်လိုက်စမ်း'

ခူးခူး လက်ညှိုးထိုးပြသည့် လမ်းမဘက်သို့ ကျွန်တော်တို့အားလုံး လှည့်ကြည့်လိုက်သည်။ မီးခိုးတလူလူနှင့် မော်တော်ကားတွေ မောင်းနှင် နေဆဲ။

'လှလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

အဆက်အစပ်မရှိ ကျွန်တော့်ဘက်ကိုလှည့်၍ ခူးခူးက မေးသဖြင့် ဘာပြန်ဖြေရမလဲ မသိ။ ယောင်နနဖြစ်သွားသည်။

'ခင်ဗျားမြင်နေရတဲ့ လမ်းမကြီးက လှလားလို့'

ကျွန်တော် ခေါင်းခါပြလိုက်သည်။ ဟုတ်တယ်လေ။ ဘယ်လိုလုပ်ပြီး လှနိုင်မှာလဲ။ ချိန်းထားတဲ့အချိန်ထက်လည်း အကြာကြီးနောက်ကျပြီးမှ ရောက်လာသေးတယ်။ ရောက်လာတော့လည်း ကောင်လေးတွေတရုန်းရုန်းနဲ့။ ကျွန်တော့်ကိုလည်း အဖက်မလုပ်။ ပြောချင်တာတွေ ပြောနေကြသည်။ မလှရုံတင်မက အကျည်းတန်နေတယ်ဟေ့။ အကျည်းတန်နေတယ်ဆိုပြီး ဒေါသတကြီး အော်လိုက်ချင်သည်။ သို့သော် ကျွန်တော်ပြောချိန်တောင် မရလိုက်။ ခူးခူးက…

'တွေ့လား၊ သူ့အတွက် လမ်းမကြီးက မလှဘူး၊ ငါ့အတွက်တော့ လှတယ်၊ လမ်းမကြီးရယ်၊ လမ်းဘေးက သစ်ပင်တွေရယ်၊ သစ်ပင်စိမ်းစိမ်းတွေနောက်က ကိုလိုနီခေတ်လက်ရာ အဆောက်အအုံကြီးရယ်၊ ကဲ… ဘယ်လောက်လိုက်ဖက်လှပလိုက်သလဲ၊ ကြည့်စမ်း'

'သူ့အတွက်တော့ ဘာဖြစ်လို့မလှသလဲ၊ သိလား'

ကျွန်တော့်ပခုံးကို တစ်ချက်ပုတ်လိုက်ရင်း ခူးခူးက မေးသည်။ ဟိုသုံးကောင်ကတော့ သခင်မကြီးထံမှ ဘာများမိန့်ကြားမလဲဟု စောင့်နေကြသည့် လက်အောက်ငယ်သားပုံစံမျိုးနှင့် ခူးခူးကို ကြည့်နေကြသည်။ ကျွန်တော်ကတော့ နှုတ်ခမ်းကြီးစူနေမိမှာ အမှန်တကယ်။ ကြည့်ပါဦး။ လူကိုလုပ်နေလိုက်တာ။ ပိုင်စိုးပိုင်နင်းနှင့်။ ကျွန်တော့်ဒေါသဒီဂရီတွေ အတော်မြင့်နေပြီ။

'ဒီလူကြီးက ငါ့ကို အကြာကြီးစောင့်နေရတယ်ကွာ၊ ပြီးတော့ ငါနဲ့ နှစ်ယောက်တည်းတွေ့ချင်ပေမယ့် မင်းတို့တွေ ပါလာတယ်ကွာ၊ ငါတို့ကလည်း ပြောချင်တာတွေ ပြောနေကြတယ်ကွာ၊ အဲဒီတော့ ဒီလူကြီးက ဒေါသထွက်ပြီပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'သူ့အတွက်တော့ ဝေရက်တောင်ထိပ်ကို ရောက်နေရင်တောင် လှမှာမဟုတ်ဘူး'

ဟိုသုံးကောင်က ခူးခူးရဲ့စကားလည်းဆုံးရော တခွိခွိနှင့် ရယ်နေကြသည်။ ဒါ… ဒါ ငါ့ကို တမင်သက်သက် အရှက်ခွဲတာပဲ။ ကြည့်ပါဦး။ သူ့ကောင်တွေကလည်း အားမနာ လျှာမကျိုး ရယ်နေလိုက်ကြတာ။

'ဒါကြောင့် ပြောတာပေါ့ကွ၊ အလှအပဆိုတာ မသေချာဘူး၊ မနိုင်မြဲဘူး၊ ကိုယ့်ပင်ကိုယ်စိတ်ပေါ်မှာ မူတည်ပြီးတော့ လှတယ်၊ မလှဘူး ဖြစ်နေတာ'

တော်စမ်းကွာ။ ပေါက်တတ်ကရစကားတွေ။ ငါ့မှာတော့ အလုပ်ကိုပစ်ပြီး သူ့ကို စောင့်နေရတာ။ အခုတော့ လူပုံအလယ်မှာ သက်သက်သိက္ခာကျအောင်လုပ်တယ်။ တစ်ခုခုပြောပြီး ဆိုင်ပြင်ကိုထွက်သွားလိုက်ရမှာ။ သို့သော် ကျွန်တော့်ပါးစပ်မှ ဘာတစ်ခွန်းမှမထွက်။ လည်ချောင်းထဲတွင် ဂေါ်လီလုံးကြီးမျိုထားကဲ့သို့ နင်နေသည်။ ခူးခူးတို့ကတော့ သူတို့ဘာသာ သူတို့ စကားတွေပြောနေကြဆဲ။ ကျွန်တော့်မှာသာ သူတို့စကားသံများနှင့် ဝေးသွားလိုက်၊ နီးလာလိုက်နှင့် မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေသည်။

မဟုတ်ဘူး။ဟေ့ကောင် မြန်မြန်ထစမ်း၊ စတွေ့ကတည်းက အရှုံးပေးပြီး ငြိမ်ခံနေရင် မင်း တစ်သက်လုံးဒုက္ခရောက်လိမ့်မယ်။ သည်းမခံနဲ့။ ထ… သွားတော့။ သို့သော် ကျွန်တော် မထနိုင်။ တင်ပါးအောက်တွင် ဆယ်ပိဿာအလေးကြီး ချိတ်ဆွဲထားသည့်အလား တစ်စက်မျှမလှုပ်နိုင်။ ထသွားလိုက်ပါက တစ်ခုခုကို ဆုံးရှုံးသွားမည်ဟု ကြောက်နေမိသည်။

သွားပြီ ငါ့ကောင်။ မင်းတော့ သွားပြီ။ ခံပေတော့။ တစ်ဘဝလုံးစာ ခံပေတော့။ ဟာ… တစ်ဘဝလုံး ဟုတ်လား။ ရယ်စရာကြီးပါလား။ ခူးခူးကဖြင့် ငါ့ကို စိတ်ဝင်စားဖို့နေနေသာသာ အဖက်တောင်မလုပ်ဘူး။ သူ့ပုံစံက ယောကျ်ားလေးတွေကို စိတ်ရောဝင်စားရဲ့လား မသိဘူး။ ရယ်ရတယ်။ တကယ့်ဟာသပဲ။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့… လူကြီး၊ ခင်ဗျားတစ်ယောက်တည်း ဘာတွေရယ်နေတာလဲ'

ခူးခူးက ကျွန်တော့်ပေါင်ကိုပုတ်၍ မေးသည်။ ဟိုသုံးကောင်ကလည်း ပြုံးစိစိနှင့် ကြည့်ကြသည်။

'နောက်မှ ဖုန်းဆက်လိုက်ဗျာ၊ ဒီမှာ ဒီကောင်တွေနဲ့ အင်တာနက်ဆိုင်သွားပြီး ဖေ့ဘွတ်(Facebook)ပေါ်က ခူးရိုက်ထားတဲ့ ပုံတွေကို လိုက်ပြလိုက်ဦးမယ်၊ ကြွေသွားအောင်လို့၊ တာ့တာ'

'ဟောဗျာ'

ကျွန်တော်တစ်ယောက်တည်း ထပြန်ဖို့အရေး တွေဝေနေတုန်းမှာပဲ ခူးခူးနှင့် ဟိုသုံးကောင်က ထထွက်သွားသည်။ ဆိုင်ထဲတွင် တစ်ယောက်တည်းကျန်ခဲ့သည်။ စကားတစ်ခွန်းမှ မပြောလိုက်ရ။ ကျွန်တော့်ခေါင်းပေါ်မှ ပန်ကာအိုကြီးကတော့ အိပွဲ အိပွဲလည်နေဆဲပင်။

❖

www.burmeseclassic.com

www.burmeseclassic.com

# (၃)

ဟိုကောင်တွေစကားကို အကြွင်းမဲ့လက်ခံလိုက်ရပြီ။ နဂါးမလေး ဆိုတာ။ တကယ်ပဲ ခူးခူးပုံစံက လုပ်ချင်ရာလုပ်ကာ ထင်ရာစိုင်းမည့်ပုံ။ ဒါကြောင့်သာ သူ့ကို ပုရိသတိုင်းက လက်ရှောင်နေကြခြင်းဖြစ်မည်။

စဉ်းစားစရာတွေ ဖြစ်လာပြီ။ ဒီလိုမိန်းကလေးတစ်ယောက်ကို တစ်ဘဝစာလက်တွဲဖို့ ဖြစ်နိုင်ပါ့မလား။ အေးအေးလူလူနေတတ်သည့် ကျွန်တော့်အသိုင်းအဝိုင်းကရော လက်ခံပါ့မလား။ သမီးရည်းစားဖြစ်ပါပြီတဲ့ ထားဦး။ တွဲလာတာကြာလာတော့မှ ခင်ဗျားနဲ့တွဲရတာ ပျင်းလိုက်တာဗျာ ဆိုပြီး ဖြတ်သွားလျှင် ဘယ့်နှယ်လုပ်မည်နည်း။

ဝေဒနာဆိုသည်မှာ မဖြစ်ခင်က ကြိုတင်ကာကွယ်ရမည်။ ဆူး ဆိုသည်မှာ အသားထဲနစ်မဝင်ခင် ဆွဲနုတ်ပစ်ရမည်။ ခူးခူးကို မေ့ပစ်ရမည်။

သို့သော် မရ။ အချိန်ပြည့်သတိရနေသည်။ ခူးခူးဖုန်းနံပါတ်ကို နှိပ်မိသည်မှာ အကြိမ်ကြိမ်။ မနည်းအားတင်း၍ ဖုန်းကိုပြန်ပိတ်ထားလိုက်ရသည်။ ထို့ကြောင့် မေ့မေ့ပျောက်ပျောက်ဖြစ်ရန် ယုဇနပလာဇာရှိ ဖက်ရှင်ဆိုင်သို့ နေ့တိုင်းသွားသည်။ နယ်အမှာတွေကို ကိုယ်တိုင် စနစ်တကျကြီးကြပ်သည်။ ကုန်သည်အသစ်တွေနှင့် ဆက်သွယ်သည်။ တရုတ်နယ်စပ်တွင် ဒီဇိုင်းအသစ်တွေက နေ့စဉ်လိုလိုပေါ်နေသည်။ ဖက်ရှင်ကို မျက်ခြည်ပြတ်ခံ၍ မဖြစ်။ ပစ္စည်းအသစ်တွေ မှာရသည်။

ဆိုင်အခြေအနေမှာ မဆိုးလှ။ လူငယ်ထုကြားထဲတွင် Double Eye Fashion ဟူ၍ နာမည်ရစပြုလာပြီ။ နယ်ဖောက်သည်ဆိုင်တွေလည်း

www.burmeseclassic.com

www.burmeseclassic.com



အတော်အသင့်ရှိလာပြီ။ သို့သော် ပလာဇာတွေ၊ စူပါမားကက်အသစ်တွေကလည်း ရန်ကုန်မြို့အနှံ့တွင် တစ်ခုပြီးတစ်ခု ဖွင့်နေကြသည်။ မိမိဆိုင်နာမည်ကျမသွားအောင် ဆိုင်ခွဲအသစ်တွေ တိုးချဲ့ဖွင့်လှစ်ဖို့လိုသည်။ ဖွင့်ရန်လည်း ပစ္စည်း ငွေကြေး အစစအရာရာ အဆင်သင့်ပေ။ အဆင်သင့်မဖြစ်တာက ကျွန်တော်။

ခူးခူးကို အတင်းမေ့ဖို့ကြိုးစားရင်း အလုပ်လုပ်နေတာဖြစ်သဖြင့် အလုပ်ထဲတွင် ရာနှုန်းပြည့် စိတ်မပါ။ တစ်ခါတလေ ဂဏန်းပေါင်းစက်ဖြင့် စာရင်းတွက်နေရင်းနှင့် ခူးခူးဖုန်းနံပါတ်ကို မှားနှိပ်မိတာမျိုးတို့၊ ဆိုင်ရှေ့မှ ဆံပင်တိုတိုနှင့် ကောင်မလေးတွေ ဖြတ်သွားတိုင်း ခူးခူးအမှတ်ဖြင့် လိုက်ကြည့်မိတာမျိုးတို့၊ စကားပြောရင်းနှင့် ခူးခူး လက်စွဲစကားဖြစ်သည့် ‘မုန်းစရာကြီး’ဟု အမှတ်မထင် ယောင်ပြီးပြောလိုက်မိတာမျိုးတို့။

ဘယ်လိုလုပ်ရပါ့မလဲ ခူးခူးရယ်။

မှတ်မှတ်ရရဆိုလျှင် ခူးခူးနှင့် အဆက်အသွယ်မလုပ်တာ ‘လ’ ခုနစ်ခါဝင်၍ ‘နေ’ခြောက်ခါထွက်ပြီးသကာလတွင်...

ကျွန်တော့်မျက်လုံးကိုတောင် ကျွန်တော် မယုံနိုင်။ ဆိုင်ထဲသို့ တန်းတန်းမတ်မတ်ဝင်လာသည့်သူမှာ ခူးခူး။ သူ့ခရမ်းရောင်ရာဘာဖိနပ်သံ တဖျတ်ဖျတ်အောက်တွင် ကျွန်တော့်နှလုံးခုန်သံလည်း စည်းချက်ညီညီ ကျယ်လောင်လာသည်။

‘ဟော့... ဘူဇွာကြီး၊ ဘာလဲ... ဆိုင်ရောင်းမကောင်းလို့ ညစ်နေတာလား’

ထုံးစံအတိုင်း ခူးခူးက သွက်သွက်လက်လက်နှုတ်ဆက်သည်။

‘ကိုယ့်ဆိုင်ကို ဘယ်ကနေ ဘယ်လိုသိ’

‘ဟာဗျာ... ခင်ဗျားကြီးက ခူးကို တယ်အထင်သေးတာကိုး၊ ခင်ဗျားဆိုင်မှ မဟုတ်ဘူး၊ အိုဘားမားရဲ့ကြီးတော် ဘယ်ဆေးရုံမှာ ကလေး မွေးသလဲဆိုတာတောင် ခူး သိချင်ရင် အလွယ်လေး’

ခူးက ခပ်သွင်သွင်ပြန်ပြောနေသည်။

‘ထိုင်ဦးလေ’

www.burmeseclassic.com

www.burmeseclassic.com



'နေဗျာ… မထိုင်ချင်ဘူး၊ အပေါ်ထပ်မှာ အအေးလေးဘာလေး သွားသောက်ရအောင်၊ တိုက်မယ်မဟုတ်လား'

ခူးက ကျွန်တော့်စကားပြန်ကိုတောင် မစောင့်။ သူ့ဘာသာမေးပြီး ချာခနဲလှည့်ထွက်သွားသည်။ အပြင်သွားလိုက်ဦးမယ်ဆိုပြီး ဆိုင်ထဲက ကောင်လေးတစ်ယောက်ကို မှာပြီး ခူးနောက်သို့ အမြန်လိုက်သွားလိုက်ရသည်။ ဆိုင်က ဝန်ထမ်းတွေကတော့ တည်တည်ငြိမ်ငြိမ် အစဉ်နေတတ်သည့် သူတို့သူဌေး၏ ပျာယီးပျာယာပုံကိုမြင်ကာ အချင်းချင်း အတင်းတုပ်နေကြမည်မှာ ဧဒင်မေးရန်ပင် မလို။

မုန့်ဆိုင်တန်းသို့ရောက်သည့်အခါ ကျွန်တော်ထိုင်နေကျဆိုင်ရှေ့တွင် ထိုင်လိုက်သည်။

'ထ… ထ… ဒီဆိုင်မှာ မထိုင်ချင်ပါဘူး'

ခူးခူးက ပျာပျာသလဲနှင့် တစ်ဖက်ခြမ်းမှ ဆိုင်သို့ခေါ်သည်။ အနားရောက်လာတော့မှ ထသွားသည့် ကျွန်တော်တို့ကိုကြည့်ကာ စားပွဲထိုးကောင်လေးမှာ ယောင်နနနှင့် ကျန်ခဲ့ရသည်။

'ဘယ်လိုဖြစ်တာလဲ ခူးရာ၊ ဟိုမှာ အားနာစရာကြီး'

'ဟာ… ခင်ဗျားကလည်း ဘာသိလို့လဲ၊ ခုနက ဆိုင်နာမည်ကြီး ကိုလည်း ကြည့်ဦးလေ'

'Lover လေ၊ ဘာဖြစ်လို့လဲ၊ မြန်မာလိုဆိုရင် ချစ်သူပေါ့၊ မလှဘူးလား၊ ဪ… ဘာလဲ ခူးက ကိုယ်နဲ့ ဒီဆိုင်မှာထိုင်နေတာကို တခြားကောင်လေးတွေမြင်သွားရင် အတွဲတွေလို့ အထင်ခံရမှာစိုးလို့လား'

'အဓိပ္ပာယ်မရှိတာ၊ တောက်တီးတောက်တဲ့'

ခူးခူးက မျက်နှာကိုရှုံ့မဲ့ရင်း ငြင်းသည်။

'ဘယ်သူ ဘာထင်ထင် ခူးက ဘယ်တော့မှ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူး၊ အခုဟာက ဆိုင်နာမည်ကြီးကို ရွံလွန်းလို့၊ တကယ်တော့ Lover ဆိုတဲ့အဓိပ္ပာယ်က ချစ်သူမဟုတ်ဘူး'

'ဟုတ်ပါတယ်'

'အို… မဟုတ်ပါဘူးဆို'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ချစ်သူမဟုတ်ရင် ဘာလဲ'

'မသေချင်း မှတ်ထား၊ Lover ဆိုတာ ဟိုဟာ ဒီဟာ ဆက်ဆံရုံ သက်သက် Partner (အဖော်)ကိုပြောတာ၊ လုံးဝအချစ်မပါဘူး'

'ဟောဗျာ… တကယ်'

ခူးခူးက သေချာပါတယ်ဆိုတဲ့သဘောမျိုးနဲ့ ခေါင်းညိတ်ပြသည်။ ကျွန်တော်ကတော့ သူပြောသလို တစ်ခါမှမကြားဖူးပေ။

'အဲဒီ Lover ဆိုတဲ့ နာမည်ကြီးကိုလည်း မုန်းတယ်၊ ကမ္ဘာကြီးပေါ်က အချစ်မပါတဲ့ အာသာပြေရုံသက်သက် ဆက်ဆံရေးတွေကိုလည်း မုန်းတယ် သိလား၊ အဓိပ္ပာယ်သေသေချာချာမသိဘဲ နာမည်လျှောက်ပေးကြတဲ့ ဆိုင်ရှင်တွေကလည်း မုန်းစရာကြီးတွေပဲ'

အမုန်းတွေ အတော်များနေပြီနော်လို့ နောက်မလို့ပြင်တုန်း အအေးပုလင်းများ လာချပေးသဖြင့် ဘာမှမပြောလိုက်ရ။ စကားစများပြတ်သွားကာ အအေးသောက်ကြသည်။

'ဟိုးတစ်နေ့က စိတ်ကောက်သွားတာလား'

အအေးပုလင်းဘေးသို့ သူ့ကျောပိုးအိတ်ကို ပစ်တင်လိုက်ရင်း ခူးခူးက ကျွန်တော့်ကိုမေးသည်။

'ဘာကိစ္စနဲ့ စိတ်ကောက်ရမှာလဲ'

ကျွန်တော် လိမ်ကြည့်သည်။ မရပါ။ ခူးခူးဆိုတာ ပါးလိုက်တာမှ လွန်လို့။

'တော်ပါဗျာ… လူတွေမျက်နှာကို ဓာတ်ပုံလိုက်ရိုက်နေတဲ့သူပါဗျ၊ လူတွေရဲ့စိတ်ကို သိပ်သိတာပေါ့၊ စိတ်မဆိုးဘဲ ဘယ်နေပါ့မလဲ၊ ဆိုးသင့်တာပေါ့၊ ဟုတ်ဘူးလား'

ကျွန်တော်ကတော့ ခူးခူးနှင့် ဆန့်ကျင်ဘက်ပင်။ ထူလိုက်တာမှ အတုံးလိုက် အတစ်လိုက်။ အခုပဲကြည့်လေ။ ခုနက စိတ်မကောက်ဘူးဟု ငြင်းခဲ့ပေမယ့် အခုကျတော့ 'အင်း' ဆိုပြီး စိတ်ဆိုးခဲ့ကြောင်း ခေါင်းညိတ်ဝန်ခံမိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ထားပါတော့ဗျာ… ဒီရက်ပိုင်းအတွင်း ခူးဆီကို ခင်ဗျား ဖုန်း မဆက်ချင်ဘူးလား'

ဘာပြောကောင်းမတုန်း။ ဆက်ချင်လိုက်တာမှ ဒလဟိုဘက်ကမ်းတောင် လွန်နေသေး။ ဒုတိယံမိ 'အင်း'ဟူ၍ ခေါင်းညိတ်မိပြန်သည်။

'ဒါနဲ့များ တစ်ခါလောက်ဆက်လိုက်တာမဟုတ်ဘူး၊ မုန်းစရာကြီး'

ပြောပြီးတာနှင့် သူ့ရှေ့ရှိ ကိုလာပုလင်းလေးကို ဘာမှမဆိုးထားသည့် နှုတ်ခမ်းလေးနှင့် တစ်ကျိုက်တည်းစုပ်ကာ အကုန်သောက်ပစ်လိုက်သည်။ ပြီးတော့မှ ခေါင်းလေးပြန်မော့လာကာ-

'ထူးတော့ ထူးသားဗျ၊ ခူးလည်း ခင်ဗျားကြီးဆီ ဖုန်းဆက်ချင်နေတာ၊ ဒါနဲ့ မထူးပါဘူးဆိုပြီး ခင်ဗျားအလုပ်ကို စုံစမ်းပြီး လိုက်ခဲ့ရတာပဲ'

ကျွန်တော် ဘာဆက်ပြောမလဲဟူ၍ စောင့်ပေးလိုက်သည်။ သို့သော် မချောက ဘာမှဆက်မပြော။ စကားဝိုင်းသည် တိတ်ဆိတ်သွားကာ ခဏကြာတော့မှ…

'အဲဒီတော့'

ဆိုပြီး ကျွန်တော်က စကားထောက်ပေးကြည့်သည်။ သို့သော် ခူးက ဘာမှဆက်မပြော။ အအေးပုလင်းထဲမှ ပိုက်ကိုဆွဲထုတ်ကာ တစ်ရစ်ချင်းလိမ်နေသည်။ အလယ်တွင် နေရာလွတ်သေးသေးလေး ကျန်တော့မှ ကျွန်တော့်မျက်နှာရှေ့သို့ကပ်၍ တောက်ခိုင်းသည်။

'ဖောင်း'

ပိုက်ကလေးပေါက်ပြဲကာ အသံအကျယ်ကြီး မြည်သွားသည်။

'ခင်ဗျားကို ချစ်နေမိပြီထင်တယ်'

'ဘာ…'

'ဟုတ်တယ်၊ ခင်ဗျားကို ချစ်တယ်'

'ဘာ…'

ကျွန်တော့်နားကိုပင် ကျွန်တော် မယုံနိုင်။ တဘာသာတည်းဘာကာ အကြိမ်ကြိမ်မေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာဗျာ… ခင်ဗျား တော်တော်ထူတာပဲ၊ ထပ်မပြောတော့ဘူး၊ ခင်ဗျားကို ချစ်တယ်၊ ချစ်တယ်၊ တော်ပြီ'

ကျွန်တော့်ခန္ဓာကိုယ်ကြီး လေထဲမြောက်သွားသလို ခံစားလိုက်ရသည်။ မဟုတ်ဘူး။ ကရိန်းကြီးနှင့် အထပ်နှစ်ဆယ်လောက်အမြင့်ကို မသွားပြီး အောက်ကို ပစ်ချခံလိုက်ရသလိုမျိုး။ ရင်ဘတ်ထဲတွင် လှပ်ခနဲအေးသွားသည်။ ဘေးဝိုင်းက လူများကလည်း ကျွန်တော်တို့ကို ပြုံးစိစိနှင့် ကြည့်နေကြသည်။ ကျွန်တော်က ရှက်ရှက်နှင့်…

'ဟုတ်ပါပြီ၊ ရပါပြီ ခူးခူးရယ်'

ဟုပင် ပြောယူရသည်။ ခူးခူးကတော့ ပတ်ဝန်းကျင်ကို လုံးလုံးဂရုမစိုက်။ ပီဘီကလေးလေးအလား တခစ်ခစ်ရယ်နေသည်။

'ကဲ… အဲဒါပါပဲဗျာ၊ ခင်ဗျားကို ပြောချင်လွန်းလို့ လာပြောတာ၊ သွားလိုက်ဦးမယ်'

'ဟာ… နေဦးလေ'

ထထွက်ရန် ကျောပိုးအိတ်ကို လှမ်းယူနေသည့် ခူးခူး၏လက်ကို ဖမ်းဆွဲလိုက်သည်။ ကြည့်စမ်း… ကောင်မလေးရဲ့လက်ဖဝါးတွေ အေးစက်နေပါလား။ ဟုတ်ပါရဲ့။ တကယ်တော့ သူလည်း ကျွန်တော့်လို ရင်တွေခုန်နေမှာပဲလေ။

'နေပါဦးလား ခူးရယ်၊ အခုမှ ပူပူနွေးနွေး ရည်းစားဖြစ်ကာစပဲ ရှိသေးတာကိုး'

'ကျွတ်… အဲဒါတွေ ခက်တာပဲ၊ ဘဲလေးတစ်ပွေ ထားလိုက်ပါတယ်၊ သူ့အကြိုက်တွေ လိုက်လျောပေးရတော့မယ်'

ဒီတစ်ခါတော့ ခူး လိမ်နေမှန်း ကျွန်တော် သိပါသည်။ အမှန်တကယ်ဆိုလျှင် သူလည်း ထိုင်ချင်နေမှာပေါ့။ သူ့စကားအတိုင်းဆို ဘဲအသစ်လေးတစ်ပွေနဲ့ပဲဟာ။

စကားသံတွေ ပြန်တိတ်သွားသည်။ ရင်ခုန်သံတွေ ဆူညံဆဲဆိုတာကတော့ ထွေထွေထူးထူး မေးနေစရာတောင် မလို။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ကနေ ဘယ်လိုဖြစ်ပြီး ခူးက ကိုယ့်ကို ချစ်သွားရတာလဲ ဟင်'

ကြည့်စမ်း။ တော့။ ကိုယ့်ဘာသာကိုယ် မေးပြီးမှ ကျိန်ဆဲမိသွားသည်။ အခုလိုအချိန်ဆိုတာ ခူးကို ကျွန်တော်က ဘယ်လောက်ချစ်ကြောင်း ဘယ်လိုသတိတွေရနေတဲ့အကြောင်း တစ်ခုခုပြောပြီး လက်ဖဝါးနုနုလေးကို မသိမသာကိုင်ထားသင့်တာ မဟုတ်လား။ အခုတော့ တရားခံတစ်ယောက်ကိုမေးသလို မေးနေမိသည်။ ကဗျာမဆန်လိုက်တာ။ တခြားမိန်းကလေးတွေဆိုရင် စိတ်တွေဘာတွေ ကောက်သွားနိုင်သည်။ သို့သော် ခူးခူးကတော့ ထိုကဲ့သို့မဟုတ်။

'သိတာပေါ့ဗျ။ ခင်ဗျား ခူးခူးကို ဘီလီယက်ခုံမှာ ခေါ်တောအကြည့်တွေ ကြည့်နေကတည်းက ခူးကို စိတ်ဝင်စားနေပြီဆိုတာ'

'ဟာ… ဘယ့်နှယ် ခေါ်တောကြည့် ကြည့်ရမှာလဲ'

ကျွန်တော် ဖြစ်သွားပုံကိုကြည့်ကာ ခူးက ပန်းလေးတသိမ့်သိမ့် လှုပ်ရင်း ရယ်နေသည်။

'အလကားစတာပါ၊ ဒီလိုဗျ… နံပါတ်တစ်အနေနဲ့ ခင်ဗျားက ခူးကို အတည်ကြံတယ်ဆိုတာ သိတယ်ဗျာ၊ ဘယ်လိုသိလဲတော့ မမေးနဲ့၊ ခူး အလိုလိုသိတယ်၊ ယောကျ်ားတွေနဲ့ပတ်သက်လို့ ကကြီးခခွေးအဆင့် မဟုတ်တော့ဘူး၊ ခူးမှာ သင်ခန်းစာတွေအများကြီးရှိသွားပြီ၊ စကားတစ်ခွန်း ဟလိုက်တာနဲ့ ဘယ်သူဘာဆိုတာ သိပြီးသား'

'ဒါနဲ့များ ခူးရယ်၊ ကိုယ့်ဘက်က ဖွင့်ပြောတဲ့အထိတော့ စောင့်ပါဦးလား'

'စောင့်ရမယ် ဟုတ်လား၊ ဟင်း… ခူးက ဘယ်တော့မှ မစောင့်တတ်သလို ဘယ်တော့မှလည်း မဖုံးကွယ်တတ်ဘူး၊ နောက်ပြီး ယောကျ်ားလေးတွေ ဖွင့်ပြောတာကို စောင့်ရတယ်ဆိုတာ ဘယ်သူတီထွင်သွားတာလဲ မသိဘူး၊ ဒါသက်သက် မိန်းမတွေကို နှိမ်တာဗျ၊ မိန်းမတွေလည်း လူပဲလေဗျာ ၊ချစ်ရင် ချစ်တယ်ပြောခွင့်ရှိရမှာပေါ့၊ ဘာကိုဖုံးကွယ်ရမှာလဲ၊ ဘာလဲ ခင်ဗျားက ခူးဘက်ကစပြောလို့ အထင်သေးနေတာလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… မဟုတ်၊ လုံးဝမဟုတ်ရပါဘူး ခူးရယ်'

စကားပြောနေရင်းမှ ကျွန်တော့်စိတ်ထဲတွင် တစ်ခုခုလွဲနေသည်ဟု ထင်မိသည်။ ဟုတ်ပါရဲ့။ ကြည့်ပါဦး။ ကိုယ့်ရည်းစားကို ပြောနေတာ ခင်ဗျား၊ ခင်ဗျားနဲ့ ဘယ်လောက်နားကြားပြင်းကတ်ဖို့ ကောင်းလိုက်သလဲ။

'ထားလိုက်ပါတော့ ခူးရယ်၊ ကိုယ့်ကိုတော့ ခင်ဗျား ခင်ဗျားလို့ မခေါ်ပါနဲ့လားကွာ'

ကျွန်တော် နည်းနည်းချွဲကြည့်လိုက်သည်။

'ကောင်းပါတယ်ဗျ၊ ခင်ဗျားလို့ ခေါ်ရတာမှ အားရပါးရရှိတာ၊ နောက်ပြီး သူများတွေလို ဖေတော့ မောင်တော့ မလုပ်ချင်ပါဘူး'

'ဟောဗျာ… မှန်းစရာကြီးပါလား'

ခူးခူး၏ လက်စွဲစကားကို ယူသုံးလိုက်သဖြင့် ခူးခူးက တဟားဟားရယ်နေသည်။ ကျွန်တော်လည်း ခူးခူးနှင့်အပြိုင် လိုက်ရယ်နေမိသည်။ အချစ်ဆိုတာ ဘာမဟုတ်တာလေးနှင့်လည်း ထိုကဲ့သို့ ပျော်ရွှင်ရယ်မောဖွယ် ကောင်းနေပြန်တော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com

(က)

www.burmeseclassic.com

www.burmeseclassic.com

ကားမှန်ပြတင်းပေါက်မှ လေပူကြီးများက မျက်နှာသို့တိုးဝှေ့နေ၏။

လေဒဏ်ကြောင့် ပွလွင့်လာသည့် ခူးခူး ဆံနွယ်များမှ ခေါင်းလျှော်ရည်နံ့ ချိုမြမြလေးက ကျွန်တော့်အာရုံကြောများကို ယစ်မူးစေ၏။

ကြည့်စမ်း။ ဆံပင်တွေ တော်တော်ရှည်နေပါရောလား။ ခူးခူးက ဘယ်တော့မှ ဆံပင်ရှည်မထားခဲ့။ အခုတော့ ပြောင်းလဲသွားလေပြီ။ ဆံပင်တစ်ခုတည်းတင် မဟုတ်ပါဘူးလေ။ တော်တော်များများ ပြောင်းလဲသွားခဲ့တာပဲ။ အစဉ်သဖြင့် တက်ကြွလန်းဆန်းနေသော ခူးခူးသည် အခုတော့ တည်ငြိမ်တွေဝေနေတတ်ပြီ။ အရင်လို စိတ်ထဲရှိသည့်အတိုင်း ဟောဟော ဒိုင်းဒိုင်း မပြောတော့။ စကားကို ချင့်ချင့်ချိန်ချိန်ပြောလာသည်။ အသိသာဆုံးအချက်မှာ ကျွန်တော့်အပေါ် ဆက်ဆံရေးပင်။ နွေးနွေးထွေးထွေးမရှိတော့။ အေးစက်စက်နှင့် တစ်ခုခုလိုနေသလို ခံစားနေရသည်။

ဘာဖြစ်လို့လဲ။

ကိုယ် ဒီလောက်အထိ မင်းအပေါ် ဖြည့်ဆည်းပေးခဲ့တာပဲလေ။

ဘာဖြစ်လို့

ရက်ရက်စက်စက်ထားခဲ့နိုင်တာလဲ။ နိုင်ငံခြားက မင်းကောင်က ကိုယ့်ထက် ဘာတွေသာနေလို့လဲ။

ထိုအချိန်တွင် ခူးခူးသည် ထိုင်နေရင်းနှင့် လက်အုပ်လေးချီလိုက်သည်။ ချစ်သူသက်တမ်းတစ်လျှောက်တွင် ထိုကဲ့သို့ လက်အုပ်ချီဘုရားရှိခိုးခြင်းမျိုးကို တစ်ခါမျှမမြင်ဖူးခဲ့။ ဒါ ပထမဆုံးအကြိမ်ပင်။ ခူးခူး ဖူးမြော်ရာသို့ ကြည့်လိုက်သည့်အခါ…

www.burmeseclassic.com

www.burmeseclassic.com



'အို...'

ရွှေတိဂုံစေတီတော်ကြီး။ နေရောင်အောက်တွင် မျက်စိကျိန်းလောက်အောင် စူးရှလင်းလက်တောက်ပနေ၏။ ဝင့်ဝါသပ္ပာယ်လိုက်ခြင်း။ ကားမောင်းနေသဖြင့် ခူးခူးကဲ့သို့ လက်အုပ်မချီနိုင်သော်လည်း ရင်ထဲမှ စူးစူးနစ်နစ် သစ္စာပြုတိုင်တည်လိုက်သည်။

'တပည့်တော်၏ စစ်မှန်သောမေတ္တာတရားကြောင့် ခူးခူးနှင့် တစ်ဘဝလုံး လက်တွဲရပါလို၏'

❖

www.burmeseclassic.com

www.burmeseclassic.com

(၄)

'ဂျီဂျီ… ဂျီဂျီ… ဂျီဂျီ… ဂျီဂျီ'

လက်ကိုင်ဖုန်း၏ တုန်ခါသံကြောင့် လူးလဲထလိုက်သည်။ ခုတင်ဘေးမှ နာရီကို ကြည့်လိုက်တော့ 3:00 A.M။ ဒီလောက်အိပ်ကောင်းနေတဲ့အချိန်ကို ဖုန်းဆက်နေတာ ဘယ်သူပါလိမ့်။

'ခူး'

ခူး အိမ်ဖုန်းနံပါတ်ဖြစ်သည်။ စိတ်ထဲ၌ ထင့်သွားသည်။ အချိန်မတော် ဘာများဖြစ်လို့ပါလဲ။

'ဟယ်လို…'

'အိပ်ပုပ်ကြီး… ထသေးဘူးလား'

ခူး၏ အသံစာစာလေးကို ကြားရသည်။

'ဒီအချိန်ကြီး ဘယ်သူကထမှာလဲ၊ ဒါနဲ့ ခူး ဘာများဖြစ်လို့လဲ'

'ခူးလေ အိပ်မက်မက်ပြီးတော့ ပြန်အိပ်လို့မရတော့ဘူး၊ နောက်ပြီးတော့မနက်ကျရင် ရွှေတိဂုံဘုရားကိုလည်း သွားချင်လို့ လိုက်ပို့ပါလားဟင်'

'အင်း… ကောင်းသားပဲ၊ သွားတာပေါ့၊ ဘယ်နှနာရီလောက်လဲ'

'ခြောက်နာရီ၊ ပထမဆုံးတွေ့တဲ့ ဘိလိယက်ခုံနားကိုပဲ လာခဲ့လေ၊ ခူး အဲဒီရှေ့က စောင့်နေမယ်၊ ဆက်အိပ်တော့ အိပ်ပုပ်ကြီးရေ'

'တူ… တူ… တူ…'

www.burmeseclassic.com

www.burmeseclassic.com



ခူးက ပြောချင်တာပြောပြီး ဖုန်းချသွားသည်။ ကြည့်စမ်း။ တော်တော်ဆိုးတဲ့ကောင်မလေး။ အခုချိန်မှတော့ ကိုးလိုးကန့်လန့်နှင့် ဘယ်လိုလုပ်ပြီး အိပ်နိုင်တော့မှာလဲ။

'ဟဲ့… သား… ဒါက စောစောစီးစီး ဘယ်သွားမလို့လဲ'

'ရွှေတိဂုံဘုရား သွားမလို့ပါ၊ မရောက်တာလည်း အတော်ကြာပြီမဟုတ်လား'

ကျွန်တော်က သိက္ခာရပုဂ္ဂိုလ်ကြီးကဲ့သို့ တည်တည်ငြိမ်ငြိမ်ပြန်ဖြေလိုက်သည်။ ဒါမှ ကျွန်တော့်မေမေက 'အေး… အေး… သာဓုပါကွယ်၊ သာဓု၊ သာဓု' ဆိုပြီး အထင်တကြီးနှင့် ဆုတွေဘာတွေပေးပြီး လွှတ်လိုက်မှာမဟုတ်လား။ သို့သော် မဟုတ်။ ကျွန်တော်ထင်သလို မဟုတ်။

'အေး… အတော်ပဲ၊ မေကြီးလည်း ဘုရားသွားချင်နေတာ၊ ခဏစောင့်ဦး၊ အဝတ်အစားလဲလိုက်ဦးမယ်'

'အဲ…'

'မဟုတ်ဘူး၊ မဟုတ်ဘူး'

အဝတ်အစားလဲရန် အခန်းထဲသို့ဝင်တော့မည့် မာတာမိခင်ကို အတင်းဆွဲထားလိုက်ရသည်။

'မဟုတ်ဘူး၊ ဟိုဟာလေ… သားက ယတြာချေဖို့သွားမှာ၊ အဲဒါ ဗေဒင်ဆရာက တစ်ယောက်တည်းသွားရမယ်လို့ မှာထားလို့၊ မေကြီး လိုက်လို့ အဆင်ပြေမှာမဟုတ်ဘူး'

'ငါ့သားက ဘာအတွက်ယတြာချေမှာလဲ၊ လူပျိုကြီးဘဝက ကျွတ်ဖို့လား'

'ဟာ… မဟုတ်ပါဘူး၊ ဆိုင်အတွက်ပါဗျာ'

'မဟုတ်လည်း ဟုတ်အောင်ဆုတောင်းခဲ့ သားရေ၊ ငါ့သားက တစ်ဦးတည်းသောသားနော်၊ အမေ့မျိုးဆက် မပြတ်ချင်လို့ပါ သားရယ်'

'မေကြီးကလည်းဗျာ'

စကားစကို အမြန်ဖြတ်၍ အိမ်ထဲမှထွက်ခဲ့ရသည်။ ကြာကြာနေရင် အလိမ်တွေပေါ်ကုန်နိုင်သည်။ ကျွန်တော်က ဟန်ဆောင်မကောင်း။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသွားတာကို အခုလိုလိမ်ပြောပြီးသွားတာ ကုသိုလ်ရပါ့မလား။ ဘာဖြစ်လို့ အမှန်အတိုင်းမပြောခဲ့တာပါလိမ့်။ ပိုဆိုးတာက ကိုယ့်ကိုမွေးတဲ့အမေကို ပြန်လိမ်ခဲ့ခြင်းသည် တော်တော်ငရဲကြီးနိုင်သည်။ ဒါပေမဲ့ ဘုရားရောက်လို့ ကောင်းမှုတွေပြုလိုက်ရင် ရမယ့်ကုသိုလ်နှင့် ခုနက ငရဲနှင့် ဘဲစားဘဲချေ ပြန်မဖြစ်ဘူးလား။ ဟာ… မဟုတ်သေးပါဘူး။ ငရဲဆိုတာ ပိုက်ဆံချေးပြီး ပြန်ဆပ်သလို ကျေလို့မှမရတာ။ ဒုက္ခပါပဲဟု ခူးခူးဆီမရောက်မချင်း ကားပေါ်ကို တစ်ယောက်တည်း အတွေးတွေယောက်ယက်ခတ်နေခဲ့သည်။

သို့သော် ထိုအတွေးများသည် ကြာကြာမခံ။ ခူးခူးကို တွေ့လိုက်ရသည့်အခါ ခြင်ရိုက်ဘက်တံနှင့် အရိုက်ခံလိုက်သည့် ခြင်တစ်ကောင်နှယ် အစိတ်စိတ်အမြွာမြွာကွဲကာ ရုတ်ခြည်းလွင့်စဉ်ပျောက်ကွယ်သွား၏။ ကြည့်ပါဦး။ ကိုယ့်ချစ်သူလေးကို။ ထဘီကလေးနှင့် ဘယ်လောက်ကျက်သရေရှိလိုက်သလဲ။ လည်ပင်းမှာ ကင်မရာကြီးဆွဲထားတာတော့ ကိုးလိုးကန့်လန့်နိုင်တာပေါ့။ ဘာပဲဖြစ်ဖြစ် ခူးခူး ထဘီဝတ်တာကို ဤတစ်ခါတည်းသာ တွေ့ဖူးသဖြင့် ငရဲကြီးလည်း တန်တာပဲလေဟု တွေးဖြစ်အောင် တွေးမိလိုက်သေးသည်။

□ □ □

တချို့က ဆုတောင်းရန် လာသည်။ တချို့က မရောက်ဖူး၍ လာသည်။ တချို့က ယတြာချေရန် လာသည်။ တချို့က အမိဌာန်အတွက် လာသည်။ တချို့က တရားထိုင်ရန်အတွက် လာသည်။ တချို့က အပြစ်တွေဆေးကြောရန်အတွက် လာသည်။ တချို့က စိတ်ထွက်ပေါက်အနေဖြင့် လာသည်။ အချိန်တွေပိုနေ၍ ဘုရားရိပ်တရားရိပ်က အေးချမ်းပါတယ်လို့ဆိုပြီး ဦးတည်ချက်မဲ့ လာသူများလည်း ရှိမည်။ ရွှေတိဂုံရင်ပြင်တော်၌ လူစည်ကားစပြုနေပြီ။

ကျွန်တော်ကတော့…

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခူးခူးကို အဖော်အဖြစ်လိုက်ပါရင်း ရင်ပြင်တော်ပေါ်၌ လမ်းလျှောက်နေသည်။ ဒါဆို ခူးခူးကရော…

'မနေ့ညက အိပ်မက်ထဲမှာ ရွှေတိဂုံဘုရားကြီးကို ဖန်လုံးကြီးလိုပဲ တိုးလျှိုပေါက်မြင်လိုက်ရတယ်၊ အရမ်းထူးဆန်းတာပဲ'

ခူးခူးက ဘုရားကြီးကို စူးစူးနစ်နစ်ကြည့်ရင်း ဖြေသည်။

'အိပ်မက်ကလည်းနိုးရော ပြန်အိပ်လို့မရတော့တဲ့အပြင် ဘုရားကြီးဆီကိုလည်း အရမ်းသွားချင်နေတာ၊ အဲဒါကြောင့် ဖုန်းဆက်လိုက်ရတာ'

'သြော်…'

တိတ်တိတ်ဆိတ်ဆိတ်နှင့်ပင် ဘုရားကို လက်ျာရစ်ဖူးမြော်လိုက်သည်။ ကျွန်တော့်မွေးနေ့ထောင့်သို့ရောက်သည့်အခါ ရေသပ္ပာယ်ပြီး ဦးချကန်တော့လိုက်သည်။ ခူးခူးကတော့ ကျွန်တော် ရေသပ္ပာယ်နေပုံကို ဓာတ်ပုံတဖျတ်ဖျတ်ရိုက်နေသည်။ ထို့နောက် စဥ့်ကူးမင်းခေါင်းလောင်းကြီးနားတွင် ခဏထိုင်၍ နားကြသည်။

'တန်ခူးဆိုတော့ စနေသမီးမဟုတ်လား၊ မွေးနေ့ထောင့်ကို မသွားဘူးလား'

ခူးက ဘုရားကြီးကို ထောင့်ပေါင်းစုံမှ ပုံစံအမျိုးမျိုးနှင့် ဓာတ်ပုံရိုက်နေရာမှ ကျွန်တော့်ဘက်သို့ ပြန်လှည့်မကြည့်ဘဲ…

'ဟင့်အင်း… ခူးက စနေသမီးမဟုတ်ဘူး၊ ရာဟုပါ'

'မဟုတ်လည်း ဘုရားလေးဘာလေး ရှိခိုးဦးလေ၊ ခူးပဲ လာချင်တုန်းက အသည်းအသန်'

ခူးက ကျွန်တော့်ကို ပြုံးပြီးကြည့်သည်။ ဓာတ်ပုံတစ်ချက်နှစ်ချက်ရိုက်ပြီး ကျွန်တော့်ဘေးတွင် တင်ပျဉ်ခွေချိတ်၍ ဝင်ထိုင်သည်။

'ခင်ဗျားရော ဘုရားရှိခိုးပြီးပြီလား'

'ဟောဗျာ… ခုနတင် ရှိခိုးနေတာလေ၊ ခူးတောင် ဓာတ်ပုံတွေရိုက်နေသေးတယ်မဟုတ်လား'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ဒါဆို ဘုရားရဲ့ ဘယ်အပိုင်းကိုရှိခိုးတာ

www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ရွှေပြားတွေကိုလား၊ စိန်ဖူးတော်ကိုလား၊ စေတီကြီးကိုလား၊ ဒါမှမဟုတ် ဌာပနာတိုက်ထဲက ဆံတော်မြတ်ကိုလား'

'ဟာ··· အဲလိုမဟုတ်ဘူးလေ၊ ဘုရားကို ရင်ထဲကရည်ရွယ်ပြီး'

'အဲဒါဆိုလည်း ဒီအထိလာနေစရာလိုလို့လား၊ အိမ်ထဲမှာပဲ ရှိခိုးပေါ့'

စကားပြောရ တော်တော်လက်ပေါက်ကပ်တဲ့ ကောင်မလေးပါလား။ ကျွန်တော်လည်း ဘာပြန်ပြောရမယ်မှန်း မသိတော့။ မဟုတ်တာတော့ မဟုတ်သေးတာ အမှန်ပင်။

'ခူးကရော အခု ဘာလာလုပ်တာလဲ၊ ဘုရားရှိခိုးဖို့ မဟုတ်ရင်'

'အိပ်မက်မက်လို့ပါဆိုနေ၊ ပြီးတော့ ဓာတ်ပုံလည်းရိုက်ချင်လို့၊ အဓိကက ဘုရားကို လာတဲ့လူတွေရဲ့ မျက်နှာတွေကို မှတ်တမ်းတင်ထားချင်လို့၊ ဘုရားပေါ်ကို ဘာကိစ္စနဲ့လာကြတာလဲ၊ အေးချမ်းချင်လို့လား၊ လောဘတွေ၊ မောဟတွေ ပျောက်ချင်လို့လား၊ ဒါဆို ဘုရားပေါ်က ယန်းသည်တွေ ဓာတ်ပုံဆရာတွေကျတော့ရော၊ သူတို့က ဘုရားကိုမှီပြီး စီးပွားရေးလုပ်နေရတာ၊ ဘုရားပေါ်ကို နေ့တိုင်းရောက်ပေမယ့် လောဘတွေ မပျောက်ကြဘူး၊ တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင်ရောင်းနေလိုက်ကြတာ၊ ထူးဆန်းတယ်နော်၊ နောက်ပြီးတော့ လုံခြုံရေးဝန်ထမ်းတွေ၊ ဂေါပကကြီးတွေ၊ သူတို့ အရော သာမန်လူတွေထက် ဘုရားနဲ့ပိုနီးလား၊ ပိုဝေးလား၊ သေချာတာက တော့ သူတို့မျက်နှာတွေမှာ ပေါ်နေမှာပဲ'

'ကိုယ့်မျက်နှာကိုကိုယ် ပြန်လိမ်လို့မှမရတာ၊ ဒါကြောင့် အဲဒီ မျက်နှာတွေကို ဓာတ်ပုံရိုက်ချင်တာ'

'ဟောဗျာ··· ခူးက တော်တော်ထူးဆန်းတာပဲ'

ခူးက ကျွန်တော့်ကို ဘာမှဆက်မပြောတော့ပေ။ ကျွန်တော့်နောက်က ခေါင်းလောင်းကြီးကိုသာ တွေတွေကြီးစိုက်ကြည့်နေသည်။

'အဲဒီထက် ထူးဆန်းတာတွေ တွေ့ချင်သေးလား'

'·····'

www.burmeseclassic.com

www.burmeseclassic.com



ခူးခူး ဘာဆက်ပြောမလဲဟု စောင့်ပေးလိုက်သည်။

'အဲဒါ ခူးကိုယ်တိုင် ရှာဖွေတွေ့ရှိထားတဲ့နည်းနော်၊ အရမ်းထူးဆန်းတယ်၊ မျက်စိမှိတ်ထားလိုက်'

'မှိတ်လေ၊ အခုမှိတ်'

'အခုမှိတ်ရမှာ'

'ဩော်… မှိတ်လိုက်ပါဆို'

ခူးခူးပြောသည့်အတိုင်း မျက်စိမှိတ်လိုက်သည်။

'ဟုတ်ပြီ၊ အခုချိန်ကစပြီး အကြားအာရုံကို အစွမ်းကုန်စွင့်ထားပေတော့၊ ပတ်ဝန်းကျင်မှာ ဘာတွေကြားနေရသလဲဆိုတာ သေသေချာချာနားထောင်၊ ပြီးရင် ဟိုးအဝေးကြီးကရော ဘာတွေကြားနေရသလဲလို့ပါနားထောင်'

'ခူး ဓာတ်ပုံခဏသွားရိုက်လိုက်ဦးမယ်နော်၊ ခူး ပြန်မလာမချင်း မျက်လုံးမဖွင့်နဲ့၊ ကြားလား'

ခူးခူးက ကျွန်တော့်နားနားသို့ကပ်၍ ဖွဖွလေးပြောသွားသည်။ ထို့နောက် ခူးစကားအတိုင်း အကြားအာရုံကို အစွမ်းကုန်မြှင့်ထားလိုက်သည်။

အသံတွေ။

စစချင်း ခေါင်းလောင်းထိုးသံ ဒေါင်ဒေါင်ဒေါင်ဟူ၍ ကြားရသည်။ ခွင်၊ ချလင်၊ ချလင်၊ ဒါ ဆည်းလည်းသံ။ နောက်ဆုတ်၊ နည်းနည်းနောက်ဆုတ်၊ ဟုတ်ပြီ ရပြီ 'ဖျတ်'။ ဓာတ်ပုံရိုက်နေသည့်အသံ။ မပြေးနဲ့၊ မပြေးနဲ့၊ ချော်လဲမယ်။ သားသည်မိခင်၏ စိုးရိမ်တကြီးသတိပေးသံ။ နောက်ထပ်ခေါင်းလောင်းထိုးသံ ကြားသည်။ 'ဘုတ်' အရာဝတ္ထုတစ်ခု ပစ်ချလိုက်သံ။ ဘာပစ္စည်းလဲတော့ မသိ။ တဖြည်းဖြည်းနှင့် အသံတွေပိုများလာသည်။ ငှက်တောင်ပံခတ်သံများ၊ လုံခြုံရေးဝန်ထမ်းများ၏ စကားပြောစက်မှ 'ဂျိုလဂျိ'အသံများ၊ ဘုရားစာရွတ်သံ၊ ရွှေသက်နှံများ ကိုယ်တိုင်ကိုယ်ကျကပ်လှူပူဇော်နိုင်ပါသည်။ ဘုရားကပ်ဖို့ ပန်းလေးတွေ ယူသွားပါဦး။ လူသံတွေ၊ ခြေသံတွေ၊ ကလေးငိုသံတွေ။ တစ်ခါမှမကြားဖူးသည့် အသံမျိုးတွေလည်း ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်တုန်းကတော့ ဘုရားရင်ပြင်ဆိုသည်မှာ အင်မတန်တိတ်ဆိတ်သည့်နေရာဟု ထင်ခဲ့သည်။ ယခုတော့ မဟုတ်။ အသံတွေများလွန်းသည်။ မဆုံးနိုင်။

'ဒေါင်… ဒင်… ခွင်… ချလွမ်… ဖျတ်… ဘုတ်… ဝါး… အား… ဒူ… ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းနိုင်ပါသည်'

အသံတွေ မကွဲပြားတော့။ အကုန်လုံး လုံးထွေးလာသည်။ ဘာသံ၊ ညာသံဟူ၍ မခွဲခြားနိုင်တော့။

'ဟိတ်'

ခူးခူးက လက်နှင့်ပုတ်လိုက်တော့မှ မျက်လုံးပြန်ဖွင့်ဖြစ်သည်။

'ပြန်ရအောင်၊ ဒီမှာ ခူးခူးစိတ်ကြိုက်ပုံတွေ ရလာပြီ'

ခူးခူးနောက်သို့ ထလိုက်သွားလိုက်သည်။

'ခူးကို နီးစပ်ရာအင်တာနက်ဆိုင်မှာပဲ ချခဲ့ပေးတော့၊ ပုံတွေ တင်လိုက်ဦးမယ်'

အစတုန်းကတော့ ဘုရားကအပြန်တွင် နှစ်ယောက်အတူတူ တစ်ခုခုစားမည်။ ထို့နောက် ရုပ်ရှင်ကြည့်ချင် ကြည့်။ ဒါမှမဟုတ် ပန်းခြံတစ်ခုခုကိုသွားကာ ချစ်သူနှင့် အတူတူနေမည်ဟု တွေးထားခဲ့သည်။ တခြားချိန်တွင်ဆိုလျှင် အင်တာနက်ဆိုင်ကိုမသွားဖို့၊ ကျွန်တော်နှင့်အတူတူနေဖို့ ပြောဖြစ်ဦးမည်။

အခုတော့…

အင်တာနက်ဆိုင်တစ်ဆိုင်ရှေ့တွင် ကားရပ်ပေးလိုက်သည်။ ခူးနှုတ်ဆက်သည်ကိုပင် ပြန်နှုတ်မဆက်တော့ဘဲ ကားမောင်းထွက်လာခဲ့သည်။ ဆိုင်ကိုလည်း မသွားချင်။ ဘယ်သူနှင့်မှလည်း စကားပြောချင်စိတ် မရှိတော့။

လှိုင်းလေမရှိသည့် ပင်လယ်ပြင်ကဲ့သို့ ငြိမ်ငြိမ်သက်သက်လေးထိုင်ကာ မျက်လုံးနှစ်လုံးကို မှိတ်ထားလိုက်ချင်သည်။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၅)

ထို့နောက်ပိုင်း ခူးခူးနှင့် ဖုန်းပြောရုံမှအပ ထပ်မတွေ့ဖြစ်။ နိုင်ငံခြားမှ ဖေကြီးပို့လိုက်သည့် တစ်မျိုးလုံးတစ်ခွေလုံးစာ လက်ဆောင်ပစ္စည်းများကို လိုက်ဝေပေးနေရခြင်းကြောင့် မအားတာလည်း ပါသည်။ အမျိုးတစ်ယောက်အိမ်ရောက်သွားတိုင်း တစ်နေ့တော့ ကုန်သွားမြဲ။ တစ်နေကုန် စကားမပြောကြ၊ ထမင်းကျွေးကြ၊ ငယ်ငယ်တုန်းက ဓာတ်ပုံတွေထုတ်ပြကြ၊ ရှေးဟောင်းနှောင်းဖြစ်တွေပြောကာ တဝါးဝါး တဟားဟား ရယ်ကြ၊ ကျွန်တော့်ကို မိန်းမ မယူသေးဘူးလားဟု ဓာတ်တိုက်ထားသလို အကုန်လုံးက ဝိုင်းမေးကြနှင့် တော်ရုံနှင့် ထမပြန်နိုင်။

ကျွန်တော်ကတော့ ခူးခူးကို လွမ်းပါသည်။

ထိုကြားထဲ ဆိုင်ကိုမရောက်ဖြစ်။ ဆိုင်ကကောင်တွေက တဂျီဂျီနှင့် ဖုန်းဆက်ခေါ်တော့မှသာ ရောက်ဖြစ်သည်။ ကံဆိုးချင်တော့ ကျွန်တော်ရောက်သွားချိန်တွင် ရှယ်ယာပါထားသည့်သူငယ်ချင်းများ လူစုံရောက်နေကြသည်။

'စာထဲဖတ်ဖူးတာတစ်ခုရှိတယ်ကွ'

ထွန်းလွင်က ကျွန်တော်ဝင်ထိုင်တာနှင့် စကားစလိုက်သည်။

'လုပ်ပါဟ'

ကျန်တဲ့ကောင်တွေက စကားထောက်ပေးသည်။ ဒါဆိုသိလိုက်ပြီ။ ကျွန်တော့်ကို ဖဲ့ကြတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



'ယောက်ျားဆိုတဲ့အမျိုးဟာ သူငယ်ချင်းတွေကို အိမ်ကမယားထက် တောင် ပိုချစ်သေးတယ်ဆိုပဲ'

'ဟုတ်ပါ့မလား ငါ့ကောင်ရယ်၊ တချို့များကျတော့ မိန်းမမြင်တာ နဲ့ ကောက်ကောက်ပါအောင် ထလိုက်သွားလိုက်တာ၊ သူငယ်ချင်းတွေရော၊ စီးပွားရေးတွေရော၊ ဆိုင်တွေရော အကုန်မေ့ကုန်တော့တာပဲ'

ခူးခူး ဆိုင်ကိုရောက်လာသည့်နေ့ကတည်းက ပျောက်သွားသည့် ကျွန်တော့်ကို ရည်ရွယ်၍ သူရလွင်ကပါ ဝင်ဖွဲ့သည်။

'ဟဲ့ကောင်ရဲ့၊ မင်းပြောတာ လူမဟုတ်သောက်ပါဘူး၊ အဲဒီလို ကောက်ကောက်ပါအောင်လိုက်သွားမှတော့ ဟိုအကောင်ဖြစ်နေတော့မှာပေါ့'

ထင်အောင်ကျော်က အတိုင်အဖောက်ညီညီ ဝင်ပင့်သည်။

'ဘယ်အကောင်လဲ'

'ဟိုအကောင်လေကွာ၊ အမြီးလေးရမ်းတန်းရမ်းတန်းနဲ့'

'သေခြင်းဆိုးတွေ'

ကျွန်တော့်ပါးစပ်က ဆဲသံမထွက်မချင်း တစ်ယောက်တစ်ပေါက် စကားနာထိုးနေကြဦးမည်ဖြစ်သဖြင့် စောစောစီးစီး ဆဲထားလိုက်ရသည်၊ ဒါတောင် ဒီကောင်တွေက မဖြုံ။ အားရအောင် တစ်ယောက်တစ်ချွန် တွယ်ကြသေးသည်။ ကိုနိုင် ဝင်တားတော့မှပင် ရပ်သည်။

'မင်းတို့ကလည်းကွာ၊ မြင့်မိုရ်က ရည်းစားတင်မကပါဘူး၊ အိမ် ထောင်တောင်ပြုသင့်နေတဲ့အရွယ်ရောက်နေပြီပဲ'

'မဟုတ်ပါဘူး ကိုနိုင်ရာ၊ ဒီကောင့်လုပ်ပုံကို ကျွန်တော်တို့ မကျေနပ်လို့ပါ၊ ဟိုကောင်မလေး ဆိုင်ကိုလာသွားတဲ့နေ့ကစပြီး ပျောက်သွ လိုက်တာ ဖုန်းလေးတောင် ဆက်ဖော်မရဘူး၊ တမင်အမြင်ကတ်လို့ ပြော ရတာ'

'အေး... မြင့်မိုရ်ကလည်း ဆိုင်ကို ဒီလောက်အကြာကြီး မ မထားနဲ့လေကွာ၊ ဒီဆိုင်မှာ မင်းရှယ်ယာက အများဆုံးမဟုတ်လား'

'ဟာ... မဟုတ်ပါဘူး ကိုနိုင်ရာ၊ ဒီကောင်တွေ ချဲ့ကားပြော တာ၊ အလကား၊ ကျွန်တော့်အဖေ ပို့လိုက်တဲ့ လက်ဆောင်ပစ္စည်းအေ

www.burmeseclassic.com



လှည့်ပတ်ပေးနေရလို့ပါ၊ ဟိုကောင် ထွန်းလွန်နဲ့တောင် လမ်းမှာတွေ့လို့ မှာလိုက်သေးတာပဲ၊ အလကားသက်သက် ခလောက်ဆန် အကောက်ကြံတဲ့ ကောင်းတွေ နားမယောင်လေနဲ့၊ သတိထား'

ကျွန်တော်က သတင်းကြေညာသလိုပြောလိုက်တော့ အကုန်လုံးက တဟားဟားနှင့် မွဲကျသွားသည်။ ပြီးပြီ။ ဒီလောက်ဆို ရပြီ။ ကျွန်တော် မျှော်နေသည့်ကိစ္စနှင့်ပတ်သက်၍ စိတ်ဆိုးကြတော့မည်မဟုတ်။ အစ ကတည်းက စိတ်ဆိုးကြတာမှ မဟုတ်တာ။ ကျွန်တော့်ကို တမင်သက်သက် ကျုပ်နေမှန်း သိပါသည်။

ကျွန်တော်တို့သူငယ်ချင်းလေးယောက်သည် ဒဂုံ (၁)မှာကတည်း က တွဲလာခဲ့ကြခြင်းဖြစ်သည်။ ထွန်းလွန်နှင့် သူရလွင်တို့က ရုပ်ချင်းတစ်စက် မှမတူသည့် အမြွှာညီအစ်ကိုနှစ်ယောက်။ ထင်အောင်ကျော် ပြောသလို ပြောရမယ်ဆိုရင်တော့ အဖေနှစ်ယောက်ကနေ အမြွှာမွေးထားတဲ့ကောင်တွေ လို့ပဲ ပြောရမလိုပင်။ ဘယ်လိုကျိန်ပြောပြော သူတို့ကို အမြွှာလို့ ဘယ်သူမှ မယုံကြ။

ကိုနိုင်ကတော့ ထင်ကျော့်အစ်ကိုဝမ်းကွဲဖြစ်ပြီး ကျွန်တော်တို့ သူငယ်ချင်းတွေအားလုံး၏ မိဘတွေရဲ့ လူယုံတော်။ ကျွန်တော်တို့ကလည်း ကိုနိုင့်ကိုဇန်းပြပြီး လုပ်ချင်ရာလုပ်ကြသည်။ ကိုနိုင်ကလည်း အကြီး တစ်ယောက်ပီပီ ကျွန်တော်တို့ကို ထိန်းထိန်းသိမ်းသိမ်း အနီးကပ်ကြပ်မတ် ပေးသည်။ ဒီဆိုင်၏ ဘဏ္ဍာရေးမှူးလည်း ဖြစ်သည်။

'ဒါနဲ့ မြင့်မိုရ် မင်းကို ငါ တစ်ခုတော့ပြောချင်တယ်'

'ဟုတ်… ပြောပါ ကိုနိုင်ရယ်၊ စကားပလ္လင်ခံနေစရာ မလိုပါဘူး'

'အခု မင်းနဲ့တွဲနေတဲ့ ကောင်မလေးကို ငါသိပါတယ်၊ အမြွှာ မွေးနေ့က ဘီလီယက်ခုံမှာ တွေ့ခဲ့တဲ့ ဆံပင်တိုတိုနဲ့ ကလေးမလေးမဟုတ် လား'

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ကိုနိုင် ဘာပြောချင်မှန်း ကျွန်တော်သိပါသည်။ ခူးခူးက စွာတေးလန်မလေးဖြစ်သဖြင့် သူ့နောက်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်တွင် မကောင်းသတင်းတွေ ပြန့်နေသည်။ တချို့သည် မှန်နိုင်သလို၊ တချို့ဟာတွေက အပိုချဲ့ကားထားတာတွေဖြစ်သည်။

'အေးကွာ… ငါ့ညီလည်း ဆယ်ကျော်သက်အရွယ်မှ မဟုတ်တာ၊ သတိတော့ထားပေါ့ကွာ၊ ပတ်ဝန်းကျင်ကို ဂရုစိုက်စရာမလိုဘူးပဲထားဦး၊ ပတ်ဝန်းကျင်နဲ့တော့ ကင်းကွာလို့မရဘူး မဟုတ်လား'

ကိုနိုင်က ကျွန်တော့်စိတ်ထဲတွင် တွေးထင်နေသည်ကို သိနေသည့် အလား လေပြေလေးနှင့် ပြောသည်။

'ဟုတ်တယ် ငါ့ကောင်ရ၊ မင်းဟာလေးကို နောက်ကွယ်မှာ လူတိုင်းက နဂါးမလေးလို့ပဲ ခေါ်တာ၊ မင်းက အတင်းဂျီကျနေလို့သာ ဖုန်းနံပါတ်ပေးလိုက်ရတာ၊ နည်းနည်းတော့ သတိထားပေါ့ကွာ'

ကျွန်တော့်စိတ်ထဲတွင် အခုဖြစ်နေသည့်ဟာကိုသာ ပြောလိုက်လျှင် အကုန်လုံးက ဝိုင်းဘောကြဦးမည်။ သူတို့က သတိထားဖို့ ချင့်ချိန်ပြောနေချိန်တွင် ကျွန်တော့်စိတ်ထဲမှာ ခူးခူးကို အသည်းအသန်သတိရနေမိသည်။ မတွေ့ရတာ ဘယ်လောက်ကြာနေပြီလဲ။ ဒါကြောင့် 'အေးပါကွာ… မင်းတို့ သတိပေးတာ ကျေးဇူးပါပဲ'ဆိုပြီး စကားနည်းရန်စဲလိုက်ပြီး ဆိုင်အပြင်ကို အမြန်ထွက်၍ ဖုန်းကိုထုတ်လိုက်သည်။

'ဟဲလို…'

'ခူးခူးရှိပါသလား ခင်ဗျာ'

❖

www.burmeseclassic.com

www.burmeseclassic.com

(ဃ)

www.burmeseclassic.com

www.burmeseclassic.com

'ကျီ…'

'တီ… တီ… တီ…'

ဒေါ်သတကြီး ဟွန်းကို ဆက်တိုက်ဖိတီးပစ်လိုက်သည်။ တော်တော်စည်းကမ်းမဲ့တဲ့ကောင်တွေပဲ။ ကားကြီးဆိုပြီး စည်းမဲ့ကမ်းမဲ့ မောင်းနေလိုက်တာ။

အထူးယာဉ်ဘတ်(စ်)ကားကြီးတစ်စီးသည် ကျွန်တော့်ကားနောက်မှ အတင်းကျော်တက်ကာ မှတ်တိုင်ရှေ့သို့ လုဝင်သဖြင့် ဘရိတ်စောင့်နင်းလိုက်ရသည်။ အနီ ဘတ်(စ်)ကားဒရိုင်ဘာကို ကြည့်လိုက်တော့ သူမဟုတ်သလို ခပ်တည်တည်ပင်။ သင်းတို့လက်ချက်နှင့် အသက်ပေးသွားရသည့် အပြစ်မဲ့ပြည်သူတွေ ဘယ်နှယောက်ရှိခဲ့ပြီလဲ။

ဘရိတ်အုပ်မြန်လို့သာပေါ့။ မဟုတ်ရင် မစားသာ။ ဘရိတ်ဒဏ်ကြောင့် ခန္ဓာကိုယ်လေး ရှေ့သို့ငိုက်သွားသည့် ခူးခူးကို စိုးရိမ်တကြီးကြည့်လိုက်သည်။ သို့သော် သူ့ပါးစပ်မှ ဘာသံမှမထွက်။ အရင်တုန်းက ခူးခူးသည် ထိုကဲ့သို့မဟုတ်။ ယခုကဲ့သို့ ရှေ့တွင် ကိုးလိုးကန့်လန့်လာလုပ်ပါက ခေါင်းထုတ်၍ ဆဲတတ်သည်။ ရန်ရှာသည်။ ကျွန်တော့်လက်ကြားမှ အတင်းတိုး၍ ဟွန်းကို တတီတီဖိတီးတတ်သည်။ ခူးခူးကြောင့် ရှင်းခဲ့ရသည့်ပြဿနာများကလည်း မနည်းမနော။

အခုတော့…

တုတ်တုတ်မျှမလှုပ်။ ဘာသံမျှမထွက်။ နောက်ခန်းထဲတွင်ပါလာသည့် ဖိုးသားလေးထံမှသာ အိခနဲအသံထွက်လာသည်။ 'ဖိုးသားလေးဘာမှမဖြစ်ဘူးနော်' ဟု ပြောရင်း နောက်လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသားလေးက မျက်လုံးအဝိုင်းသားနှင့် ကျွန်တော့်ကို ပြန်ကြည့်သည်။ အနည်းငယ်တော့ လန့်သွားပုံရသည်။ ခဏနေတော့ သူ ဘာမှမဖြစ်ဘူးဆိုသည့်ပုံစံမျိုးနှင့် လက်နှစ်ချောင်းထောင်ပြသည်။ ထိုအခါမှ စိတ်အေးရကာ ကားကို ဆက်မောင်းနိုင်တော့သည်။

ကြည့်စမ်း။ ခူးခူးကတော့ ကျွန်တော့်ဘက်သို့ တစ်စက်လေးမျှ ငဲ့စောင်းမကြည့်။ မကြည့်ဆို သူ့စိတ်တွေက ဒီကားပေါ်မှာမှ မဟုတ်ဘဲ။ နိုင်ငံခြားက သူ့အချစ်ဦးဆီမှာ။

'တောက်...'

ဘာကိစ္စနဲ့ သည်းခံနေတာလဲ။ ဖောက်ခွဲလိုက်တော့။ တွဲခဲ့သမျှ ကာလတစ်လျှောက်လုံး မင်းပဲလိမ့်နေအောင်ခံခဲ့ရတာ မဟုတ်လား မြင့်မိုရ်။ ဘာတွေတွေးပြီး ကြောက်နေတာလဲ။ ယောက်ျားပဲကွာ။ တစ်ခုခုလုပ်လိုက်တော့။

ခေါင်းကို ဖြည်းညင်းစွာယမ်းလိုက်သည်။ မဖြစ်သေးပါဘူးလေ။ ကိုယ် အရမ်းချစ်တဲ့သူပဲကိုး။ အဆုံးစွန်ထိ သည်းခံရမှာပေါ့။ အဆုံးစွန်ထိ ပေးဆပ်ရမှာပေါ့။

သူ့အပေါ်မှာ မင်းဘယ်လောက်သည်းခံနိုင်သလဲဆိုတာ အျ သည်းမခံနိုင်လောက်အောင် သည်းခံပြလိုက်စမ်း။

❖

www.burmeseclassic.com

www.burmeseclassic.com

(၆)

'ဟဲလို… ခူးခူးရှိပါသလား ခင်ဗျာ'

'မရှိဘူးကွယ့်၊ သားက ဘယ်သူလဲ'

ခူးခူးပြောဖူးသည့် ကြီးကြီးဆိုတာ ဖြစ်မည်။ တစ်ဖက်မှ နွေးနွေးထွေးထွေးပြန်မေး၏။

'ကျွန်တော် မြင့်မိုရ်ပါခင်ဗျာ'

'သြော်… အေး… အေး… မောင်မြင့်မိုရ်လား၊ ကြီးကြီး သိပါတယ်ကွယ့်၊ ခူးခူးနဲ့ မေတ္တာမျှနေတဲ့ကောင်လေး မဟုတ်လား'

'ဗျာ…'

'သြော်… ဒီလိုကွယ့်၊ ကြီးကြီးနဲ့ ခူးခူးတို့က သူငယ်ချင်းတွေလိုပေါင်းတာ၊ ဘာကိစ္စမဆို ပွင့်ပွင့်လင်းလင်းရှိတယ်၊ အခု မောင်မြင့်မိုရ်တို့ကိစ္စလည်း ခူးခူးက အကုန်ပြောပြီးသား'

တော်တော်မလွယ်တဲ့ ခူးခူးပါလား။ အနီးအနားတွင်ရှိလျှင် စိတ်ရှိသက်ရှိ ဖျစ်ညှစ်ပစ်လိုက်ချင်သည်။ အခုတော့ မျက်နှာပူဖို့ကောင်းလိုက်တာမဟုတ်ပါဘူး။ ဖုန်းပြောနေတာဆိုတော့ နားပူဖို့ကောင်းလိုက်တာ။

'တစ်လက်စတည်း မှာထားရဦးမယ်၊ ခူးကိုလည်း တတ်နိုင်သလောက် သည်းခံပါကွယ်၊ သူက နည်းနည်းဂျစ်ကန်ကန်ကွယ့်'

'ဟုတ်ကဲ့ အန်တီ၊ အဲ… ကြီးကြီး'

'နောက်ပြီး အမြင်မတော်တာရှိလည်း ဆုံးမနော်။ တစ်ခါတလေသူက စိတ်ထင်ရာတွေလျှောက်လုပ်တတ်တယ်၊ ကြီးကြီးက အဲဒိုလိုက်အားမိလို့ပါ'

'ဟုတ်…'

www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သမျှလည်း သည်းသည်းလှုပ်ချစ်လိုက်ပါမည်ဟု ပြော လိုက်သည်။ တကယ်ပြောလို့ ဘယ်ဖြစ်ပါ့မလဲ။ စိတ်ထဲမှ ကျိတ်ပြောရတာ ပေါ့။

'ဒါနဲ့ ခူးခူးက ဘယ်သွားမယ်လို့များ ပြောသွားသေးလဲ'

'အောင်မလေး… ဒီအချိန်ဆို မင်းခူးခူးက ဘိလိယက်ခုံမှာ ရှိရင် ရှိ၊ မရှိရင် ရပ်ကွက်ထဲက ကောင်လေးတွေနဲ့ လက်ဖက်ရည်ဆိုင်မှာ ရှိလိမ့် မှာပေါ့'

'ဗျာ… ကောင်လေးတွေနဲ့ လက်ဖက်ရည်ဆိုင်မှာ'

'သူ့သူငယ်ချင်းတွေပါကွယ်'

'ဩော်… ဟုတ်၊ ကျွန်တော့်ဆီကို ဖုန်းပြန်ဆက်ဖို့ပဲ ပြောပေး ပါနော်၊ ကျေးဇူးပါပဲ'

'အေး… အေး… စိတ်ချ၊ ပြောလိုက်မယ်၊ မောင်မြင့်မိုရ်လည်း အိမ်ဘက်ကို ကြုံရင် ဝင်ခဲ့ပါဦး၊ အဲ… အဲ… မောင်မြင့်မိုရ်ရေ မနက်ဖြန် အပြင်သွားရင် ထီးယူသွားကွယ့်'

'ဗျာ…'

'ဟိုမှာ မင်းညီမလေ မလာစဖူး အလာထူးလို့ အိမ်ကို စောစော စီးစီးပြန်ရောက်လာလို့ မိုးတွေ ဘာတွေ ရွာနေဦးမယ်၊ ရော့… ရော့… ပြောလိုက်ဦး'

'ဟဲလို…'

ကျွန်တော် ကြားချင်နေသည့် ခူးခူး၏အသံ။

'အေး… ဘယ်တွေသွားနေတာလဲ'

'ဒီလိုပါပဲ၊ ခင်ဗျားကြီးကသာ ပျောက်နေတာမဟုတ်လား'

'မဟုတ်ပါဘူး၊ နည်းနည်းအလုပ်ရှုပ်နေလို့'

တစ်ဖက်မှ အသံပျောက်သွားသည်။ ထို့နောက် ဖုန်းခွက်ထဲ ပုရစ်တစ်ကောင်ဝင်နေသကဲ့သို့ တဂျစ်ဂျစ်နှင့် အသံများထွက်လာသည်။ ဖုန်းကို နားနှင့် ခဏခွာကာ ဖုန်းလိုင်းမိလောက်မည့်နေရာရှာ၍ ဟိုဘက် ဒီဘက်လျှောက်နေရသည်။

'ဟဲလို… ဟဲလို… ခူး ကြားလား'

'ရပြီ၊ ကြား…၊ ပြော…'

www.burmeseclassic.com

www.burmeseclassic.com



အသံတွေ ပြတ်တောင်းပြတ်တောင်း ဖြစ်နေသည်။ ပလာဇာထဲမှာက ထိုအတိုင်းပင်။ ဖုန်းကြာကြာပြော၍ မရ။ ကားပါကင်အစွန်းထိထွက်ကာ ပြတင်းပေါက်နားတွင် ရပ်လိုက်တော့မှ တစ်ဖက်ကအသံကို ပီပီသသ ပြန်ကြားရတော့သည်။

'မနက်ဖြန် ခူး အားလားလို့၊ တွေ့ရအောင်'

'မအားဘူး၊ ဓာတ်ပုံရိုက်ဖို့ရှိတယ်'

'တစ်ယောက်တည်းလား'

'အင်း…'

'ဒါဆို ကိုယ်လည်းလိုက်ခဲ့မယ်လေ'

'ဖြစ်ပါ့မလားဗျ၊ ခူးက ဘတ်(စ်)ကားစီးမှာမို့လို့'

'မစီးနဲ့လေ၊ ကားနဲ့လိုက်ပို့မှာပေါ့'

တစ်ဖက်မှ အသံခဏတိတ်သွားသည်။ လိုင်းပြတ်သွားတာလားဟု 'ဟဲလို… ဟဲလို…' လုပ်ရပြန်သည်။ ထိုအခါမှ ခူး အသံထွက်လာပြီး…

'ခူးရိုက်မယ့်ဓာတ်ပုံက ဘတ်(စ်)ကားတစ်စီးကို ဂိတ်စကနေ ဂိတ်ဆုံးထိလိုက်စီးပြီး ရိုက်ရမှာ၊ နောက်ပြီး လူအရမ်းကျပ်တဲ့အချိန်ကို ရိုက်ချင်တာ'

'အင်း…'

'ဒီလိုဗျာ… ရှင်းရှင်းပြောရရင် လူတွေက ဘတ်(စ်)ကားထဲမှာ ပြည့်ကျပ်ညပ်နေရင် ညည်းညူကြ၊ စိတ်ညစ်ကြတယ်မဟုတ်လား၊ အဲဒီအချိန်ရောက်မှ လူတွေရဲ့သရုပ်မှန်ကို မြင်လာရမှာ၊ ယောကျ်ားကြီးတန်မဲ့ မိန်းကလေးတွေနဲ့ ထိုင်ခုံနေရာလုတာမျိုးတို့၊ နှမသားချင်းမစာမနာ လက်သရမ်းတာမျိုးတို့၊ ဘုန်းကြီးတွေ ဘာတွေတက်လာရင် နေရာဖယ်မပေးချင်လို့ အိပ်ငိုက်ချင်ယောင်ဆောင်နေတာမျိုးတို့ပေါ့'

'အင်း… မဆိုးဘူးပဲ၊ စိတ်ဝင်စားဖို့ကောင်းသား၊ ဓာတ်ပုံတွေရဲ့ နာမည်ကိုရော ဘယ်လိုပေးဖို့ စဉ်းစားထားလဲ'

'ဂိတ်စ ဂိတ်ဆုံး'

'အရမ်းကောင်းတာပဲ'

❖

www.burmeseclassic.com

www.burmeseclassic.com

(၇)

အထူးယာဉ်တစ်စီးကို ရွေးကာ ဂိတ်စမှနေ၍ ကျွန်တော်တို့နှစ်ယောက် လိုက်ခဲ့ကြသည်။ အထူးယာဉ်ဆိုတာ မတ်တတ်ရပ်ခရီးသည်မှ မတင်တာဟု ကျွန်တော်က ပြောလိုက်တော့ ခူးခူးက စောင့်ကြည့်ပါဦးဆိုသဖြင့် ငြိမ်ထိုင်နေလိုက်ရသည်။ ခူးခူးကတော့ စထွက်သည်ဆိုတာနှင့် ထိုင်ခုံအလွတ်တွေ၊ ပြတင်းပေါက်တွေ၊ ကားပေါ်မှ သတိပေးစာတန်းတွေကို တဖျတ်ဖျတ်ရိုက်နေသည်။

အမှန်ပဲ။ ခူးခူးစကားက သိပ်မကြာ။

ခုံတန်းအားလုံးတွင် လူပြည့်ကာ မတ်တတ်ရပ်ခရီးသည် တစ်ယောက်စ၊ နှစ်ယောက်စ ရှိလာသည်။ နောက်မှတ်တိုင်တစ်ခုသို့ ရောက်သည့်အခါတွင်တော့ လူအုပ်ကြီးက ဝုန်းခနဲနှင့် ကားပေါ်သို့ စုပြုံတိုးဝှေ့တက်လာကြသည်။ နေရာလပ်မရှိတော့အောင်ပင် ကျပ်ညပ်သွား၏။ ထိုအချိန်တွင် မိန်းမကြီးတစ်ယောက်က ကလေးငယ်လေးကို လက်တစ်ဖက်မှချီကာ အခြားလက်တစ်ဖက်က လက်ကိုင်တန်းကို မမီတမီဆွဲထားသည်။ ခူးခူးက ထိုမိန်းမကြီးကို ဓာတ်ပုံရိုက်သည်။ ကင်မရာသံကြောင့် ထိုမိန်းမကြီးက ခူးဘက်သို့ လှည့်ကြည့်ရာ…

'လာ… လာ… အစ်မကြီး၊ ဒီမှာထိုင်'

ခူးခူးက ထိုင်ရာမှထလိုက်သည်။ ကျွန်တော်လည်း မကောင်းတတ်သဖြင့် ခူးခူးနှင့်အတူ လိုက်ထပေးလိုက်ရသည်။ ထိုအချိန်တွင် စပယ်ယာက အနားရောက်လာပြီး…

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ကဲ… အဝလေးကိုတော့ မပိတ်ကြနဲ့နော်၊ အထဲကို တိုးကြပါ၊ လူတိုင်း အိမ်ပြန်ချိန်ဆိုတာ နားလည်ပေးကြပါ'

ဟူ၍ မတ်တတ်ရပ်ခရီးသည်များကို အတင်းထိုးထည့်နေသည်။ ကျွန်တော်လည်း မရွေ့ရဘဲ အလိုလိုနေရင်း နောက်ဘက်သို့ရောက်သွားသည်။ အထူးကားတွေရဲ့ ထုံးစံအတိုင်း ထိုင်ခုံများကိုချဲ့ထားသဖြင့် မတ်တတ်ရပ်ရသည့်နေရာမှာ ကျဉ်းလွန်းလှသည်။ ထိုနေရာကျဉ်းကျဉ်းလေးကို နှစ်ယောက်ကျောချင်းကပ်ပြီး ရပ်ရသည်ဆိုတော့ စဉ်းစား၍သာကြည့်ပေတော့။ လေထိုးရုပ်လိုသာ လေလျှော့ထားလို့ရရင် လျှော့ထားလိုက်ချင်ရဲ့။ အခုတော့ မလှုပ်သာမလွန့်သာနှင့် တော်တော်နေရကျပ်၏။

ကံဆိုးချင်တော့ ကျွန်တော့်နောက်တည့်တည့်တွင် လာရပ်နေသည့် သူ၏နောက်ကျောမှာ ချွေးများဖြင့်စိုရွှဲနေသည်။ သူ့ကျောနှင့် တစ်ချက် တစ်ချက် ထိသွားလျှင် သူ့ချွေးများက ကျွန်တော့်ကျောသို့ လာ၍ပေသည်။ ထိုသူ့ထံမှပင် ဂျိုင်းချွေးနံ့စူးစူးရှရှထွက်လာသေးသည်။ ကားကလည်း မှတ်တိုင်တွင် အကြာကြီး ရပ်နေသဖြင့် လေဝင်လေထွက်မရှိ။ အသက်ရှူ လိုက်တိုင်း ချွေးနံ့ခါးခါးကြီးက နှာခေါင်းထဲသို့ လှိမ့်ဝင်လာ၏။

တော်တော့်ကို ဆိုးရွားလှသည့်ဒုက္ခ။ အနီးအနားရှိလူများကို လှည့်ပတ်ကြည့်လိုက်တော့ အားလုံးက ပုံမှန်အတိုင်းပင်။ ကျင့်သားအတော်ရနေပြီထင်သည်။ ဆူဆူပူပူ မရှိကြ။

'လာ… လာ… အထဲမှာ အချောင်ကြီးရှိသေးတယ်၊ တက်ကြ၊ တက်ကြ'

ဗုဒ္ဓေါ။ ဒီလောက် ခြေချစရာနေရာမရှိအောင် ကျပ်သိပ်နေတာကို တောင် အချောင်ကြီးရှိသေးတယ်ဆိုပဲ။ အောက်က လူတွေကလည်း တက်လာနေတုန်း။ ခုံးခုံးကိုကြည့်လိုက်တော့ သူ့ကင်မရာကို ထိုင်ခုံနှင့်မပိခစေရန် လက်ကလေးဖြင့် အသာမထားသည်။ မျက်နှာတော့ အတော်ငယ်ပျက် နေပြီ။

'ကင်မရာကိုင်ထားပေးရမလား'

www.burmeseclassic.com

www.burmeseclassic.com



လူ လေး၊ ငါးယောက်ကိုကျော်၍ မေးလိုက်သည်။

'ရတယ်၊ ကားထွက်ရင် ရိုက်ဦးမှာမို့လို့'

နောက်ထပ်လူတစ်အုပ်ထပ်တက်ပြီးတော့မှသာ ကားက မှတ်တိုင်မှထွက်သည်။ ပြတင်းပေါက်ကျဉ်းကျဉ်းလေးမှ လေများတိုးဝင်လာ၍ တော်သေးသည်။ လေဝဝရှူနိုင်ပြီ။ ဒါတောင် တစ်ချက်တစ်ချက် ချိုင်းချွေးနံ့ သာမက အရက်နံ့၊ နေလောင်နံ့၊ ဆေးလိပ်နံ့တို့ရောပြီး မသတီစရာအနံ့ဆိုးကြီး ပေါ်လာတတ်သေးသည်။

'ဟုတ်ပြီ၊ ဟိုဘက်နည်းနည်းတိုး၊ ဟုတ်ပြီ၊ မပြောချင်ဘူးနော်၊ စပယ်ယာတွေရိုင်းတယ်ဖြစ်မယ်၊ အလိုက်တသိကပ်ထားကြ'

စပယ်ယာက ပြောပြောဆိုဆိုနှင့် လူတွေကြားထဲ ဝင်တိုးကာ တစ်ယောက်ချင်းစီကို နေရာချပေးနေသည်။

ခူးခူးက ကိုယ်လေးငဲ့ကာ စပယ်ယာပုံကို မရမကဓာတ်ပုံရိုက်သည်။ သူ့ကိုဓာတ်ပုံရိုက်နေမှန်းသိသည့်အခါ စပယ်ယာ မျက်နှာပျက်သွားသည်။ ဘယ်လိုသဘောပေါက်သွားသလဲ မသိ။ ကျွန်တော်တို့အနားသို့ မလာတော့ဘဲ အပေါက်ဝသို့ ပြန်ထွက်သွားသည်။ နောက်တစ်မှတ်တိုင်ရောက်တော့ လူတွေထပ်တက်လာပြန်သည်။ ဆင်းသူ နတ္ထိ။

'တိုးကြလေဗျာ၊ ဒီအရွယ်ကြီးတွေရောက်မှ ဒီလောက်ပြောနေရသေးလား၊ ဟင်း... ပြီးရင် တိုင်မယ်တောမယ့်သူတွေက ရှိသေးတယ်၊ ကျုပ်ပုံတွေ ဂျာနယ်ထဲပါမလာချင်ဘူးနော်'

စပယ်ယာက ခူးခူးနှင့် ကျွန်တော့်ကို သတင်းထောက်တွေဟု ထင်သွားပုံရသည်။ နောက်မှတ်တိုင်များတွင်လည်း ထိုကဲ့သို့ပင်။ လူတွေတက်လာတိုင်း နောက်ကိုတိုးဖို့ ဂျာနယ်ထဲပါမလာချင်ဘူးနော်ဟုသာ တတွင်တွင်အော် နေသည်။

လူတွေက တိုးလိုက် ဖေ့လိုက်လုပ်နေသဖြင့် ခူးခူးနှင့် ကျွန်တော် တော်တော်ဝေးသွားသည်။ ခူးခူးကတော့ လူအုပ်ကြားထဲမှ မရမကဓာတ်ပုံတွေရိုက်နေဆဲ။ စပယ်ယာကလည်း အော်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ရာအရောက်တွင် ...

အဘွားကြီးတစ်ယောက် တောင်းကြီးပိုက်ကာ တက်လာသည်။ ထိုင်ခုံကနေ ဘယ်သူမှ ထပေးမယ့်ပုံမပေါ်။ အဘွားကြီး၏ အရပ်ကလည်း နိမ့်သဖြင့် အပေါ်တန်းကို မမီတမီဖြစ်နေသည်။ ထို့ကြောင့် ဝင်ပေါက်က တန်းလေးကိုကိုင်၍ ရပ်နေရသည်။ ထိုကဲ့သို့ ဝင်ပေါက်ပိတ်၍ရပ်နေခြင်းကို ကိုရွှေစပယ်ယာက မကျေနပ်။ အဘွားကြီးကို အထဲသို့ဝင်ရန် အော်ငေါက်နေသည်။ အဘွားကြီးကလည်း မဝင်။ ပေ၍ရပ်နေသည်။ ထိုအခါ စပယ်ယာသည် ဒေါသအကြီးအကျယ်ထွက်ကာ အဘွားကြီးကို အော်ငေါက်ဆဲဆို၍ ကားပေါ်မှမောင်းချနေသည်။

ထိုအချိန်တွင် ...

'ဟေ့ကောင် ... မင်းအပေါက်ပိတ်လိုက်စမ်း၊ ဒါ မင်းအဘွားအရွယ်လောက်ရှိတယ်ကွ၊ ရိုင်းလှချည်လား'

ကျွန်တော် မျက်လုံးပြူးသွားရသည်။ ခူးခူးအသံ။ ဘယ်အချိန်က ဘယ်လိုထွက်သွားသလဲ မသိ။ စပယ်ယာနားသို့ ရောက်နေသည်။

'နင်က ဘာလဲ၊ နင်နဲ့ ဘာဆိုင်လို့လဲ'

စပယ်ယာကလည်း ပြန်အော်သည်။

ခူးခူးနှင့် စပယ်ယာနားသို့ အမြန်တိုးဝှေ့ထွက်ရသည်။ တင်ပါးပြုတ်ထွက်ကျန်ခဲ့ရမလား အောက်မေ့အောင် လူတွေကြားထဲမှ တိုးနေရသည်။

'မင်း လူမဟုတ်ဘူးလား ဟေ့ကောင်၊ ဒီကားပေါ်မှာ မင်းထက်အသက်ကြီးတဲ့လူတွေချည်းပဲကွ၊ လူစကားပြော'

'ငါ့ဘာသာငါ ဘယ်လိုပြောပြော နင်မကျေနပ်ရင် ဒီအဘွားကြီးနဲ့ အတူတူဆင်းသွား၊ ဟုတ်တယ်၊ ခုနကတည်းက ကြည့်နေတာကြာပြီ ဒီလောက်လူတွေ ကျပ်နေရတဲ့ကြားထဲ ဓာတ်ပုံရိုက်နိုင်သေးတယ် ဒါ စီးပွားရေးလုပ်နေတာကွ၊ ဘာနားလည်လို့လဲ'

'ဆင်းကွာ ... ဆင်း ... ဆင်း'

www.burmeseclassic.com

www.burmeseclassic.com



စပယ်ယာက ပြောပြောဆိုဆိုနှင့် ခူးခူးလက်ကိုဆွဲကာ ကားပေါ်မှ အတင်းဆွဲချသည်။ ထိုအချိန်တွင် ခူးခူး၏ ကျန်လက်တစ်ဖက်က ဘောင်းဘီအိတ်ထဲကိုရောက်သွားကာ ပြန်ထုတ်လိုက်သည့်အခါတွင်…

လက်ထဲမှာပါလာသည်မှာ မောင်းချဓားတစ်ချောင်း။

'ဖျောက်…'

စပယ်ယာ၏လည်ပင်းကို ထောက်လိုက်သည်။

'ဟဲ့…'

'အို…'

တစ်ချိန်လုံး နှုတ်ဆိတ်နေသည့် ကားပေါ်မှ ခရီးသည်များ၏ အာမေဋိတ်သံများ ထွက်လာသည်။

'ခူး… ခူး မလုပ်နဲ့လေ'

ကျွန်တော့်ကို အနားမလာနှင့်ဆိုသည့်သဘောနှင့် ခူးခူးက လက်ကာပြသည်။

'ညီမလေးရယ်… စိတ်လျှော့ပါကွယ်၊ ဒီကောင်က အပြောအဆို မတတ်လို့ပါ'

အခုကျမှ နောက်စပယ်ယာတစ်ယောက်က ဝင်ပြောသည်။

'အပြောအဆိုမတတ်ရင် တတ်သွားအောင် ဒီကောင့်လျှာကို ဖြတ်ပေးလိုက်ရမလားဟင် ဟေ့ကောင်'

'အမလေး'

'အို…'

ကားပေါ်မှ လူသံများ ထပ်ထွက်လာသည်။ ခူး၏ဓားက စပယ်ယာ၏လည်ပင်းထဲသို့ အနည်းငယ်တိုးလိုက်သည်။

'တောင်း… တောင်းပန်ပါတယ်ဗျာ၊ မ… မလုပ်ပါနဲ့'

စောစောက သူမဟုတ်သည့်အတိုင်း ထစ်ထစ်အအနှင့် စပယ်ယာ အသံထွက်လာသည်။

'မင်း ငါ့ကို တောင်းပန်စရာမလိုဘူး၊ ဒီအဘွားကိုသာ ကျေနပ်အောင်တောင်းပန်လိုက်စမ်း'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်… ဟုတ်၊ တောင်းပန်ပါတယ် အဘွားရယ်'

'ရပါတယ်၊ ကဲ… သမီးရယ်၊ စိတ်လျှော့လိုက်ပါတော့၊ အဘွားလည်း ကျေနပ်ပါပြီ'

'ကဲ… ကျေနပ်လိုက်ပါတော့ နူးရယ်'

ပြောပြောဆိုဆိုနှင့် နူးလက်ထဲမှ ဓားကို အလျင်အမြန်ဝင်ယူလိုက်ရသည်။ ကားမှတ်တိုင်တွင် ဝိုင်းအုံကြည့်နေကြသည့် လူအုပ်ကြားထဲသို့ နူးလက်ကိုဆွဲ၍ ဆင်းလိုက်သည်။

'ဟုတ်တယ်၊ စပယ်ယာဆိုတဲ့ကောင်တွေကို ဒီလိုလုပ်ထားမှ'

'မှတ်ရောပေါ့'

လူအုပ်ထဲမှအသံများ။ နူးနူးကို အထင်တကြီးကြည့်နေကြသည့် မျက်လုံးများ။ နူးနူးကတော့ နောက်သို့တစ်ချက်မှ လှည့်မကြည့်။ ဘောင်းဘီအိတ်ထဲသို့ လက်နှစ်ဖက်ထည့်ကာ ဘာမှမဖြစ်ခဲ့သည့်အတိုင်း စိတ်အေးလက်အေး လမ်းလျှောက်လျက်။

❐ ❐ ❐

'နူး ဘယ်လိုလုပ်လိုက်တာလဲ၊ အရမ်းအန္တရာယ်များတာပဲ'

'… …'

နူးက ဘာမှပြန်မပြော။ ကျွန်တော့်ဘက်သို့လှည့်၍ အသာလေး ပြုံးပြသည်။

'သူတို့မှာလည်း အများနဲ့ဆက်ဆံရတာဆိုတော့ ဒီလိုပဲပေါ့ နူးရယ်၊ လာ… အအေးဆိုင်တစ်ဆိုင်မှာ ထိုင်ရအောင်၊ နူး အရမ်းစိတ်တိုနေလား'

ထိုအခါမှ နူးက ဟက်ဟက်ပက်ပက်ရယ်တော့သည်။

'ခင်ဗျားကလည်းဗျာ၊ နူးပုံကိုကြည့်ပါဦး၊ ဒေါသထွက်နေတဲ့ပုံပေါက်လို့လား၊ ကားပေါ်မှာဖြစ်တဲ့ပြဿနာကို ကားပေါ်မှာထားခဲ့တယ်ဗျ၊ ဘာကိစ္စနဲ့ လမ်းပေါ်ထိယူလာရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကားပေါ်မှာ ထားခဲ့ရမယ်'

'ဟုတ်တယ်၊ အဲဒီလိုမှမဟုတ်ရင် ပူတာပေါ့ဗျာ၊ အခုတောင် ခင်ဗျားပူနေပြီ မဟုတ်လား'

ခူးပြောမှ သတိထားမိသည်။ သူက ဘာမှမဖြစ်တော့။ ဖြစ်နေသည်မှာ ကျွန်တော်။ စိတ်တွေလှုပ်ရှားကာ ရင်ခုန်သံတွေ မြန်နေဆဲ။

'အခု ခူးစိတ်ထဲမှာရှိတာ ဘာလဲသိလား၊ ခူးရိုက်ထားတဲ့ ဓာတ်ပုံတွေကို ပြန်ကြည့်ချင်နေပြီ၊ အင်တာနက်ဆိုင်တစ်ဆိုင်ဆိုင်သွားရအောင်၊ လိုက်ဦးမှာလား'

'ဟာ… ခူး၊ စိတ်မချဘူးကွာ၊ အင်တာနက်ဆိုင်မသွားနဲ့တော့၊ အိမ်ပြန်၊ ကိုယ်လိုက်ပို့ပေးမယ်၊ အိမ်မှာလည်း အခုပုံတွေကို ကြည့်လို့ရတာပဲမဟုတ်လား'

ခူးက နှုတ်ခမ်းလေးကိုကိုက်၍ အတန်ငယ်စဉ်းစားသည်။ ပြီးမှ ခေါင်းညိတ်သည်။ ခူးစိတ်မပြောင်းခင် တက္ကစီတစ်စီး အမြန်တားလိုက်ရသည်။

'ဘယ်လိုလဲ၊ မောနေပြီလား'

'မမော… ဘူး… ရပါတယ်၊ ဟဲ…'

ခူးခူး၏အခန်းသည် လေးလွှာတွင်ဖြစ်၍ အတန်ငယ်တက်ရသည်။ အခန်းတံခါးဖွင့်ဖွင့်ချင်း တွေ့ရသည်မှာ စာရွက်များပြန့်ကျဲနေသည့် ကြမ်းပြင်ကြီး။ ထိုစာရွက်များအဆုံး ထောင့်တစ်ထောင့်တွင်ထိုင်ကာ စိတ်ရှိလက်ရှိ ပုံများဆွဲနေသည့် ကလေးတစ်ယောက်။

'ကြီးကြီးရေ… လာပါဦး၊ ဒီမှာ ဧည့်သည်ပါလာလို့'

အသက်ငါးဆယ်အရွယ် မိန်းမကြီးတစ်ယောက် နောက်ဖေးခန်းထဲမှ ထွက်လာသည်။

'ဒါ… ကိုမြင့်မိုရ်လေ ကြီးကြီး'

'ဩော်… အင်း… ထိုင်ပါ၊ ထိုင်၊ ထိုင်'

'ဟဲ့… ခူး၊ ကလေးကို အခန်းထဲခေါ်သွားစမ်း၊ ရှုပ်ပွနေလိုက်တာ၊ ဧည့်သည်ကို အားနာစရာကြီး'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ခူးမအားဘူး၊ ဓာတ်ပုံတွေကြည့်ရဦးမှာ၊ ကိုမြင့်မိုရ်လည်း ကြီးကြီးနဲ့ စကားပြောပြီးရင် ပြန်တော့နော်၊ တစ်ခါတည်း နှုတ်ဆက်တယ်၊ ပြန်ထွက်မလာတော့ဘူး'

'ဟဲ့… ကြည့်… ကဲ…'

'ကိုမြင့်မိုရ်ရေ… ဒီကောင်မလေးကတော့ အဲဒီအတိုင်းပဲ၊ အအေး သောက်မလား၊ အပူသောက်မလား'

'ဟာ… ရပါတယ်၊ ဒုက္ခမရှာပါနဲ့၊ ရေတစ်ခွက်လောက်ပဲ'

'ဟဲ့… ကောင်လေး ထစမ်း'

ကြီးကြီးက ပုံဆွဲနေသည့် ကလေးလေးကို အတင်းဆွဲကာ နောက် ထဲသို့ခေါ်သွားသည်။ ကလေးလေးကတော့ သူ့ပုံလေးများကို သံယောဇဉ် မပြတ်သည့်အလား လှည့်ကြည့်လှည့်ကြည့်နှင့် ပါသွား၏။

နံရံပေါ်တွင် ဓာတ်ပုံများစွာကပ်ထားသည်။ ခူးခူးလက်ရာတွေ ဖြစ်မည်။ ကြီးကြီး၏ကိုယ်လုံးပြည့်ဓာတ်ပုံမှာ စိတ်ဝင်စားစရာ။ အနီးကပ် ထ၍ကြည့်လိုက်သည်။ သူများတွေကဲ့သို့ ဓာတ်ပုံတစ်ပုံတည်းနှင့် ကိုယ်လုံး ပြည့်ရိုက်ထားခြင်းမျိုး မဟုတ်။ လက်ကိုတစ်ပုံ၊ ခြေကိုတစ်ပုံ၊ ခေါင်းကို တစ်ပုံ၊ ကိုယ်ကိုတစ်ပုံ စသဖြင့် စိတ်ရှည်လက်ရှည် ပုံပေါင်းများစွာရိုက် ထားပြီးမှ တစ်ကိုယ်လုံး ပြန်ဆက်ထားခြင်းဖြစ်သည်။

ဓာတ်ပုံတွေကြည့်နေရင်းမှ လေတစ်ချက်အဝှေ့တွင် ကျွန်တော့် ခြေထောက်ပေါ်သို့ လာတင်သည့် စက္ကူတစ်ရွက်ကို ကောက်ကြည့်လိုက် ရာ…

'အို…'

ဒါ ခုနက ကလေးလေးဆွဲထားတာ ဟုတ်ပါ့မလား။ သတို့သမီး တစ်ယောက်ပုံဖြစ်သည်။ ဂါဝန်ဖားလျားနှင့် အင်မတန်အသက်ဝင်လှသည်။ တခြားပြန့်ကျဲနေသည့်ပုံများကိုပါ လိုက်ကောက်ကြည့်လိုက်သည်။

ကြည့်ပါဦး။ အသက်ဝင်လိုက်တာ။ အရွယ်နှင့်မလိုက်အောင် လက်ရာမြောက်လွန်းသည်။ ထူးဆန်းတာက ပုံတွေအားလုံးသည် သတို့

www.burmeseclassic.com

www.burmeseclassic.com



သမီးပုံတွေချည်းဖြစ်နေသည်။ ဂါဝန်အရောင်တွေ၊ နောက်ခံအရောင်တွေသာ ကွာသွားသည်။

'ဪ… ကိုမြင့်မိုရ်… ဖိုးသားလေးရဲ့ပုံတွေ ကြည့်နေတာလား'

ကြီးကြီးက ရေတစ်ခွက်ကမ်းပေးရင်း မေးသည်။

'ဒါ ခုနက ကလေးလေးဆွဲထားတာ'

'ဟုတ်ပါ့ရှင်… ဖိုးသားလေး ဆွဲထားတာပါ'

'တော်တော်လက်ရာမြောက်တာပါ၊ ဒါနဲ့ ဖိုးသားလေးအသက်က'

'ငါးနှစ်ပါ'

ငါးနှစ်။ ကျွန်တော့်လက်ထဲမှပုံကို ပြန်ကြည့်မိသည်။

'တော်လိုက်တာ'

ခေါင်းတစ်ချက်ခါလိုက်သည်။

'ငါးနှစ်လောက်နဲ့ ဒီလောက်တောင် ဆွဲတတ်နေတာ'

'ဆွဲတတ်သပ မောင်မြင့်မိုရ်ရေ၊ ဒီကလေးက ဟိုးပိစိလေး ကတည်းက သူများတွေလို အရုပ်တွေနဲ့လည်း မကစားဘူး၊ လူကြီးတွေကို လည်း တွယ်တွယ်ကပ်ကပ်မရှိဘူး၊ ဂျီတွေဘာတွေလည်း မကျဘူး၊ အဲ… အခုချိန်ထိလည်း စကားမပြောဘူး'

'စကားမပြောဘူး'

'ဟုတ်တယ်၊ အခုချိန်ထိ စကားမပြောဘူး၊ ငယ်ငယ်ကတည်းက စာရွက်နဲ့ ခဲတံချထားပေးရင် ပုံချည်းလိုမ့်ဆွဲနေတော့တာ'

'ဒါဆို ကျောင်းဘယ်လိုထားမလဲ'

'အဲဒါ ခက်နေတာပေါ့၊ စကားလည်း မပြောသေးဆိုတော့'

'ဪ…'

ဖိုးသားလေးအကြောင်းမှာ စိတ်ဝင်စားစရာ။ သူ စိတ်ညစ်စရာ တွေ့လျှင်၊ စိတ်အခန့်မသင့်တာမျိုးဖြစ်လျှင် သတို့သမီးငိုနေသည့်ပုံတို့၊ မျက်နှာမပါသည့် သတို့သမီးပုံတို့သာ ဆွဲတတ်သည်။ ကိုယ်တိုင်တော့ ဘယ်တော့မှ မငို။ သူစိတ်ရှင်နေလျှင် ပျော်နေပြီဆိုလျှင် သတို့သမီးကို

www.burmeseclassic.com

www.burmeseclassic.com



ပန်းခြင်းတွေနှင့် ရောင်စုံပူပေါင်းတွေနှင့် လှလှပပဆွဲတတ်သည်။ ဟာက် ဟာက်ပက်ပက် မရယ်တတ်။ သို့သော် ငယ်စဉ်ကတည်းက စွဲစွဲမြဲမြဲ ဆွဲသည်ကတော့ သတို့သမီးပုံ တစ်ပုံတည်းသာဖြစ်သည်။

'ဒါဆို တခြားပုံတွေရော မဆွဲဘူးလား'

'တစ်ခါတလေတော့ ဆွဲပါတယ်၊ ဒါပေမဲ့ တော်တော်နည်းတယ်'

ထို့နောက် ကြီးကြီးနှင့် စကားစပြတ်သွားသည်။ နူးနူးကလည်း သူ့စကားအတိုင်း ပြန်ထွက်မလာ။ ထို့ကြောင့် ကြီးကြီးကိုနှုတ်ဆက်ကာ ပြန်လာခဲ့သည်။

အိမ်အပြန်လမ်းတွင် အတွေးပေါင်းစုံနှင့် ကျွန်တော့်ခေါင်းကြီး လေးနေသည်။ နူးနူး ခေါင်းထုတ်လိုက်သည့်ပုံ၊ စပယ်ယာလည်ပင်းကို ထောက်ထားပုံ၊ စကားမပြောသည့်ကလေး၊ သတို့သမီးပုံများ၊ နံရံပေါ်မှခေါက်ပုံများ။

အိပ်ရာဝင်သည်အထိ ကပ်ငြိပါလာသည်။ နူးနူးက ကျွန်တော် တွေးထားသည်ထက်ပိုထူးဆန်းသည်။ ပိုရင့်ကျက်သည်။ တခြားမိန်းကလေး များနှင့် လုံးလုံးမတူ။ မဟုတ်ပါဘူးလေ။ မိန်းကလေးတင်သာမက တခြား ဘယ်သူနှင့်မှ မတူ။ သေချာသည်ကတော့ နူးနူးတွင် ဟန်ဆောင်၍ပြုံးရယ် ခြင်းတို့၊ ချည်ထောက်ခံခြင်းတို့ စသည့် လောကဝတ်များ မရှိ။ သူယုံကြည် ရာအတိုင်း လျှောက်လှမ်းနေသည့် ကောင်မလေး။ သူနှင့်နေရသည်မှာ နောက်ကျောလုံသည်။

ထိုနေ့ညက တော်တော်နှင့် အိပ်မပျော်။ တစ်ညလုံး နူးနူး ပြော လိုက်သည့် စကားတစ်ခွန်းက ကျွန်တော့်ခေါင်းထဲ၌ ပြေးလွှားနေ၏။ ထို စကားကလည်း စဉ်းစားလေလေ မှန်လေလေဖြစ်ကာ ဒီဘက်ခေတ်ကြီးနှင့် လည်း အင်မတန်မှ ဆီလျော်သင့်မြတ်လှပေသည်။

'ရန်ကုန်မြို့မှာ ရှင်သန်ချင်ရင် ခေါင်းတစ်ချောင်းတော့ ဆောင်ထား ဗျ။ အလစ်ချောင်းနေတဲ့ မှဆိုးတွေက အများကြီး'

❖

www.burmeseclassic.com

www.burmeseclassic.com

(၈)

ခူးခူးသည် လျှပ်ပေါ်သည်။ ပတ်ဝန်းကျင်ကို ဂရုမစိုက်။ ရည်းစားများသည်။ ယောက်ျားလေးတရွန်းရွန်းနှင့် နေသည်။ ယောက်ျားလေးတွေကို ဆော့ကစား၍ဝသွားလျှင် အသည်းခွဲသည်။ သူစုံစမ်းထားသည့် ခူးခူးနှင့် ပတ်သက်သည့် သတင်းများကို ကိုနိုင်က ပြောရာ ကျွန်တော်က လက်မခံ။ အပြန်အလှန်ငြင်းခုံရင်း နောက်ဆုံးတွင် ခူးခူးကို အနီးကပ် လေ့လာရန် သူနှင့်ပေးတွေ့ပါဟု ကိုနိုင်က တောင်းဆိုသည်။

အဲဒါမှ တကယ့်ဒုက္ခ။ ခူးခူးက လူမှုရေးတွင် ဓိုးရိုး။ ကိုနိုင်က ဘုကလန့်လူပုံကြီး။ စကားပြောနေရင်းထသတ်ကုန်ရင် ပြဿနာ။ ပေးမတွေ့ပြန်လျှင်လည်း ကိုနိုင့်စကားတွေကို လက်ခံရမလိုဖြစ်နေသည်။ အခုမတွေ့လည်း နောင်တစ်ချိန်ချိန် တွေ့ကြမှာပဲလေဟု ဆုံးဖြတ်ကာ ဘုရားတ၍ ပေးတွေ့လိုက်ရသည်။

တကယ့်တကယ်တမ်းတွင်တော့ ကျွန်တော်ထင်သလို မဟုတ်။ ဘယ်ကနေ ဘယ်လို အပေါက်အလမ်းတည့်သွားသည် မသိ။ သူတို့နှစ်ယောက် စကားတွေပြောနေလိုက်ကြတာများ ချောလို့မောလို့။ ကျွန်တော် ဝင်ပြောချိန်မရ။

အနုတ်နှင့် အနုတ်တွေ့သည့်အခါ အပေါင်းဖြစ်သွားတတ်သည်ဆိုသည့် သင်္ချာသဘောတရားအတိုင်း ဖြစ်မည်။

'သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတာကို ခူး သိပ်သဘော

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဘူး၊ လုပ်နေတဲ့သူတွေကိုတော့ ခူး ထောက်ခံပါတယ်။ ဒါပေမဲ့ မထိရောက်ဘူးလားလို့'

ခူးက ပြောရင်းနှင့် ကိုလာတစ်ကျိုက် စုပ်လိုက်သည်။

'စဉ်းစားကြည့်လေ၊ သူတို့တစ်တွေ ထိန်းသိမ်းရေးလုပ်ဖို့ဆိုပြီး နောက်ကနေ ဒေါ်လာတွေသန်းနဲ့ချီပြီး ထောက်ပံ့ကြ၊ ပံ့ပိုးကြတယ် မဟုတ်လား၊ အဲဒီပိုက်ဆံတွေကို လှူနေတာ ဘယ်သူတွေလဲ သိလား'

'စေတနာရှင်တွေ မဟုတ်ဘူးလား'

ကိုနိုင်က စိတ်ဝင်တစား ပြန်မေးသည်။

'ဘယ့်နှယ် စေတနာရှင်တွေရမှာလဲ၊ စီးပွားရေးသမားတွေကပဲ ထောက်ပံ့နေတာ၊ သူတို့ဖျက်ဆီးထားတဲ့ တစ်ရာဖိုးကို လူတွေမမြင်အောင် တစ်ဆယ်ဖိုးလှူပြီး ဖုံးကွယ်ကြတာ၊ ဥပမာ ခူးတို့ မြန်မာပြည်တွင်းမှာ ထိန်းသိမ်းရေးတွေ တက်တက်ကြွကြွလုပ်နေကြတာ အားရစရာကြီး၊ ရန်ပုံငွေတွေလည်း အလုံအလောက်ရှိတယ်၊ ဒါပေမဲ့ ခူးတို့နိုင်ငံဟာ တရုတ်၊ အိန္ဒိယ၊ ထိုင်း စတဲ့ တကယ့်စက်မှုနိုင်ငံတွေနဲ့ နယ်နိမိတ်ထိစပ်နေတယ်၊ နယ်စပ်တွေမှာက စက်ရုံတွေအများကြီး၊ အဲဒီစက်ရုံတွေက ထွက်လာတဲ့ ဆိုးကျိုးတွေ လေထုညစ်ညမ်းမှုတွေ၊ ရေထုညစ်ညမ်းမှုတွေကိုရော ဘယ်လိုကာကွယ်မလဲ၊ အဲဒီမှာ ကိုယ့်အားကိုယ်ကိုးပြီး မနည်းထိန်းသိမ်းထားရတာလေးတွေလည်း ကုန်ပါလေရော'

'တရုတ်ဆို ပိုဆိုးသေး၊ သူများနိုင်ငံထဲဝင်ပြီး ရေကာတာကြီး ဆောက်ဦးမယ်တဲ့'

'အင်း… ဟုတ်ပြီ၊ ဟုတ်ပြီ၊ သစ်တောတစ်တောလုံးခုတ်ပြီးမှ သစ်ပင်တစ်ပင်ပြန်လှူတာ ဘာမှမထူးဘူးဆိုတဲ့ သဘောပေါ့'

ကိုနိုင်ကပါ ဝင်ရောက်ထောက်ခံသည်။

'ဘာပဲပြောပြောလေ၊ ဘာမှမလှူတာထက်စာရင်တော့ တော်သေးတာပေါ့'

ကျွန်တော့်စကားကို နှစ်ယောက်စလုံးက လက်မခံကြ။

'ခင်ဗျားကြီးကလည်း စီးပွားရေးသမားတွေကို လေ့လာတွက်ချက်ရင် သူတို့ဆီမှာက အဲဒီလို ဖောင်ဒေးရှင်းတွေ ထောင်ထားတယ်ဆိုရင် အခွန်အခနဲ့ပတ်သက်လို့ အထူးခံစားခွင့်တွေ အများကြီးရှိတယ်ဆိုပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုလည်း စဉ်းစားကြည့်ဦးလေကွာ၊ သူတို့က ကမ္ဘာကို တစ်ရာဖိုးဖျက်ပြီးတိုင်း တစ်ကျပ်ဖိုးပြန်လှူတာကွာ၊ အဲဒီတော့ သူတို့များများလှူလေလေ ကမ္ဘာကြီး ပိုပျက်လေလေများ ဖြစ်မနေဘူးလား'

'အဲ.... အဲဒါကတော့...'

ကိုနိုင်က ချက်ကျလက်ကျ ထွက်ပြလိုက်တော့ ကျွန်တော် ဘာမှပြန်မပြောနိုင်တော့။ ကိုနိုင်က စကားခဏရပ်၍ ရှေ့ရှိ တိုဟူးကြော်လေးကို အချဉ်ရည်နှင့်တို့ကာ စားလိုက်သည်။ ထိုတို့ဟူးကိုဝါးရင်းနှင့် ဆက်ပြောသည်။

'မြင့်မိုရ်ရ... ငါကတော့ ကမ္ဘာကြီးကို ဘယ်လိုမှကယ်လို့မရတော့ဘူးလို့ ထင်တာပဲ၊ အကုန်ခြေလွန်လက်လွန်တွေ ဖြစ်ကုန်ပြီ၊ ငါတို့ခေတ်မှာတောင် ဒီလောက် ကပ်ဆိုးကြီးတွေကြုံနေရင် ငါတို့သားသမီးတွေခေတ်ဆိုရင် ရစရာတောင်ရှိမှာမဟုတ်ဘူး၊ တော်တော်ဒုက္ခရောက်ကြမှာ၊ ဒါကြောင့် ငါ မိန်းမ မယူဘဲနေတာကွ'

'ဟာ... ဒါကတော့ ကိုနိုင် သက်သက် ကမ္ဘာကို လွှဲချတာပါ၊ ကိုယ့်ဘာသာကိုယ် မိန်းမ မရတာ မဟုတ်လား'

ကိုနိုင်က တဟားဟားရယ်ရင်း 'မဟုတ်ပါဘူးကွာ၊ တကယ်ပြောတာပါ'ဟု ထပ်ပြောနေသေးသည်။ ဂျီဂျီဂျီနှင့် အိတ်ထဲမှဖုန်းသံမြည်လာ၍ ထုတ်ကိုင်လိုက်သည်။ ဝန်ထမ်းတစ်ယောက်က ခွင့်တိုင်နေခြင်းဖြစ်သည်။ စကားကို အမြန်ဖြတ်၍ ဖုန်းပြန်ချလိုက်သည်။

'ဟုတ်တယ်၊ လူတိုင်း စဉ်းစားသင့်တယ်နော်၊ ခုးတို့ခေတ်ပြီးတော့ နောက်တစ်ခေတ်ကျရင် လူသားတိုင်း မဖြစ်မနေရင်ဆိုင်ကြရမှာက စစ်ပွဲတွေ၊ ဘာသာရေးတိုက်ပွဲတွေ မဟုတ်လောက်တော့ဘူး၊ သဘာဝတရားကြီးနဲ့ပဲ၊ ရေချိုရဖို့အတွက် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ စစ်ခင်းရတာမျိုးတို့၊ ကပ်ဆိုးကြီးတွေကြောင့် ပျက်စီးရတာမျိုးတို့နဲ့ ဒုက္ခတော်တော်ရောက်ကြမှာ မယ်၊ လူသားတွေ ပြန်ပေးဆပ်ရလိမ့်မယ်'

'အင်းပေါ့လေ... အခုလည်း တစ်ယောက်ချင်းစီ တတ်နိုင်သလောက် ဆင်ခြင်ကြပေါ့လေ၊ မလိုအပ်ဘဲနဲ့ ဘာမှမဖြုန်းတီးကြနဲ့ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင်ကတော့ ခူးခူး ဘာပြောပြော ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံသည်။

'တစ်ခါတလေ ခူး တွေးမိတယ် သိလား၊ ကမ္ဘာကြီးကို ဖျက်ဆီးသွားတာ ခူးတို့ရဲ့ရှေ့မျိုးဆက်၊ ရင်ဆိုင်နေရတာက ခူးတို့မျိုးဆက်၊ ဒုက္ခရောက်မှာက နောက်မျိုးဆက်၊ လောကကြီး သိပ်မတရားသလိုပဲနော်၊ မုန်းစရာကြီး'

ခူးခူးစကားအဆုံးတွင် ကိုနိုင်က လက်ဖျောက်တစ်ချက်တီးလိုက်သည်။

'ဟုတ်တယ်၊ အဲဒါပဲ၊ ဒီကောင်တွေကိုပြောရင် ဘယ်တော့မှ အကောင်းနားမထောင်ဘူး၊ လူပျိုကြီးက ကဂျီကကြောင်နဲ့ ပေါက်ကရတွေဆိုပြီး ထထွက်သွားကြတာ၊ ငါပြောချင်နေတာလည်း အဲဒါပဲကွ၊ လောကကြီးက တော်တော်မတရားတာပဲ'

သူ့ထုံးစံအတိုင်း ကိုနိုင်က အညာသားလေသံကြီးနှင့် လုံးလုံးထွေးထွေးပြောသည်။ ထိုအချိန်တွင် ကျွန်တော့်အိတ်ထဲမှ နောက်တစ်ကြိမ် တကျီကျီမြည်လာပြန်သည်။ အိတ်ထဲမှ ဖုန်းကို နောက်တစ်ခေါက်ထုတ်ရပြန်သည်။ ဒီတစ်ခါ ဆက်သည့်သူကတော့ မေကြီး။ ထို့ကြောင့် ဆိုင်ပြင်သို့ထွက်ကာ ပြောရသည်။ အပြန်တွင် မေမေ့အစ်မ ကျွန်တော့်အဒေါ်ထံမှ လက်စွပ်တစ်ကွင်း ပြန်ယူလာပေးရန်နှင့် နောက်တစ်ယောက်ကို အရေးတကြီးပြစရာရှိလို့ဟု ပြောပြီး သေသေချာချာရှင်းပြခဲ့ရန် အထပ်ထပ်အခါခါ မှာနေသဖြင့် အနည်းငယ်ကြာသွားသည်။

ဆိုင်ထဲသို့ပြန်ရောက်သည့်အခါ ခူးခူးက သူ့ကျောပိုးအိတ်ထဲမှ ကင်မရာကိုထုတ်၍ ကိုနိုင်ကို အသေးစိတ်ရှင်းပြနေသည်။ ကိုနိုင်ကလည်း ခူးခူးပြောသမျှကို ဂရုတစိုက်မှတ်သားနေသည်။ မရှင်းတာရှိလျှင် ပြန်မေးသည်။ ခူးခူးကလည်း တတ်နိုင်သမျှ ရှင်းပြသည်။ ကျွန်တော် ပြန်ရောက်နေတာကိုတောင် ဂရုမစိုက်အား။

'ကျေးဇူးပါပဲ ညီမရယ်၊ ဒါနဲ့ ညီမတက်တဲ့ သင်တန်းက ဘယ်နားမှာ'

www.burmeseclassic.com

www.burmeseclassic.com



ခူးခူးက ကျောပိုးအိတ်ထဲမှ လိပ်စာရေးပေး၍ ဘောပင်ထုတ်မလို လုပ်ပြီးမှ ကျွန်တော့်ဘက်သို့လှည့်ကာ…

'ခူးကို အရင်တုန်းက လာကြိုဖူးတဲ့နေရာ မှတ်မိတယ်မဟုတ်လား၊ ကိုနိုင်ကို လိုက်ပို့ပေးလိုက်ပါ'

'သိတယ်လေ၊ ဒါပေမဲ့ ကိုနိုင် ဘာသွားလုပ်မလို့လဲ'

ကိုနိုင်က ပြုံးဖြီးဖြီးနှင့် ခေါင်းငုံ့သွားသည်။ ပြီးမှ မပွင့်တပွင့်နှင့်…

'ဟဲ… ဟဲ… ငါလည်း ငယ်ငယ်တုန်းက ဓာတ်ပုံအရမ်းဝါသနာပါတာကွ၊ အခါအခွင့်မသင့်ခဲ့လို့သာ ဓာတ်ပုံဆရာဖြစ်မလာတာ၊ ခူးခူးက အခုတက်ရင်လည်း နောက်မကျသေးပါဘူးဆိုတာနဲ့'

'ဟောဗျာ…'

ကိုနိုင်ကို ဘယ်လိုများသိမ်းသွင်းလိုက်သည် မသိ။ ကိုနိုင်ကတော့ ခူးခူးကင်မရာကို လှည့်ပတ်ကြည့်ရှုကာ တက်ကြွနေလေရဲ့။ ကိုနိုင် အားရအောင်ကြည့်ပြီးတော့မှ ကျောပိုးအိတ်ထဲသို့ ကင်မရာပြန်ထည့်လိုက်ပြီး ခူးခူးက ထိုင်ရာမှထကာ…

'ဟင်… ခူးပြန်တော့မလား၊ ကိုယ် လိုက်ပို့မယ်လေ'

'နေ… နေ… လမ်းလျှောက်ချင်သေးလို့၊ သွားလိုက်ဦးမယ်နော်၊ ကိုနိုင်ရောပဲ'

ကျောပိုးအိတ်လေးကို နေရာတကျဖြစ်အောင် လွယ်လိုက်ပြီး ထွက်သွားသည်။ မြင်ကွင်းထဲမှ ပျောက်သွားသည်ထိအောင် ခူး၏နောက်ကျောကို ကျွန်တော်နှင့် ကိုနိုင်တို့ ငေးကြည့်နေမိသည်။

'တော်တယ်'

ခူးခူးအပေါ် ကိုနိုင်၏ ပထမဆုံးချီးကျူးစကား။

'စာလည်း တော်တော်ဖတ်ထားပုံရတယ်၊ နောက်ပြီး သတ္တိလည်း ရှိတယ်ကွ'

ကျွန်တော့်မျက်နှာကတော့ မည်သို့မျှ ဟန်ဆောင်နိုင်မည် မဟုတ်။ ပြုံးဖြီးဖြီးကြီးဖြစ်နေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့ထက်ပိုပြီး သတ္တိရှိတယ်ကွာ၊ သူက သူဖြစ်ချင်တာကို ဖြစ်အောင်လုပ်နိုင်တဲ့ မိန်းကလေးပဲ၊ ငါကသာ သူနဲ့ယှဉ်လိုက်ရင်…'

ကိုနိုင်က ခေါင်းကို တသွင်သွင်ညိတ်၍ ပြောသည်။

'သူပြောခဲ့တာတွေက သိပ်မမှားဘူးကွာ၊ ငါလည်း အဲဒီလို တွေးနေမိတာ ကြာပြီကွ၊ ကိုယ်ဝါသနာပါတဲ့အလုပ်ကို တစ်နှစ်လောက် လုပ်ရတာနဲ့ ဝါသနာမပါတာကို တစ်မိနစ်လုပ်ရတာက ကြာချိန်အတူတူ ပဲဆိုတာ သိပ်မှန်တယ်၊ မနက်ဖြန်ကျရင် ငါ့ကို ဓာတ်ပုံသင်တန်းလိုက်ပို့ ကွာနော် မြင့်မိုရ်၊ ဩော်… နောက်ပြီးတော့ ကင်မရာတစ်လုံးလောက် ဝယ်ဦးမှ'

ကလေးလေးတစ်ယောက်လို တက်ကြွစွာနှင့် ကိုနိုင်က ပြောနေသည်။ ကိုနိုင်ဆိုတာက ကျွန်တော်တို့ သူငယ်ချင်းအုပ်စုအပေါ် သြဇာညောင်း သည့်သူ။ ဒါ့အပြင် ကျွန်တော့်မေမေ၏ ယုံကြည်မှုကို ရာနှုန်းပြည့်ရထား သည့်သူ။

'ငါ အရင်တုန်းက သူ့အကြောင်းတွေ ဂဃနဏမသိဘဲ ပြောခဲ့မိ တာ ဆောရီးကွာ၊ မင်းအပေါ်မှာ ခူးခူးက အမြတ်ထုတ်သွားမယ့်မိန်းကလေး မျိုး မဟုတ်တာတော့ သေချာတယ်ကွ'

ဒီလောက်ဆို ရပြီ။ ကိုနိုင်ကဲ့သို့သောသူမျိုးက ကျွန်တော်နှင့် ခူးခူးတို့၏ ဆက်ဆံရေးကို မီးစိမ်းပြလိုက်ပြီဆိုလျှင် ရှေ့လျှောက် ကိုယ့် ဘာသာကိုယ် ဆက်မောင်းသွားရုံသာ။ ခဲယဉ်းတော့မည် မဟုတ်။

ရှုပ်ပါတယ်။ နောက်တစ်ခါ ခူးကိုတွေ့လျှင် တစ်ခါတည်း လက်ထပ်ခွင့်တောင်းလိုက်မည်။ အဆင်ပြေလျှင် မင်္ဂလာဆောင်ဖို့အတွက် မေကြီးအား နားချပေးရန် ကိုနိုင့်ကို တာဝန်ပေးရမည်။ အို… မေမေက လည်း ကျွန်တော်သဘောကျလျှင် ကန့်ကွက်မည့်လူမျိုးမှ မဟုတ်တာ။ မိန်းမ မယူလို့တောင် တဂျီဂျီဆူနေသေးတာပဲ။

အောင်မလေး… စိတ်ကူးနဲ့တင် ရင်ဖိုစရာကောင်းလိုက်သည့်ဖြစ် ခြင်း။ ထိုနေ့ တစ်ညလုံး အိပ်မပျော်။

ကျွန်တော့်ရင်ထဲ၌ ကန်ထရိုက်တိုက်တစ်တိုက်လုံးမှ ရေမော်တာ များ ပြိုင်တူမောင်းနေသကဲ့သို့ ဆူညံနေ၏။

❖

www.burmeseclassic.com

www.burmeseclassic.com

(၉)

သို့သော် မဟုတ်။

အစစအရာရာ အဆင်ပြေမည်ဟု ထင်ထားသော်လည်း ထင်သလို မဟုတ်။

ကျွန်တော့်စိတ်ကူးများ၊ မျှော်လင့်ချက်များသည် ကြီးကြီးနှင့် ဖုန်းပြောပြီးသည့်အခါ ပင်လယ်ကမ်းစပ်မှ သဲပုံရဲတိုက်ကြီးကဲ့သို့ အလွယ်တကူ ပြိုလဲပျက်စီးသွားလေတော့သည်။

'ဟုတ်… ဟုတ်ကဲ့'

'ဪ…'

'ကျွန်တော် အခုပဲ သွားရှာလိုက်ပါမယ်၊ စိတ်ချ ကြီးကြီး'

'ဟုတ်… ဟုတ်… စိတ်ချပါ'

ပထမဆုံးအနေဖြင့် ဘီလီယက်ခုံတွင် ရှာသည်။ မတွေ့။ ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်တွေမှာများလားလို့ လှည့်ပတ်ရှာသည်။ မထူး။ အိမ်ကိုများ ပြန်ရောက်နေမလားလို့ ကြီးကြီးထံ ဖုန်းဆက်ကြည့်သည်။ ဟင့်အင်း၊ဟင့်။

ခူးခူးက စိတ်ထင်လျှင် ထင်သလိုလျှောက်သွားတတ်တော့ ဒေါ်ရွှေနှင့် ရှာ၍မရ။ ဪ… ဒါနဲ့ တစ်နေရာကျန်သေးတာပဲ။ အင်တာနက်ဆိုင်။ သို့သော် ခူးခူးဘယ်ဆိုင်မှာ ပုံမှန်သုံးလေ့ရှိမှန်း ကျွန်တော် မသိ။ ရေကျော်မှာက အင်တာနက်ဆိုင်တွေ အများကြီး။ တစ်ယောက်ယောက်ကိုများ မေးကြည့်လျှင် ခူးသုံးနေကျ အင်တာနက်ဆိုင်ကို သိနိုင်မလား။ ခူးခူးဆို

www.burmeseclassic.com



တာ ရပ်ကွက်ထဲမှာ နာမည်ကြီးပဲ။ ထို့ကြောင့် ခူးရူးတို့ လမ်းထဲသို့ဝင်ရန် ကားကို ပြန်လှည့်လိုက်သည်။

'ကျိ...'

ရပ်ကွက်ထဲသို့ ဝင်ခါနီး အကွေ့တစ်ခု၌ ကားကို ဘရိတ်အမြန် ဖမ်းလိုက်သည်။ နည်းနည်းနောက်ပြန်ဆုတ်သည်။ သေချာအောင် ပြန်ကြည့် သည်။ ဗာဒံပင်အောက်တွင် အဘိုးကြီးတစ်ယောက်နှင့် ချက်ထိုးနေသူ မှာ...

'ခူးရူး'

ကားပေါ်မှဆင်း၍ လက်ကာပြသည်။

'ခဏစောင့်ဗျာ၊ ဒီမှာ သုံးထောင်ကြေးချနေတာဗျ'

ကြည့်ရတာ အဘိုးကြီးဘက်မှ အရေးနိမ့်နေပုံရသည်။ အဘိုးကြီး ချက်လုံးတွေ ဂနာမငြိမ်တော့။ နဖူးတွင်လည်း ချွေးစို့နေသည်။ တစ်ကွက် တစ်ကွက်ရွှေ့ဖို့အရေး အကြာကြီးစဉ်းစားသည်။ ခူးရူးကတော့ သိပ် မစဉ်းစား။ အဘိုးကြီး တစ်ကွက်ရွှေ့ပြီးတိုင်း ဖွပ်ခနဲ ဖွပ်ခနဲနှင့် အမြန် ပြန်ရွှေ့သည်။ သိပ်မကြာ။ ခြောက်ကွက်၊ ခုနစ်ကွက်ရွှေ့ပြီးသည်တွင် ခူးရူး နိုင်သွားသည်။

'နင် တမင်ညစ်တာပဲ၊ ငါနဲ့ ဒီလောက်လက်ကွာတဲ့ဟာကို လယ် ဖယ်လာထိုးတယ်၊ သတ်သတ်ညှပ်ချတာပဲ'

အဘိုးကြီးက မကျေမနပ်နှင့် ခူးရူးကို ကောနေ၏။ ခူးရူးကလည်း သိတော်မူသည့်အတိုင်း။ ခွန်းတုံ့မခံ။

'အောင်မယ်... အဘိုးကြီး၊ ကိုယ့်ဘာသာကိုယ် ဉာဏ်တိမ်ရင် တိမ်တယ်ပေါ့၊ ကိုယ့်အသက်အရွယ်လည်း ပြန်ကြည့်ဦး၊ ဒီအရွယ်ကြီးကို ညှပ်ချစရာလား၊ ဟင်း... ခူးရူးကိုများ ဒီလောက်လေးနဲ့ လာယှဉ်ချင်သေး တယ်၊ နောက်တစ်ခါ မီချင်ရင် တက္ကစီငှားပြီးလိုက်ခဲ့'

'ဘာ... နင်... နင် လူကြီးကို ဘယ်လိုပြောတာလဲဟင်'

အဘိုးကြီးက လက်ညှိုးငေါက်ငေါက်ထိုး၍ မေးသည်။ ခူးရူးက

www.burmeseclassic.com

www.burmeseclassic.com



လည်း ပြန်အော်သည်။ ကျွန်တော်ကလည်း အတွေ့အကြုံရင့်သူပီပီ ခူးခူးကို ဝင်ဆွဲရသည်။ တခြားအဘိုးကြီးများကလည်း 'ခူးခူး'အကြောင်း သိရဲ့သား နဲ့ မင်းမို့လို့ သွားကစားတာကို'ဆိုပြီး ထိုအဘိုးကြီးကို ဆွဲခေါ်သွားကြသည်။

'ဟင်း… သေခါနီးကြီးကများ လာလာချည်သေးရဲ့'

ချက်(စ်)ခုံအောက်မှ တစ်ထောင်တန်သုံးရွက်ကို အိတ်ထဲထည့်ရင်း ခူးခူးက တစ်ယောက်တည်း ဆက်အော်နေသေးသည်။

ခူးခူးနှင့်တွေ့လျှင်ပေါက်ကွဲပစ်လိုက်မည်ဆိုသည့် ကျွန်တော့်ဒေါသ တွေတောင် ဘယ်ဆီရောက်ကုန်မှန်း မသိ။ အတင်းချော့မော့၍ ကားပေါ်တင် လာရသည်။

'ခူး ဘာလို့ ကိုယ့်ကို ကြိုမပြောတာလဲ'

ခူးခူး၏ တိုက်ခန်းအောက်တွင် ကားကိုရပ်ရင်း မေးလိုက်သည်။

'ဘာကိုလဲ'

'မနက်ဖြန် ခရီးထွက်မှာကို'

'ဟုတ်တယ်လေ'

'နောက်ပြီး တစ်ယောက်တည်းသွားမှာဆို'

'ဟုတ်ပ'

'အဲဒီလိုကိစ္စမျိုးကို ကိုယ်က ကြိုပြီးမသိသင့်ဘူးလား'

ခူးက စိတ်ရှုပ်သွားဟန်နှင့် ကျွန်တော့်ဘက်သို့ ဆတ်ခနဲလှည့် ကြည့်သည်။

'ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ကွ၊ ငါက မင်းရည်းစားလေ'

ကျွန်တော့်အသံက ပုံမှန်ထက် ပိုကျယ်သွားသည်။

'ဒီမှာ ခင်ဗျား မှားနေပြီ၊ ခင်ဗျားက ခူးရည်းစားဆိုတာ ဟုတ် တယ်၊ ဒါပေမဲ့ အခုလို ခရီးထွက်တဲ့ကိစ္စလောက်ကို ကြိုပြီးသံတော်ဦးတင် နေစရာ မလိုဘူးထင်တယ်'

'ဟာ… မဟုတ်သေး'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို စကားပြောခွင့် မပေး။ ခူးက လက်ကာပြ၍ ဆက်ပြောသည်။

'နေဦး… ခင်ဗျားက ခူးကိုချစ်တယ်နော်၊ ခူးလည်း ခင်ဗျားကို သူငယ်ချင်းဆိုတာထက်ပိုပြီးတော့ ရင်းနှီးတယ်၊ ချစ်တယ်ပေါ့ဗျာ၊ အဲဒါကြီးကိုလည်း ခဏခဏမပြောချင်ဘူး၊ ထားပါတော့'

ကားဒက်ဘုတ်ပေါ်မှ တစ်ရှူးစကို ခူးခူးက ဆွဲထုတ်၍ သူ့ပေါင်ပေါ်တွင် ဖြန့်ခင်းကာ စကားဆက်သည်။

'အဲဒီ အချစ်ဆိုတာ တစ်ယောက်ကိုတစ်ယောက် ချည်နှောင်ဖို့၊ နောက်ဆံတင်းဖို့ အရိပ်လိုတကောက်ကောက်လိုက်နေဖို့မှ မဟုတ်တာ၊ လူတိုင်း လူတိုင်းမှာ လွတ်လပ်ခွင့်ရှိသလို အဲဒီလွတ်လပ်ခွင့်ကို လေးစားရမယ်၊ ချစ်သူအချင်းချင်း ပိုပြီးတော့တောင် လေးစားရမယ်၊ ဟုတ်တယ်မဟုတ်လား'

ခူးခူးနှင့် စကားပြောတိုင်း ထိုကဲ့သို့ချည်းပင်။ သူ့စကားတွေကို ဘယ်တော့မှ ပြန်မလှန်နိုင်။ ထုံးစံအတိုင်း ကျွန်တော်တက်ကပင် အလျှော့ပေးလိုက်ရသည်။ နိုင်အောင်မှ မငြင်းနိုင်တာကိုး။

'တကယ်တစ်ယောက်တည်း သွားမှာလား၊ ဘာလုပ်ဖို့လဲ၊ ကိုယ်လည်း လိုက်လို့မရဘူးလား'

တားမရသည်နှင့်အတူတူ ကျွန်တော်ပါ လိုက်ခွင့်ရလျှင် မဆိုးဟု သို့သော် ခူးခူးက ခေါင်းခါပြသည်။

'တစ်ယောက်တည်း သွားချင်လို့ပါ၊ တောက လူတွေရဲ့မျက်နှာတွေကို ဓာတ်ပုံရိုက်ချင်လို့၊ သူတို့တွေက မြို့သားတွေထက် ပိုရိုးသားပြီး ဖြူစင်လင်းတယ်လို့ ပြောကြတယ်၊ ခူးကတော့ မထင်ပေါင်၊ ပုထုဇဉ်မှန်သမျှ သိပ်ထူးမှာမဟုတ်ပါဘူး၊ အဲဒါ သေချာချင်လို့၊ သူတို့မျက်နှာတွေကို ဓာတ်ပုံရိုက်ပြီး မြို့သားတွေရဲ့မျက်နှာနဲ့ယှဉ်ပြီး နှစ်ပုံတွဲတစ်ပုံလုပ်ပြီး ကြည့်ချင်လို့'

'ဩော်… အင်း… ဒါနဲ့ ဘယ်လောက်လောက်ကြာမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မပြောတတ်ဘူး၊ စိတ်ရှိသလောက် ကြာမယ်'

'ပိုက်ဆံကရော'

'အဲဒီအတွက် မပူပါနဲ့၊ ခူး စုထားတာတွေရော၊ ခုနလို ချက်ထိုးလို့ နိုင်တဲ့ပိုက်ဆံတွေရော၊ ဘိလိယက်ထိုးလို့ နိုင်ထားတဲ့ပိုက်ဆံတွေ ပေါင်းလိုက်တော့ လောက်ပါတယ်'

ကောင်းလိုက်တဲ့ ငွေရှာနည်း။ ဒါကြောင့် အခုရက်ပိုင်းတွေမှာ ဆရာမကြီးက အချိန်ပြည့် ဘိလိယက်ထိုး၊ ချက်ဝိုင်းတကာ လိုက်နေတာကိုး။

'နောက်ပြီး ရွာတွေကိုသွားမှာဆိုတော့ ဘယ်ဘုန်းကြီးကျောင်း ကပ်စားစား ဖြစ်ပါတယ်လေ'

'အန္တရာယ်များပါတယ်ကွာ'

ခူးခူးက တစ်ချက်ရယ်ရင်း 'ကျေးဇူးပါပဲ၊ ဂရုစိုက်ပေးတဲ့အတွက်' ဆိုပြီး တံခါးဖွင့်၍ ကားပေါ်မှဆင်းသွားသည်။

'နေဦး… ခူး'

ဘာလဲဆိုသည့်သဘောနှင့် ကျွန်တော့်ကို လှည့်ကြည့်သည်။

'ဘယ်ရောက်ရောက် ကိုယ့်ကို ဆက်သွယ်ပါနော်'

'အင်း… အဲဒီအတွက်လည်း မပူနဲ့၊ အင်တာနက်ဆိုင်ရှိတဲ့ မြို့တစ်မြို့ကိုရောက်တာနဲ့ ခူးရဲ့ ဖေ့ဘွတ်မှာ ပုံအသစ်တွေရော အတွေ့အကြုံတွေကိုရော ရေးပြီးတင်မှာ၊ အဲဒီမှာ ဝင်ကြည့်ရင် ခူး ဘယ်တွေရောက်နေမယ်ဆိုတာ သိမှာပေါ့'

'ဖေ့ဘွတ်နာမည် ပေးခဲ့ဦးလေ'

ခူးက ဂီယာတံရှေ့က ခွက်လေးထဲသို့ မေးထိုးပြသည်။

'ဖြစ်နိုင်ရင် ဒီည အက် (add) လိုက်လေ၊ ခူးမသွားခင် လက်ခံထားလိုက်မယ်'

ဆိုပြီး လှေကားပေါ်သို့ ပြေးတက်သွားသည်။ ခူးထားသွားသည့် တစ်ရှူးစလေးကို ယူ၍ကြည့်လိုက်သည့်အခါ…

❖

www.burmeseclassic.com

www.burmeseclassic.com

(က)

www.burmeseclassic.com

www.burmeseclassic.com

ကားအဲယားကွန်းဖွင့်ထားတုန်းကလည်း အတွင်းအေး အပြင်ပူနှင့် ခေါင်းကြီး ငြီးစီစီဖြစ်သည်။ မှန်တံခါးဖွင့်လိုက်ပြန်တော့လည်း လေပူကြီးများကြောင့် မျက်နှာတစ်ပြင်လုံး အဆီများပြန်၍ ချောကျိုကျိုကြီးဖြစ်လာသည်။

နဂိုရှိရင်းစွဲ ရင်ထဲမှ အပူနှင့်ပေါင်းလိုက်တော့ ကားမောင်းရင်း အရည်ပျော် သွားမလား အောက်မေ့ရသည်။

ကားဒက်ရှ်ဘုတ်ပေါ်မှ တစ်ရှူးကိုယူကာ မျက်နှာသုတ်လိုက်သည်။ အပူဒဏ်သက်သာလို သက်သာငြား ကားမောင်းရင်းနှင့် လမ်းဘေးမှ သစ်ပင်ရိပ်များကို မသိမသာကြည့်သွားရသည်။

သိပ်မထူး။ ပူမြဲပူဆဲသာ။ လမ်းဘေးကို ကြည့်သွားတော့မှ အခုနောက်ပိုင်း ဘီယာဆိုင်၊ လက်ဖက်ရည် ဆိုင်တို့နှင့်အပြိုင် အတွေ့များလာသည့်ဆိုင်များမှာ အင်တာနက်ဆိုင်များ ဖြစ်ကြောင်း သတိပြုမိသည်။

ဟုတ်တယ်။ မြို့ပြလူတန်းစား၏အင်တာနက်ယဉ်ကျေးမှုထွန်းကားနေမှာ ကြောက်မက်ဖွယ်။ ကလေးတိုင်းလိုလိုတွင် ဖေ့ဘွတ်အကောင့်တစ်ခု၊ ဂျီမေးအကောင့်တစ်ခုစီ ရှိကြသည်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလို သူငယ်ချင်းတွေစု၍ ရပ်ကွက်ထဲတွင် ဂျင်ပေါက်ခြင်းမျိုးတို့၊ အရုပ်ဆော့ခြင်းမျိုးတို့ မဆော့ကြတော့။

အွန်လိုင်းပေါ်တွင် Dota ခုတ်ကြ။ အုပ်စုဖွဲ့၍ Counter-strike ပစ်ကြ၊ ဒီထက်နည်းနည်းကြီးလာလျှင် ချက်တင်ထိုင်ကြ၊ ဖေ့ဘွတ်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖွဲ့ကြနှင့် သူတို့၏ လူငယ်ဘဝကို ကျွန်တော်တို့ ခေတ်ကလို 'မြေ' ပေါ်တွင် မကုန်ဆုံးတော့ဘဲ 'လေ'ပေါ်တွင်သာ မွေ့လျော်ပျော်ပါးနေကြတော့သည်။

အင်တာနက်က ဘာကောင်းကျိုးပေးသလဲ။ ကျွန်တော်တွေ့သလောက်တော့ ကောင်းကျိုးထက် ဆိုးကျိုးပိုများသည်။ ဟာ… မဟုတ်သေးပါဘူး။

အင်တာနက်ဆိုတာကြီးက သူ့ဘာသာသူ နေတာပါ။ ကောင်းကောင်းအသုံးချသူများအတွက် ကောင်းကျိုးရမည်။ မကောင်းသည့်နေရာတွင် အသုံးချပါက ဆိုးကျိုးရမည်။ အင်တာနက်နှင့် မဆိုင်။ သုံးစွဲသူများပေါ်တွင်သာ မူတည်သည်။

'ရှီ… ရှီ… ရှီ…'

ဝီစီသံကြား၍ မီးပွိုင့်ကို မော်ကြည့်လိုက်သည်။ မီးဝါမှ မီးနီသို့ပြောင်းနေပြီ။ အတွေးနယ်လွန်သွားသဖြင့် သတိလက်လွတ်ဖြစ်ကာ မီးပွင့်ကို အရှိန်ဖြင့်ဖြတ်ခဲ့မိသည်။ ကင်မရာထဲတွင်တော့ ကားနံပါတ်ပါသွားလောက်ပြီ။

ဆောင်ပေတော့ ဒဏ်ကြေး။

ကင်မရာဆိုသည်မှာလည်း ထိုသဘောတရားအတိုင်းပင်။ ယခုကဲ့သို့ ကောင်းသည့်နေရာတွင် အသုံးချခြင်းဖြင့် စည်းကမ်းမဲ့ယာဉ်များကို ဖမ်းနိုင်သည်။ လုံခြုံရေးအတွက် အထောက်အကူရသည်။

သို့သော် မသမာသူများက ထိုကင်မရာကိုပင် မကောင်းသည့်နေရာတွင် အသုံးချခြင်းဖြင့် အင်တာနက်ပေါ်သို့ ဟိုပုံဒီပုံများ တက်လာရသည်။ မလိုအပ်ဘဲ အရှက်တကွဲ အကျိုးနည်းဖြစ်ရပ်တို့ ရှိလာသည်။ ဘဝပျက်သူများပင် ရှိသည်။

တော်တော့။ တော်တော့။ မစဉ်းစားနဲ့တော့။ ဂရုစိုက်မောင်းစမ်း။ မင်းလက်ထဲက စတီယာတိုင်ကိုသာ စိတ်နှစ်ပြီး ဂရုစိုက်မောင်း။ လွင့်မျော

www.burmeseclassic.com

www.burmeseclassic.com



နေသောစိတ်အလျှင်ကို မနည်းပြန်စုစ၍ ကားပေါ်သို့ အာရုံပြန်စိုက်ထားလိုက်ရသည်။

ရန်ကုန်မြို့တွင် တစ်နေ့တခြား ပေါ်များလာသည့် နောက်ထပ်အရာ တစ်ခုမှာ မော်တော်ကားများပင် မဟုတ်လော။

❖

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

search : Khoo Khoo

www.burmeseclassic.com

www.burmeseclassic.com

[redacted]

26 people like it


တေလေ [redacted]

ဇာတိ [redacted]

မောင်ဖုန်းမြင့် [redacted]


Htut Khate [redacted]

and other 33 comments

www.burmeseclassic.com

www.burmeseclassic.com

[redacted]

Like 39


Cho [redacted]


Lyn Rammer [redacted]


thoe htane [redacted]

and other 12 comments

www.burmeseclassic.com

www.burmeseclassic.com

ကားထဲကိုပြန်ပြီး မျက်မှန်ယူလိုက်ရသည်။ အစက ခဏပဲသုံးမယ် ဆိုပြီး ဘာမှယူမလာခဲ့။ မော်နီတာကို ကြာကြာကြည့်လျှင် မျက်ရည်များ ကျလာသည်။ ဆက်၍လည်း ဖတ်ချင်သေးသည်။ ခူးခူးရေးထားသည့် အကြောင်းအရာများသည် ထူးထူးဆန်းဆန်းကြီးများသာ။ သူ့အပေါင်းအသင်း တွေလည်း သူနဲ့တော့ အဟုတ်ပဲ။ ဘာရေးရေး အောက်မှ ထောက်ခံအားပေး ကြသည်။ ခူးခူးရေးတင်ထားသည့် ကိုယ်တွေ့များ၊ အတွေးအခေါ်များ ကလည်း တစ်ခုဖတ်ပြီး နောက်တစ်ခုမဖတ်ဘဲ မနေနိုင်အောင် ဆွဲဆောင် နိုင်၏။

စိတ်ဝင်စားဖို့အကောင်းဆုံးကတော့ သူ့အိပ်မက်များအကြောင်း ဖြစ်သည်။ အကုန်လုံးက အထူးအဆန်းကြီးများသာ။ လူတိုင်းမှာ အဲဒီလို အိပ်မက်ထူးထူးဆန်းဆန်းတွေ မက်လေ့ရှိလို့လား။ ကျွန်တော့်မှာရော။ ဟင့်အင်း… မမက်ပါဘူး။ ကျွန်တော့်အိပ်မက်များကတော့ တောင်ရောက် မြောက်ရောက်နှင့် မနက်ဆိုလျှင် မေ့သွားတာချည်းပင်။ မမေ့လည်း သူ့လို တော့ အရေးတယူမှတ်တမ်းတင်စရာအကြောင်း မရှိ။ အိပ်မက်ပဲဟာကို။

"ရွှေတိဂုံဘုရားကြီးကို မှန်အကြည်ကြီးလိုပဲ တိုးလျှိုပေါက်မြင်နေရတယ်လို့ မနေ့ ညက အိပ်မက်မက်တယ်၊ မနက်ရောက်တော့ ဘုရားကို မရမကသွားလိုက်တယ်။ စာတ်ပုံတွေလည်း အများကြီးရိုက်လာတယ်၊ ကွန်နက်ရှင်သိပ်မကောင်းလို့ နောက်မှ ပုံတွေတင်တော့မယ်"

ကျွန်တော့်ထံ မနက်အစောကြီး ဖုန်းဆက်တုန်းက အကြောင်းအရာ ဖြစ်သည်။ ကြည့်ရတာ ခူးခူးသည် ဖေ့ဘုတ်ကို ဒိုင်ယာရီအလား နေ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်များကို ရေးတင်ထားသည်။ ဒိုင်ယာရီနှင့်ကွာသည်ဆို၍ လူတိုင်း အလွယ်တကူဝင်ရောက်ဖတ်ရှုနိုင်ခြင်းပင်။ ဒါလည်း တစ်မျိုး ကောင်းတာပဲ။ ကိုယ့်ခံစားချက်တွေကို ပွင့်ပွင့်လင်းလင်း ဖွင့်ထုတ်လို့ရတာ ပေါ့။

ဓာတ်ပုံတွေတင်ထားလိုက်တာကလည်း မနည်းမနော။ အကုန်လုံးသည် လူပုံများ၊ သတ္တဝါပုံများသာ။ ရှုခင်းအလှဓာတ်ပုံများမပါ၊ ခံစားချက် အမျိုးမျိုးနှင့် လူမျက်နှာများသာ အများစုဖြစ်သည်။ ကလေးပေါက်စလေး ကနေ အခေါင်းထဲလှဲနေသည့် အဘိုးကြီးပုံတွေအထိ ပါသည်။

ဝက်သားတုတ်ထိုး ဝိုင်းစားနေသည့် လူများထဲမှ မိန်းမကြီး တစ်ယောက်က အချဉ်ရည်စက်လက်နှင့် အသားဖတ်ကြီးကို ပါးစပ်ကြီးဖြဲ၍ ထည့်ထားသည့်ပုံကို အတော်သဘောကျသွားကာ ကူးယူလိုက်သည်။ အဲဒီလိုပုံကိုရအောင် ဘယ်လိုများ ရိုက်ထားသည် မသိ။ နောက်ထပ် ကျွန်တော် သဘောကျသည့် လေး၊ ငါးပုံကိုပါ ကူးယူ၍ စတစ်ထဲသို့သွင်း လိုက်သည်။

ဖေ့ဘုတ်ကို အစတုန်းက အဲဒီလောက်အထင်မကြီး။ အလကား အချိန်ဖြုန်းသည့်နေရာဟု ထင်ခဲ့မိသည်။ အမြွာတွေ အကောင့်ဖွင့်ပေးထား၍ သာ အနည်းငယ်သုံးဖူးခြင်းဖြစ်သည်။ friend list ထဲတွင်လည်း အရေ အတွက်များများ မရှိ။ အခုတော့ တစ်ထိုင်တည်းသုံးလိုက်သည်မှာ နှစ်နာရီ ခန့်ပင် ကြာသွားသည်။ ခူးခူး၏သူငယ်ချင်းများကိုလည်း အကုန် firend request လုပ်ထားလိုက်သည်။ ခေါင်းတွေမတရားကိုက်လာတော့မှသာ ထိုင်ရာမှ မနည်းထယူရသည်။ မနက်ဖြန်လည်း လာသုံးဦးမှ။

❒ ❒ ❒

ကိုနိုင်ကို ခူးခူး ဖေ့ဘွတ်အကြောင်း ပြောပြလိုက်သည့်အခါ အရမ်း စိတ်ဝင်စားသွားသည်။ ဓာတ်ပုံတွေပါရှိတယ်ဟု ပြောလိုက်ရာ ညနေကျရင် သူ့ကိုပါ ခေါ်သွားရန် ပူဆာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်တာနက်ဆိုင်ထဲရောက်တော့လည်း သူချည်းပဲကြည့်နေသဖြင့် နည်းဝင်လှ၍ ကျွန်တော် ကြည့်ချင်သည်ကို ကြည့်ရသည်။ အနီးအနားရှိ ကလေးများကတော့ ကျွန်တော်တို့ကို မည်သို့ထင်မည်နည်း မသိ။ ဒီအသက် အရွယ်ကြီး ရောက်မှ နှာဘူးပုံတွေ လာကြည့်နေသည်ဟု ထင်နေဦးမည်။

နောက်တော့ အလျှော့ပေးလိုက်ပါသည်။ မနေ့က ကျွန်တော် ကြည့်ပြီးသားတွေဆိုတော့။ ကိုနိုင်ကိုစောင့်ရင်း စက်နောက်တစ်လုံးယူကာ ဟိုဟို ဒီဒီလျှောက်ကြည့်နေလိုက်သည်။ ကျွန်တော် သိချင်သည့် ခူးခူး ဘယ်ရောက်နေလဲ။ ဘာလုပ်နေလဲဆိုသည့် ပို့စ်အသစ်တစ်ခုမှ မတက်သေး။

အိမ်အပြန်လမ်းတွင် ကိုနိုင်က…

'ခူးခူးက ငါနဲ့ တူမယ်ထင်တယ်'

'ဘာကိုလဲ'

'မဟုတ်ဘူးလေ၊ ငါ့ငယ်ဘဝနဲ့ တူမယ်ထင်တယ်'

'ဩော်…'

ကိုနိုင်သည် ငယ်စဉ်ကတည်းက မိဘတွေနှင့် အတူမနေရ။ ထင် အောင်ကျော်အမေမှ ခေါ်ယူမွေးစားခဲ့ခြင်းဖြစ်သည်။ ကိုနိုင့်အမေဆုံးသွား သည့်အခါ ကိုနိုင့်အဖေ နောက်မိန်းမယူကာ ကိုနိုင့်ကို အဆက်အသွယ်မလုပ် တော့။ ထောက်ပံ့မှုလည်း မပေးခဲ့။ ကိုနိုင့်အမေ မသေခင်ကတည်းက နောက်မိန်းမရှိသည်ဟုလည်း ပြောကြသည်။ ကျွန်တော်လည်း သိပ်မသိ။ တော်လမ်းက ခပ်ရှုပ်ရှုပ်ပင်။ ကျွန်တော်နှင့် ကိုနိုင် သိသည့်အခါ ထင်အောင် ကျော်အစ်ကိုအနေဖြင့်သာ သိခြင်းဖြစ်သည်။ ကိုနိုင်၏ ချစ်စရာအကောင်း ဆုံးအချက်မှာ ရိုးသားပွင့်လင်းခြင်းပင်။ ထို့ကြောင့်ပင် ကျွန်တော့်အမေက ဆိုင်ဦးစီးရန် တာဝန်ကို ကိုနိုင့်အား ယုံယုံကြည်ကြည်နှင့် လွှဲအပ်ထားခြင်း ဖြစ်သည်။

'ခူးခူးရေးထားတဲ့ ဟိုအိပ်မက်အကြောင်းကို ဖတ်လိုက်ရသေး သလား'

'ဘယ်အိပ်မက်လဲ၊ ဖတ်တော့ အကုန်ဖတ်လိုက်ရတာပဲ၊ ဒါပေမဲ့ အိပ်မက်အကြောင်းတွေက အများကြီးပဲကိုး'

www.burmeseclassic.com

www.burmeseclassic.com



'ဟိုဟာလေကွာ… သူက မြို့ထဲမှာ လမ်းလျှောက်နေရင်း သူ နှုတ်ဆက်လိုက်တဲ့လူတိုင်းက ပျောက်ပျောက်သွားတယ်ဆိုတဲ့ အိပ်မက်လေ'

'ဪ… အင်း… သိပြီ၊ သိပြီ၊ နောက်ဆုံး လူတွေအကုန်လုံး ကို နှုတ်ဆက်လိုက်တော့ လူတွေအကုန်လုံး ပျောက်သွားပြီး သူတစ်ယောက် တည်း ကျန်ခဲ့တယ်ဆိုတဲ့အိပ်မက် မဟုတ်လား'

'အေး… အေး… ဟုတ်တယ်၊ ငါလည်း အဲဒီလို အိပ်မက်မျိုး မက်ဖူးတယ်ကွ'

'ဗျာ… ကိုနိုင်လည်း မက်ဖူးတယ်'

အစတုန်းကတော့ ထိုကဲ့သို့ ထူးထူးဆန်းဆန်းအိပ်မက်တွေကို ခူးခူး တစ်ယောက်တည်း ကြံကြံဖန်ဖန်မက်ခဲ့တာလားဟု တွေးမိသေးသည်။ အခု တော့ ကိုနိုင်လည်း မက်ဖူးတယ်ဆို၍ အံ့သြသွားရသည်။

'အေး… ငါ့ကျတော့ ငါ့အနားမှာ လူတွေအများကြီး ဖြတ်လျှောက် သွားကြတယ်ကွာ၊ အားလုံးကလည်း ပုဆိုးတွေ၊ တိုက်ပုံတွေ၊ ခေါင်းပေါင်း တွေနဲ့ တစ်ပုံစံတည်းတွေချည်းပဲ၊ ရတယ်… ရတယ်၊ လမ်းထိပ်မှာပဲ ရပ်တော့၊ ငါစာအုပ်ဝင်ငှားဦးမှာ'

ကိုနိုင်တို့ လမ်းထဲကို ချိုးဝင်ရန် ဟန်ပြင်လိုက်သည့် ကျွန်တော့် ကို လမ်းထိပ်တွင်ပဲ ရပ်ခိုင်းသည်။ ကျွန်တော်က ကားကိုရပ်၍ ကိုနိုင့်ဘက် သို့လှည့်ကာ…

'အဲတော့'

စကားထောက်ပေးလိုက်သည်။

'အဲဒီလို ပုံစံတူလူတွေ အများကြီး၊ ကလေးတွေရော လူကြီးတွေ ရော မိန်းမတွေရော အစုံပဲ'

'မိန်းမတွေကရော ပုဆိုးနဲ့ တိုက်ပုံနဲ့ပါလား'

'ဟာ… စကားအကောင်းပြောနေတာကို ကြည့်၊ မိန်းမတွေက တော့ လုံချည်တွေနဲ့ပေါ့ကွာ၊ မင်းတို့တစ်တွေ မက်သလို ကိုယ်တုံးလုံးတွေ တော့ ဘယ်ဟုတ်မလဲ'

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ဝင်နှောက်၍ ကိုနိုင် ဒေါပွသွားပုံကိုကြည့်ကာ တဟဲဟဲရယ်လိုက်ရင်း ကျွန်တော်က…

'နောက်တာပါဗျာ… ဆက်ပါဦး၊ အဲဒီလူတွေက ကိုနိုင့်နားကနေ ဖြတ်သွားကြတော့'

'သူတို့က ငါ့ကို လုံးဝဂရုမစိုက်ဘူးကွ၊ ငါ့ခေါ်လည်း ပြန်မထူးဘူး၊ ငါ့ကို လုံးဝအဖက်မလုပ်ကြဘူး၊ သူတို့အချင်းချင်းပဲ စကားပြောကြ၊ ရယ်မောကြနဲ့၊ နောက်ဆုံး ငါလည်း စိတ်ဓာတ်တွေကျပြီး အော်ငိုမိတာပဲ၊ ပြီးတော့ လန့်နိုးလာရော'

'အင်း… ဆန်းတော့ ဆန်းသားနော်၊ ဒါနဲ့ ခူးခူး အိပ်မက်နဲ့က ဘာများတူလို့လဲ'

'ငါ အဲဒီအိပ်မက်အကြောင်းကို သေချာပြန်တွေးကြည့်တယ်၊ ဒါ ငါ့ရဲ့ အထီးကျန်ဆန်တဲ့ ငယ်ဘဝကိုစွဲပြီး အိပ်မက်မက်တယ်လို့ ထင်တာပဲ၊ အိပ်မက်ဆိုတာကလည်း များသောအားဖြင့် ကိုယ့်မသိစိတ်ထဲမှာ စွဲလမ်းနေတဲ့ဟာတွေကို မက်တာပဲကွ၊ မင်းတို့ ဟိုလိုအိပ်မက်တွေ မက်သလိုပေါ့ကွာ'

'ဟာ… ကိုနိုင်ကလည်း'

ဒီတစ်ခါကတော့ ကျွန်တော်ခံရတဲ့အလှည့်။ ကျွန်တော့်ပုံစံကိုကြည့်ပြီး ကိုနိုင်က ပြုံး၍…

'ခူးခူး အိပ်မက်ကလည်း ငါ့အိပ်မက်လိုပဲလေ၊ သူ့အနားမှာ လူတွေရှိပေမယ့် သူ့လက်နဲ့ထိလိုက်တိုင်း၊ နှုတ်ဆက်လိုက်တိုင်း ပျောက်သွားတယ် ဆိုတော့ကာ ဒါ အထီးကျန်ဆန်တဲ့သဘောပဲပေါ့ကွာ'

'အင်း… ဟုတ်တယ်နော်'

ခူးခူး၏ ငယ်ဘဝကို ကျွန်တော် တစ်ခါမှ မမေးဖူးခဲ့။ ကျွန်တော့် ငယ်ဘဝကြောင်းကိုလည်း ခူးခူးက မမေးခဲ့။ ကျွန်တော်တို့တစ်တွေ ဆုံတွေ့တဲ့အခါ စိတ်ဝင်စားစရာ တခြားအကြောင်းတွေကိုသာ ပြောဖြစ်ခဲ့ကြသည်။

ခူးခူးစကားများထဲတွင် သူ့မိဘများအကြောင်း တစ်စွန်းတစ်စမျှ

www.burmeseclassic.com

www.burmeseclassic.com



မကြားမိ။ နေတာကလည်း ကြီးကြီးနဲ့ဆိုတော့ အင်း… ကိုနိုင်လိုပဲ မိဘတွေ ရော ရှိရဲ့လားမသိ။ အဲဒီအကြောင်းကို ကိုနိုင်ကို ပြောပြလိုက်ရင် ကောင်း မလား။ ပြောလိုက်ရင် ခူးခူးကိုများ အထင်သေးသွားမလား။ အို… ဘာဆိုင် လို့လဲ။ ကိုနိုင့်မှာလည်း မိဘတွေနဲ့အတူနေတာမှ မဟုတ်ဘဲ။ ကိုယ်ချင်း တောင် ပိုစာနိုင်ဦးမယ်။

'ဟုတ်တယ် ကိုနိုင်ရဲ့၊ ခူးခူးမှာလည်း အဲ…'

ကျွန်တော်က ခူးခူးအကြောင်း ပြောမည်ဆိုပြီး ကိုနိုင့်ဘက်သို့ လှည့်လိုက်သည့်အခါ ကိုနိုင် မရှိတော့။ ဘယ်အချိန်က ကားပေါ်မှဆင်း သွားသည် မသိ။ လမ်းထဲသို့ ကြည့်လိုက်သည့်အခါ ခေါင်းငိုက်စိုက်နှင့် လေးတိလေးကန်လျှောက်နေသော ကိုနိုင်၏ကျောပြင်ကိုသာ မှိုးတိုးဝါးတား

❖

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ညတိုင်းလိုလို အင်တာနက်ဆိုင်သို့ ရောက်ဖြစ်နေသည်။ ခူးခူး တင်ထားသည့်ပုံတွေ စာတွေ ကုန်စင်အောင်ဖတ်ဖို့ရာ သုံး၊ လေးရက် အချိန်ယူရသည်။ ခူးခူး၏မိတ်ဆွေ စာမျက်နှာများသို့လည်း ဝင်ကြည့်ဖြစ်မိသည်။ သူ့သူငယ်ချင်းများကလည်း သူ့အတိုင်းပင်။ ပေါက်ပေါက်ရှာရှာ တွေးထားသည့်အတွေးများ၊ အတွေ့အကြုံများ၊ ကဗျာလို ဘာလိုလိုစာစုလေးများ။ ဘာပဲပြောပြော စိတ်ဝင်စားဖို့ကောင်းသည်။ လူငယ်များပီပီ ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ်ရေးကြသည်။ ဟိတ်ဟန် မရှိကြ။ စာရေးဆရာများလို စာဖတ်သူကို ပညာပြခြင်းမျိုး၊ ဆရာလုပ်ခြင်းမျိုးလည်း မရှိ။ ရေးချင်တာကို ရဲရဲဝံ့ဝံ့ရေးကြသည်။

အင်တာနက်ဆိုင်သွားတိုင်း မခေါ်မဖြစ် ခေါ်သွားရသူမှာ တခြားသူ မဟုတ်။ ကိုနိုင်။ ပလာဇာမှ ဆိုင်ပိတ်ပြီးတာနှင့် နှစ်ယောက်သား တက်ညီ လက်ညီ ချီတက်ဖြစ်ကြသည်။ သူလည်း အကောင့်သစ်တစ်ခု ဖွင့်ကာ သူ့အကောင့်နှင့်သူ အလုပ်ဖြစ်နေပြီ။ ထိုကဲ့သို့ ကျွန်တော်တို့ နှစ်ယောက် ဖေ့ဘွတ်က ကမ္ဘာကြီးထဲတွင် မွေ့လျော်နေစဉ်…

'ခူးခူးက ပုံအသစ်တွေရော စာအသစ်တွေရော မတင်ဘူးနော်။ ဘာများဖြစ်လို့ပါလိမ့်'

အိပ်ပျော်နေစဉ် မျက်နှာကို ရေနှင့် အပက်ခံလိုက်ရသကဲ့သို့ ကျွန်တော့်အသိစိတ်ထဲတွင် ဖျန်းခနဲဖြစ်သွားသည်။ ဟုတ်ပါရဲ့။ ကြည့်စမ်း။ ဒီတို့ အင်တာနက်လာသုံးတာ ခူးခူးနဲ့ အဆက်အသွယ်ရဖို့ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်ပြည့်တော့မယ်။ ခုထက်ထိ ခူးခူးစာမျက်နှာပေါ်တွင် စာအသစ်၊ ပုံအသစ်များ တက်လာခြင်းမရှိ။ ဘာများဖြစ်နေပါလိမ့်။ စိုးရိမ်စိတ်ကပါ တစ်ချိန်တည်း ကပ်ငြိပါလာသည်။

နာရီကိုကြည့်လိုက်တော့ ကိုးနာရီခွဲနေပြီ။ အခုချိန်ကျမှ ခူးခူးတို့ အိမ်သို့သွားရန် မသင့်တော်။ ဖုန်းဆက်၍လည်း မကောင်း။ မနက်ဖြန် ဆိုင်ကိုသွားတော့မှ အခြေအနေဝင်မေးကြည့်ရမည်။

❒ ❒ ❒

'တက်တက်… တက်တက်… တက်တက်'

အသံအကျယ်ကြီးခေါက်ရမှာ အားနာသဖြင့် ကားသော့များလေးဖြင့် တံခါးကို အသာခေါက်လိုက်သည်။ အတန်ငယ်စောင့်ကြည့်သည့်တိုင် လူရိပ်လူယောင် မမြင်ရ။

'ခေါက်… ခေါက်… ခေါက်…'

အားအနည်းငယ်ထည့်ကာ လက်သီးထိပ်ဖြင့် ခေါက်လိုက်သည်။ ထူးမခြားနား။ လူမရှိတာများလား။ သံပန်းတံခါးကြီးလည်း ပိတ်မထားပါဘူး။ ဘာပဲပြောပြော သေချာအောင် ထပ်ခေါက်ကြည့်မှ။

'ခေါက်… ခေါက်… ခေါက်… ခေါက်…'

ထိုအခါကျမှ လာပြီ၊ လာပြီဆိုသည့်အသံ ထွက်လာသည်။

'သြော်… မောင်မြင့်မိုရ်'

'ဟုတ်… ကြီးကြီး'

ထဘီရင်လျားကြီးနှင့် ကြီးကြီးက တံခါးဖွင့်ပေးသည်။

'စောင့်နေရတာ ကြာသွားပြီလား၊ ရေချိုးနေလို့၊ လာ… ဒီမှာ လာထိုင်'

ထိုင်ခုံပေါ်ရှိ ပုံဆွဲစက္ကူစများကိုဖယ်ကာ ထိုင်ရန်နေရာလုပ်ပေးပြီး အနောက်ထဲသို့ ပြန်ဝင်သွားသည်။

အခန်းထောင့်တွင်တော့ ထုံးစံအတိုင်း ဖိုးသားလေးက ကျောပေး၍

www.burmeseclassic.com

www.burmeseclassic.com



ယှန်းချိုဆွဲနေသည်။ ခုနက ကျွန်တော့်တံခါးခေါက်သံကို သူ မကြားဘူးလား။ သေချာမြင်ရရန် ဖိုးသားလေး ဘာလုပ်နေသလဲဆိုတာကို ကိုယ်ကို အနည်းငယ်တိမ်း၍ ကြည့်လိုက်သည်။ စိတ်ပါလက်ပါ ဆွဲနေသည်။ ခြေအသာဖော့၍ ဖိုးသားလေးနားသို့သွားကာ ဆွဲနေသည့်ပုံကို ကြည့်လိုက်သည်။

ဂါဝန်ဖားလျားကြီးနှင့် သတို့သမီးပုံ။ သို့သော် ဖိုးသားလေးဆွဲနေသည့် သတို့သမီးဝတ်စုံမျိုးကိုတော့ အပြင်တွင် တစ်ခါမှမတွေ့ဖူးပေ။ အနက်ရောင် ဂါဝန်ကြီး။

'ရေချိုးနေလို့ကွယ်၊ မကြားမိလိုက်ဘူး'

ကြီးကြီးက ဧည့်ခန်းထဲသို့ အအေးခွက်ကိုင်ကာ ပြန်ထွက်လာသည်။

'ဒါနဲ့ ခူးခူးက ဘာများမှာလိုက်လို့လဲ'

'အင်...'

'မဟုတ်ဘူး ကြီးကြီး၊ ကျွန်တော်က ခူးခူးနဲ့ အဆက်အသွယ်မရလို့ ကြီးကြီးတို့ဆီများ ဖုန်းဆက်သေးလားလို့ လာမေးတာ'

'အဲကွာ... ကြည့်... ဒီကောင်မလေးနှယ် ဒီလိုပဲ၊ အိမ်တွေဘာတွေကို အရေးမလုပ်ဘူး၊ သူများတကာ စိုးရိမ်နေမယ်ဆိုတာကို ဘယ်တော့မှမစဉ်းစားဘူး'

ကြီးကြီးက မကျေမနပ်ဟန်ဖြင့်ပြောကာ ခေါင်းလျှော်ထားသဖြင့် ဖွာနေသည့်ဆံပင်များကို စုချည်နေ၏။ တရော်ကင်ပွန်းနံ့ ရလိုက်သည်။ မေမေလည်း ခေါင်းလျှော်တိုင်း တရော်ကင်ပွန်းကိုသာ အသုံးပြုသည်။ ၎င်းအနံ့ကို ကျက်မိနေသည်။

'ခူးခူးက အခုလိုပဲ ခရီးဝေးတွေသွားတတ်သလား ကြီးကြီး'

'အင်း... သွားတော့ သွားပါတယ်၊ ဒါပေမဲ့ သူငယ်ချင်းတွေနဲ့ပါ၊ အခုတစ်ခေါက်မှ တစ်ယောက်တည်းသွားတာ'

'ဒါနဲ့များ ကြီးကြီးရယ်၊ မသွားဖို့တားပါတော့လား'

'အမလေး... မောင်မြင့်မိုရ်၊ မင်းညီမတားမယ့်အစား ခြသေ့ကို အသားမစားဖို့သွားတားတာမှ ဖြစ်လိမ့်ဦးမယ်၊ အင်မတန်ခေါင်းမာတဲ့ ကောင်မလေး'

www.burmeseclassic.com

www.burmeseclassic.com



ဦးဘူး ခေါင်းမာတာကတော့ အမှန်ပင်။ ဘယ်သူပြောပြော အလျှော့ပေးညှိဖို့ မပေါ်။ သူ မှန်တယ်ထင်ရင် တစ်လောကလုံးကို ဆန့်ကျင်ဖို့ ဝန်လေးသည့်သူ မဟုတ်။ ကြီးကြီးက အခန်းနံရံပေါ်က နာရီကို လှမ်းကြည့်သည်။ ထို့နောက် ကျွန်တော့်ဘက်သို့လှည့်ကာ…

'ဒါနဲ့ မောင်မြင့်မိုရ်၊ မင်းရောက်လာတာ အတော်ပဲ၊ ကြီးကြီးလေ ဒီလမ်းထိပ်က မွှေးရုံကို သွားစရာရှိလို့၊ မသွားမဖြစ်လို့ပါကွယ်၊ အဲဒါ ဖိုးသားလေးကို ခဏလောက်များ စောင့်ပေးလို့ရမလား၊ တန်ရောကြေရော ကြာလှ နာရီဝက်ပေါ့'

'ဟာ… ဟုတ်၊ ရပါတယ် ကြီးကြီးရဲ့'

'ဖိုးသားလေးကို အပြင်ခေါ်သွားဖို့ သိပ်အဆင်မပြေဘူးကွယ့်၊ လူကြားသူကြားထဲရောက်ရင် ပြောရဆိုရခက်နဲ့'

'ရတယ် ကြီးကြီး၊ သွား… စိတ်ချလက်ချသာသွား'

ကြီးကြီးထွက်သွားတော့မှ ဖိုးသားလေးကို အနီးကပ်လေ့လာခွင့်ရသည်။ ဝတ်စုံအနက်နှင့် သတို့သမီးပုံကို လက်စသိမ်းနေပြီ။ သူ့ဘေးတွင်လည်း တခြားသတို့သမီးပုံများက တပုံတပင်။ ကျွန်တော်ရှိနေတာကို လုံးဝဂရုမစိုက်။ တစ်ချက်မျှပင် ငဲ့စောင်းမကြည့်။ ဒီတစ်ပုံပြီးရင် နောက်တစ်ပုံကိုလည်း ဘယ်လိုဆွဲမလဲဟူ၍ သိချင်စိတ်ဖြင့် စောင့်ကြည့်လိုက်သည်။ သို့သော် ဆရာသမားက ထိုပုံကိုသာ စိတ်ရှည်လက်ရှည် အနုစိတ်သရုပ်ဖော်နေသဖြင့် စောင့်နေရသူ ကျွန်တော်ပင် စိတ်မရှည်တော့။

ထို့ကြောင့် ဝရန်တာဘက်ထွက်ကာ ဆိုင်ကို အနည်းငယ်နောက်ကျမည့်အကြောင်း ဖုန်းဆက်၍ပြောထားလိုက်သည်။ ဝရန်တာပေါ်မှ ရပ်ကွက်ထဲသို့ ဟိုဟိုဒီဒီကြည့်ပြီး အခန်းထဲသို့ ပြန်ဝင်လိုက်သည့်အခါ ဖိုးသားလေးက ပုံဆွဲမနေတော့။ ပြန့်ကြဲနေသည့် သူ့ပုံများကို စုစည်း ညီညီညာညာစီထပ်နေ၏။

'အံမယ်… ဖိုးသားက ဘယ်ဆိုးလို့လဲ၊ လိမ္မာသားပဲ'

ကျွန်တော့်စကားကို တုံ့ပြန်မှုမရှိ။ အတန်ငယ်ညီညာပြီးသားဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည့် သူ့ပုံများကို ဗိုရှိညီညာစေရန် လေးဘက်လေးတန် လက်ဖြင့် ညှိနေသည်။

'ဦး ကူလုပ်ပေးရမလားကွ'

ပြန်မော့မကြည့်။ မတုံ့ပြန်။ ထပ်ကာထပ်ကာလှည့်၍ ညီညီညာညာရှိစေရန် စီနေပြန်သည်။ အမှန်တကယ်တော့ သူ့ပုံလေးများသည် ညီညာပြီးသားပင်။ ဒီထက်ပို၍ မညီနိုင်တော့။ ထိုင်ခုံအောက်တွင် ရောက်နေသည့် ပုံကို ငုံ့၍ကောက်ပေးလိုက်သည်။ ထိုအခါမှ မော့ကြည့်ဖော်ရသည်။ အရယ်အပြုံး မရှိ။ သို့သော် ကလေးပီပီ ပါးဖောင်းဖောင်းလေးနှင့် ချစ်စရာကောင်းသည်။ မို့တက်နေသည့် ပါးကြီးနှစ်ဖက်မှာ ဆွဲလိမ်ချင်စရာ။ ကျွန်တော်ပေးလိုက်သည့် နောက်တစ်ရွက်ကိုပါ ထည့်ပေါင်းကာ သူ့ပုံများကို လေးဘက်လေးတန် ထပ်ညှိနေပြန်သည်။

နာရီဝက်တောင် မပြည့်။ ကြီးကြီး ပြန်ရောက်လာသည်။

'အဆင်ပြေတယ် မဟုတ်လား မောင်မြင့်မိုရ်ရယ် အားနာလိုက်တာ၊ တစ်ခုခုအဆင်မပြေမှာစိုးတာနဲ့ ဘာမှတောင်မစားခဲ့ဘဲ နှုတ်ဆက်ပြီးတော့ ပြန်လာတာ၊ ဒီနေ့ကျမှ အိမ်ကို လာကူပေးနေတဲ့ မိန်းမကြီးလည်း နေမကောင်းလို့တဲ့လေ၊ ကျေးဇူးပဲနော်'

ကြီးကြီးထံမှ ခုးခုးနှင့်ပတ်သက်၍ သတင်းအစအနမရခဲ့သော်လည်း ဖိုးသားလေးကို အနီးကပ်လေ့လာခွင့်ရခဲ့တာကတော့ အမြတ်ပင်။ ဖိုးသားလေးသည် ပုံမှန်မဟုတ်။ ယဉ်ယဉ်ရွယ်ရွယ်နှင့် အုံ့မခန်း ယန်းချီအစွမ်းရှိသည်။ စကားမပြော။ စိတ်ဝင်စားဖို့ကောင်းသလို စဉ်းစားဖို့လည်း ကောင်းသည်။ အခန်းထောင့်တွင် ဝင်ပေါက်ကိုကျောပေး၍ အချိန်ပြည့်ထိုင်နေတတ်သည်။ ဖိုးသားလေးကိုယ်တိုင်က သက်ရှိပန်းချီကားအလား သူ့ကိုမြင်လိုက်တိုင်း စိတ်ချမ်းမြေ့စရာကောင်းနေသည်။

အကြီးမားဆုံးအမြတ်ကတော့ ညဘက် အင်တာနက်ဆိုင်သို့ရောက်သည့်အခါ ကျွန်တော် မျှော်လင့်နေသည့်အရာကို တွေ့လိုက်ရခြင်းပင်။

ဖေ့ဘွတ်ပေါ်မှ ခုးခုး၏ပို့စ်အသစ်။

❖

www.burmeseclassic.com

www.burmeseclassic.com

# (၁၂)

"တတွေထဲမှာ ဖတ်ခဲ့ရသလို မဟုတ်တော့ဘူး။ အခုခေတ် ရွာတွေက ဆိုင်ကယ်သံတွေ၊ ထော်လာဂျီသံ ဆူညံပြီး ဆီနံ့တွေမွှန်ထူနေလို့ မြို့နဲ့တောင် သိပ်မကွာတော့ဘူး။ လှည်းယာဉ်ကျောပေါ်က ကွမ်းတောင်ကိုင် ဖိနပ်မချောလေးတို့ ရေခပ်ဆင်းချိန်တို့ မရှိတော့ဘူး။ ရွာသူလေးတွေက ဆိုင်ကယ်ကြီးကားယားခွလို့၊ တောသူမကြီးတွေကလည်း ချဲတွက်၊ စလောင်းကြည့်၊ ကိုရီးယားကားကြည့်နဲ့ အရင်လို မောင်ကြီးရှိရာ လယ်တောထဲကို ထမင်းတောင်းရွက်ကာ လိုက်မပို့တော့။ သူတို့မောင်ကြီးတွေကလည်း လယ်ထဲမှာ မရှိတော့ဘူးတဲ့။ အကုန်လုံး မလေးရှားရောက်ကုန်ပြီ။ မင်းလှုကိုရောက်တော့ ခံတပ်ဟောင်းကြီးရယ်၊ ဣန္ဒြေကြီးတခွဲသား စီးဆင်းနေတဲ့ ဧရာဝတီမြစ်ကြီးရယ် အင်မတန်လိုက်ဖက်တယ်။ အရမ်းခန့်တာပဲ။ ရှခင်းဓာတ်ပုံရိုက်ချင်တဲ့သူတွေအတွက်တော့ အံကိုက်ပဲ။ ဒါပေမဲ့ အခုချိန်ထိ စိတ်ကြိုက်ပုံကောင်းကောင်းမရသေးဘူး။ ရိုက်ခဲ့တဲ့ပုံတွေက အများကြီး။ ရောက်ခဲ့တဲ့ရွာတွေလည်း အများကြီး။ အခု နေပြည်တော်မှာ။ မြန်မာနိုင်ငံရဲ့မြို့တော်ကြီးမှာပေါ့။ မြို့တော်နဲ့အညီ တကယ့်ကို သန့်ရှင်းလှပပါပေတယ်။ လမ်းတွေကလည်း အကျယ်ကြီး။ အဝိုင်းတွေကလည်း အကြီးကြီး။ ညဘက်တွေဆိုရင် သီတင်းကျွတ် ပွဲတော်ရောက်နေသလား အောက်မေ့အောင် မီးတွေထွန်းထားလိုက်တာမှ ထိန်လင်းလို့။ အချိန်မတော် ရွှေ့ကာသွားတတ်တဲ့ ခူးခူးအတွက် အရမ်းကောင်းတယ်။ အရမ်းမကောင်းတာက လမ်းတွေပေါ်မှာ လူတစ်ယောက်မှ မရှိတာပဲ။ နေ့ဘက်ကျရင်လည်း တရုတ်ပြည်ရောက်နေသလား မှတ်ရအောင် တရုတ်တွေအများကြီးပဲ ဒီမှာဆက်နေလို့ကတော့ ဘာဓာတ်ပုံမှရမှာ မဟုတ်ဘူး။ အထက်အညာ

www.burmeseclassic.com



ကို ဆက်တက်မယ်။ တကယ့်မြန်မာတောသားကြီးတွေရဲ့ ရိုးသားပွင့်လင်းတဲ့ မျက်နှာတွေကို အမိအရရိုက်ချင်တယ်"

ခူးခူးလိုချင်တဲ့ဓာတ်ပုံတွေ အမြန်ဆုံးရပါစေဟု ဆုတောင်းကွန်မန့်ရေးပြီး ၎င်းပို့စ်ကိုပဲ နောက်တစ်ကြိမ်ထပ်ဖတ်လိုက်သည်။ ကိုနိုင်ကတော့ ခူးခူးပို့စ်အသစ်ကို ဖတ်ပြီးသည့်အခါ သင်တန်းပြီးတာနှင့် မင်းလှခံတပ်ကြီးနှင့် ဧရာဝတီမြစ်ကို ဓာတ်ပုံသွားရိုက်မည်ဟု ပြောသည်။ ကိုနိုင် တက်နေသည့် သင်တန်းသည် ခူးခူးညွှန်လိုက်သည့် ဓာတ်ပုံသင်တန်းဖြစ်ကြောင်းကိုတော့ အထူးပြောရန် လိုမည်မထင်။

ခူးခူးအပါအဝင် အခြားသူများ၏ ပို့စ်တွေကိုဖတ်ပြီးသည့်အခါတိုင်း ထိုသူများကဲ့သို့ ဖေ့ဘွတ်ပေါ်တွင် တစ်ခုခုရေးချင်လာမိသည်။ ဘာရေးရမလဲ။ ခေါင်းထဲတွင် ချက်ချင်းပေါ်လာသည်မှာ ဖိုးသားလေးအကြောင်း။ ထို့ကြောင့် ဖိုးသားလေး၏ အခြားသောကလေးများနှင့်မတူ ထူးခြားသည့် သွင်ပြင်လက္ခဏာများအကြောင်းကို ရေးတင်လိုက်သည်။

ကျွန်တော်၏ ပထမဆုံးပို့စ်အပေါ် ဘယ်လိုများတုံ့ပြန်မှုတွေ ရှိမည်နည်း။ ရင်ခုန်စွာနှင့် နောက်တစ်နေ့တွင် ပြန်ဖွင့်ဖတ်လိုက်သည်။ အခြေအနေမဆိုးလှ။ အကြံဉာဏ်ပေးထားသည့် ကွန်မန့်များ တက်နေသည်။ ထိုအထဲတွင် ကိုဉာဏ်အောင်ဆိုသူ၏ ထူးထူးခြားခြားကွန်မန့်တစ်ခု ပါလာသည်။

"ကျွန်တော်က Psychologist (စိတ်ပညာရှင်)တစ်ယောက်ပါ။ အခုတင်ထားတဲ့ပို့စ်အရဆိုရင် ဖိုးသားလေးမှာ autistic child လက္ခဏာတွေ တွေ့ရပါတယ်။ မြန်မာလိုဆိုရင်တော့ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှောင့်နှေးတယ်လို့ပဲ လွယ်လွယ်ဆိုရပါ့မယ်၊ ထိုကလေးမျိုးကို ဂရုတစိုက်ပြုစုပေးလိုက်ရင် အခု စာထဲမှာရေးထားတဲ့ အခြေအနေတွေထက် အများကြီး တိုးတက်လာနိုင်ပါတယ်။ စကားတွေဘာတွေလည်း ပြောနိုင်လာမှာပါ"

ထိုပုဂ္ဂိုလ်၏ ကွန်မန့်ကိုဖတ်ပြီးသွားသည့်အခါ အတော်လေးအားတက်သွား၏။ ဝမ်းသာအားရနှင့် ထိုသူ၏ Wall သို့သွားကာ ဖိုးသားလေးအကြောင်း ပိုမိုပြည့်စုံအောင် ရေးသားလိုက်ပြီး မည်ကဲ့သို့ ကုသရမည်နည်းဟု မေးလိုက်သည်။ ကိုဉာဏ်အောင်၏ တုံ့ပြန်ရေးသားပုံမှာတော့···

www.burmeseclassic.com

www.burmeseclassic.com



"ပထမဆုံးအနေနှင့် autism ဆိုတာ ဆီးချိုတို့ သွေးတိုးတို့လိုရောဂါ မဟုတ်တဲ့ အတွက် ကုသလို့မရပါဘူး။ ရှိရင်းစွဲအခြေအနေတွေ ထက်တိုးတက်လာအောင်သာ ကလေးကို ပြုစုပျိုးထောင်ပေးလို့ ရမှာပါ။ အရင်ဆုံးအနေနှင့် လူတောတိုးအောင် လုပ်ရမယ်။ ကလေးအကြိုက် လိုက်ရမယ်။ နွေးနွေးထွေးထွေး ဆက်ဆံရမယ်၊ နည်းနည်းတော့ လက်ဝင်ပြီး သိမ်မွေ့ပါတယ်"

ကျွန်တော်က အပြင်မှာ ကိုဉာဏ်အောင်ကိုများ တွေ့ခွင့်ရမလား ဟုရေးလိုက်သည့်အခါ သူက တောင်အာဖရိကတွင် အလုပ်လုပ်နေကြောင်း၊ တွေ့ဖို့မဖြစ်နိုင်ကြောင်း စာပြန်သည်။ သို့သော် သူနှင့်မတွေ့ရလည်း အရေးကြီးကြောင်းနှင့် ဖိုးသားလေးနှင့်ဆက်ဆံရာတွင် ဆောင်ရန် ရှောင်ရန်များကို သိရှိနိုင်ရန် အင်တာနက်လိပ်စာများ ညွှန်ပြသည်။

ကိုဉာဏ်အောင် ညွှန်းသည့် လိပ်စာများကို ချက်ချင်းဖွင့်ဖတ်လိုက်သည်။ အားပါး။ အင်မတန်ပြည့်စုံကာ မှတ်သားလောက်ပေသည်။ ဆိုက်တစ်ခုတွင်ဆို တစ်ကမ္ဘာလုံးရှိ ဖိုးသားလေးကဲ့သို့သော ကလေးမျိုးကို မွေးဖွားထားသည့် မိဘများ၏ ခံစားချက်များကို စုံစုံလင်လင်တင်ထားသည်။ ကိုယ်တွေ့ဖြစ်ရပ်များဖြစ်သဖြင့် အင်မတန်လက်တွေ့ကျကာ အသုံးဝင်လှသည်။

တစ်ရက်အချိန်ပေး၍ ဖိုးသားလေးထံသွားလိုက်သည်။ လက်ချည်းဗလာမဟုတ်။ ပုံဆွဲခဲတံများ၊ စက္ကူများ ဝယ်သွားပေးလိုက်သည်။ သိသာသည်။ ထိုအရာများကို ပေးလိုက်သည့်အခါ ဖိုးသားလေး၏ မျက်လုံးများ အရောင်လက်လာ၏။ ဝမ်းသာအားရနှင့် ကျွန်တော်ပေးလိုက်သည့် ခဲတံ၊ စာရွက်များကိုယူကာ အငမ်းမရဆွဲပါလေတော့သည်။ ကျွန်တော်ပါ ဖိုးသားလေးဘေးတွင် ဝင်ထိုင်၍ အတူတူဆွဲသည်။ အရောင်တွေ ချယ်ကြသည်။ ကျွန်တော့်ပေါင်ပေါ်တွင် ဖိုးသားလေး အိပ်မပျော်မချင်းအထိ ဖြစ်သည်။

ဖိုးသားလေး အိပ်ပျော်သွားတော့မှသာ ကြီးကြီးကို ခူးခူး ဘယ်မြို့သို့ ရောက်နေသည့်အကြောင်း၊ စိတ်မပူဖို့အကြောင်း၊ အင်တာနက်ပေါ်မှ ကိုဉာဏ်အောင်၏ ဖိုးသားလေးအပေါ် လမ်းညွှန်ချက်များအကြောင်း စသဖြင့် အနည်းငယ်ပြောကာ အိမ်ပြန်ခဲ့သည်။ နှစ်ရက်ခြားတစ်ခါ၊ သုံးရက်ခြား

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ဖိုးသားလေးထံသို့ လာပါရစေဟု ခွင့်တောင်းသည့်အခါ ဝမ်းသာအားရ လက်ခံသည်။ တံခါးဝတွင် ကြီးကြီးပြောလိုက်သည့်စကားကြောင့် အိမ်အောက်သို့ မည်သို့မည်ပုံဆင်းခဲ့မိမှန်း မသိ။ လှေကားထစ်တွေနှင့် ခြေထောက်ထိသည်ဟုပင် မထင်လိုက်ရ။ မြောက်သွားသည်ဟု ဆိုလိုသည်။

'အားကိုးပါတယ် မောင်မြင့်မိုရ်ရယ်၊ ဒီမိသားစုကို မင်းကြိုက်သလို စီမံစမ်းပါ'

❒ ❒ ❒

ဖိုးသားလေးနှင့်ပတ်သက်၍ ကျွန်တော် ကြိုးပမ်းနေပုံများကို ခူးခူးထံ ပေးပို့လိုက်ရာ ခူးခူးက ဖေ့ဘုတ်ပေါ်တွင် ကျွန်တော် ရေးထားသည်ကို ဖတ်လိုက်ရကြောင်း၊ သူလည်း ဖိုးသားလေး စကားပြောလိမ့်မည်ဟု မျှော်လင့်ကြောင်း စာပြန်ပို့သည်။

နောက်နေ့များတွင် ဖိုးသားလေးထံသို့ သွားသည့်အခါ ကိုနိုင်ပါ လိုက်လာပေးသည်။ ကိုနိုင်ပါတာ တစ်ခုကောင်းသည်။ သူက ပန်းချီအခြေခံရှိသဖြင့် ဖိုးသားလေးကို သတ္တဝါပုံသာမက အခြားပုံများဆွဲတတ်အောင် ပြသပေးသည်။ တစ်ခါတလေ အိမ်ထဲတွင်ပင် မဟုတ်တော့။ တိရစ္ဆာန်ရုံတို့၊ ကန်တော်ကြီးတို့သို့သွားကာ တိရစ္ဆာန်ပုံများ၊ ရှုခင်းပုံများ ဆွဲကြသည်။ ကိုနိုင်ကတော့ ဓာတ်ပုံတွေရိုက်ပေါ့။ ထိုဓာတ်ပုံများကိုလည်း သူ့ဖေ့ဘွတ်ပေါ်တွင် တင်ထားသည်။ ကိုနိုင်၏ တချို့ပုံများကို ခူးခူးကပင် ချီးကျူးနေရပြီ။

ခူးခူး၏ခရီးစဉ်မှာ အဆုံးမသတ်သေး။ ရွာတွေမြို့တွေရောက်တိုင်း ဆွဲရိုက်ခဲ့သည့်ပုံများ၊ အတွေ့အကြုံများကိုတော့ ပုံမှန်တင်သည်။ သူသွားခဲ့သည့်မြို့တွေကလည်း မနည်းမနော။ သတ္တိကတော့ ချီးကျူးစရာပင်။

ထိုကြားထဲတွင် တစခန်းထလာသူမှာ အခြားမဟုတ်။ ကင်းအောင်ကျော်။ ဘယ်ကနေ ဘယ်လိုဖြစ်သွားမှန်း မသိ။ သူနှင့်တွဲနေသည့် ကောင်မလေးနှင့် အိမ်ထောင်ပြုတော့မည်ဟု ဗြုန်းစားကြီးပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'အေး… ယူပေါ့ကွာ၊ လူကြီးတွေကို ငါလည်း ဝိုင်းပြောပေးပါ့မယ်၊ ငယ်မှမငယ်တော့ကြတာကိုး'

ကိုနိုင်ကတော့ လူပျိုကြီးတို့ထုံးစံအတိုင်း အိမ်ထောင်ပြုရန် တက်တက်ကြွကြွ ထောက်ခံနေသည်။ ကောင်မလေးဟုသာ လွယ်လွယ်ပြောရသော်လည်း ထင်အောင်ကျော်ရည်းစားမှာ သူ့ထက်အများကြီး အသက်ပိုကြီးသည့် မမကြီးတစ်ယောက်ဖြစ်သည်။

'အဲဒီလောက်လည်း အသက်မကြီးသေးပါဘူး ကိုနိုင်ရာ၊ သူ့ဘာသာသူ အသွားကြီးသွားကြိုက်တာကိုး'

'ဟာ… ဟော့ကောင်'

အငယ်ကောင်က ပြောလိုက်သည့်အခါ ထင်အောင်ကျော်သည် နောက်သို့ မလုံမလဲနှင့်လှည့်ကြည့်ကာ…

'မတော်တဆ ဆိုင်ထဲဝင်လာလို့ 'မ'ကြားသွားပါဦးမယ်'

'××× ××× ×××'

ဒီကောင် အဖြစ်သည်းပုံကိုကြည့်ပြီး ကျွန်တော်နှင့် အငယ်ကောင်တို့ ဝိုင်းဆွဲလိုက်ကြရာ မိုးမွှန်သွားလေတော့သည်။ ထိုအခါကျမှ ထင်အောင်ကျော်က ဇက်ကလေးပု၍…

'မဟုတ်ပါဘူးကွာ၊ ငါ့မမက နဂိုကတည်းက သူ့ဘာသာသူ ငါ့ထက်အသက်ပိုကြီးတယ်ဆိုပြီးတော့ ဆိုက်ကိုဖောက်နေတာကွ၊ အဲဒါကြောင့်ပါကွာ'

မျက်နှာငယ်လေးနှင့် ပြန်ပြောရှာသည်။ ဒီလောက်နဲ့တော့ ဘယ်ရလိမ့်မလဲ။ ထုံးစံအတိုင်း အငယ်ကောင်က စတင်ပြီး တွယ်ပါတော့သည်။

'ယူတာကတော့ ယူပေါ့ကွာ၊ ဒါပေမဲ့ ငါ့ကောင်ရ၊ မင်းသိထားဖို့က မိန်းမဆိုတာ နို့ဆီဘူးလိုပဲကွ၊ ဖောက်ပြီးတာနဲ့ မကုန်မချင်း သုံးရတယ်၊ သုံးနေတဲ့အချိန်တွင်းမှာလည်း ပုရွက်ဆိတ်တက်မှာစိုးရ၊ ယင်ကောင်နားမှာစိုးရ၊ အချဉ်ဖောက်မှာစိုးရနဲ့ မျက်ခြည်မပြတ် ဂရုစိုက်နေရတာ၊ အင်မတန်အလုပ်ရှုပ်တယ်ကွ၊ ကိုနိုင့်လို လူပျိုကြီးဘဝပဲ ကောင်းတယ်နော် ကိုနိုင်'

www.burmeseclassic.com

www.burmeseclassic.com

အငယ်ကောင်က ကိုနိုင်ဘက်သို့ ပင့်တင်ပေးလိုက်သည်။ ထုံးစံတိုင်းဆိုလျှင် ကိုနိုင်က အသာလေးရိုက်ချလိုက်ရုံသာ။ အခုတော့ ကိုနိုင်က ဘာမှပြန်မပြော။ အင်း… အဲလုပ်နေသဖြင့် အငယ်ကောင်က စိတ်မရှည်တော့ဘဲ…

'ဘာလဲ… ကျွန်တော်ပြောတာ မဟုတ်လို့လား ကိုနိုင်ရ၊ ရန်မဖြစ်ဖူးတဲ့ လင်မယားရယ်လို့ ရှိလို့လားဟင်၊ ကဲ… ပြောကြစမ်းပါဦး၊ သွေးမစုပ်ဖူးတဲ့ခြင်သာ ဒီကမ္ဘာပေါ်မှာ ရှိချင်ရှိလိမ့်မယ်၊ ရန်မဖြစ်ဖူးတဲ့ လင်မယားတော့ ရှိမှာမဟုတ်ဘူး၊ ဟင်း… ဟင်း…'

သူ့ဘာသာသူ ပြောပြီး အငယ်ကောင်က ရယ်နေသည်။ ကျွန်တော်ကလည်း ထောက်ခံသည့်သဘောဖြင့် လိုက်ရယ်လိုက်သည်။ ထင်အောင်ကျော်တောင် ပြုံးဖြဲဖြဲဖြစ်နေသည်။ သို့သော် ကိုနိုင်ကတော့ မရယ်။

'အဲလိုတော့လည်း မဟုတ်ဘူးလေ'

တွေးဆဆဖြင့် ပြန်ပြောသည်။

'ခူးခူးရဲ့ဖွေဘွတ်မှာ ငါဖတ်လိုက်ရတာတစ်ခုရှိတယ်၊ သူကတော့ ဘာကိုရည်ရွယ်ပြီးရေးတာလဲ မသိဘူး၊ ငါကတော့ သဘောကျလွန်းလို့ သေသေချာချာကြီးကို မှတ်မိရတာ၊ ဘာတဲ့…

"အိမ်ထောင်ရေးပြဿနာဆိုတာ ခွေးချေးနင်းမိထားတဲ့ ဖိနပ်လိုပဲတဲ့၊ ယေနေတဲ့အချိန်မှာတော့ မခံနိုင်လောက်အောင်နံယေမယ့် ရေဆေးလိုက်လို့ ပြောင်သွားတဲ့အခါ ကျရင်တော့ ဘာမှမဟုတ်တော့ပါဘူး ခွေးချေးပေခဲ့လို့ဆိုပြီး ဘယ်သူမှ ဖိနပ်ကိုလွှင့်မပစ် ကြသလို အဲဒီထခဲ့တဲ့အချိန်ကိုလည်း တသသပြောမနေသင့်ဘူးတဲ့၊ ကဲ.. ဘယ်လောက် မှန်လိုက်သလဲ"

အငယ်ကောင်က မျက်နှာကြီးရှုံ့မဲ့ပြသည်။

'ဒါကတော့ ကိုနိုင်က ခူးခူးဘာပြောပြော ဘာရေးရေး ဘာမဆို အကောင်းချည်းမြင်နေတာကို၊ ကိုနိုင်ပြောလွန်းလို့ ကျွန်တော်လည်း သွား ကြည့်ပါတယ်၊ ရှုံ့တွတွအဘွားကြီးပုံတွေရော၊ အလောင်းပုံတွေရော၊ ဆံကဆပေကြီးနဲ့ အသုပ်နယ်နေတဲ့ပုံတွေရော ဘာတွေမှန်းမသိဘူး၊ သူ့တောင် တစ်ခါတည်း ရူးချင်ချင်ဖြစ်သွားတယ်'

www.burmeseclassic.com

www.burmeseclassic.com



ထင်အောင်ကျော်ကပါ ကိုနိုင်ကို ဝင်တွယ်သည်။

'ဟုတ်တယ်၊ မသိရင် ခူးခူးကို မြင့်မိုရ်က ကြိုက်နေတာရော ဟုတ်ရဲ့လားမသိဘူး၊ ဟိုကောင်က တော်တော်၊ ခူးခူးအကြောင်းဆို ကိုနိုင့်ပါးစပ်ကမချတော့ဘူး'

ထင်အောင်ကျော်က တစ်ခါတည်းရိုက်ချသည်။

'ဟာ… ဒီကောင်တွေကလေ'

ကိုနိုင်က အံကြီးကြိတ်ကာ ပြန်ပြောသည်။

'ဟာ… ငါတို့ဆိုင်လည်း အကြောင်းမသိဘဲ အပြင်ကဖြတ်သွားရင် တကူးကူး၊ တကူးကူးနဲ့ ကလေးချော့သိပ်နေတယ်လို့ ထင်နေဦးမယ်'

'ပြောနေကြပြန်ပြီလား ခူးခူးငှိကာ'

ခူးခူးအကြောင်းကို ကျွန်တော်နှင့် ကိုနိုင်တို့က ပြောလွန်းသဖြင့် ဒီကောင်တွေက ရလျှင်ရသလို တွယ်ကြသည်။ ခူးခူးပို့စ်တွေကိုဖတ်ပြီး တိုင်းလည်း ကြောင်တောင်တောင်တွေပါကွာ၊ စိတ်ရောမှန်ရဲ့လားမသိဟု ဝိုင်း၍ထောပနာပြုကြသည်။ အရူးရေးတာကို အရူးကြိုက်တာ မဆန်းဟု ပင် ပြောကြသေးသည်။

အကြီးကောင်နှင့် မရှေးမနှောင်းပင် ထင်အောင်ကျော်မမပါ အထုပ် အပိုးများနှင့် ရောက်လာသည်။ ခူးခူးနှင့်ပတ်သက်၍ မရပ်သေး။ ကိုနိုင်က ခူးခူးဓာတ်ပုံတွေနှင့်ပတ်သက်၍ ထင်အောင်ကျော်ကို ရှင်းပြနေသည်။ ခူးခူး က အလှအပရှုခင်းပုံတွေ ရိုက်လေ့မရှိကြောင်း၊ လူတွေရဲ့မျက်နှာတွေ စိတ်လှုပ်ရှားမှု (emotion)တွေကိုသာ သဘာဝအတိုင်း အမိအရ ရိုက်တာ ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဓာတ်ပုံရိုက်နည်းသည် မြန်မာပြည်မှာ သိပ်ခေတ်မစား ပေမယ့် ဥရောပတစ်လွှားမှာတော့ အလွန်လူကြိုက်များကြကြောင်း ရှင်း သည်။ တန်ခူးအိခြွေဆိုသည့် ခူးခူး၏နာမည်ရင်းကိုပါ ကိုနိုင်၏စကားအဆုံး လွှတ်ခနဲပါသွားရာ…

'တန်ခူးအိခြွေ'

ထင်အောင်ကျော်မမ မဖြူက အထူးအဆန်းနာမည်တစ်ခုကို ကြား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသလို ခူးခူးနာမည်ကို ထပ်ကာထပ်ကာ တတွတ်တွတ်ရေရွတ်နေ၏။

'တန်ခူးအိမြွေ'

ဘာဖြစ်လို့ပါလိမ့်ဆိုသည့် သဘောမျိုးနှင့် ကျွန်တော်တို့အားလုံးက ဝိုင်းကြည့်လိုက်ကြသည်။

'ဒေါက်တာဟာန်ဇော်ရဲ့သမီးလေး မဟုတ်လား'

'အဲ... သူ့အဖေနာမည်ကိုတော့ မသိဘူးဗျ'

'ဟုတ်မှာပါကွယ်၊ တန်ခူးအိမြွေဆိုတဲ့နာမည်က နာမည်တူ ရှားမှာပါ'

'မဖြူဖြူနဲ့ သိလို့လား'

ကျွန်တော်က စိတ်ဝင်တစား မေးလိုက်သည်။

'သိပ်သိတာပေါ့၊ ဘယ်မေ့ပါ့မလဲ၊ မတို့ရဲ့ ဇာတိမြို့လေးမှာ သူတို့မိသားစုအကြောင်းက ဟိုးလေးတကျော်ဖြစ်ခဲ့တာကို၊ အထူးသဖြင့် ခူးခူးအဖေက...'

ကျွန်တော်တို့အားလုံး မဖြူဖြူ၏ စကားများကို စိတ်ဝင်တစားနားထောင်ကြသည်။ တချို့နေရာများတွင် အံ့သြမိသည်။ တချို့နေရာများတွင် သနားမိသည်။ တချို့နေရာမှာကျတော့ ဟာခနဲ၊ ဟင်ခနဲ။ သေချာတာကတော့ မဖြူဖြူ စကားပြောကောင်း၍ မဟုတ်။ ခူးခူး၏ မိသားစုဘဝသည် ကျွန်တော်တို့နှင့် လုံးဝမတူ။ ဒါကြောင့်လည်း ခူးခူးက အခုခါမှာ သူများနှင့်မတူဘဲ တစ်မူထူးခြားနေရတာများလား။

အကွေ့အကောက် အတက်အကျများနှင့် ဟိုတစ်ချိန်က မိသားစု တစ်စု။

❖

www.burmeseclassic.com

www.burmeseclassic.com

(၁၃)

အင်္ဂလန်နိုင်ငံတွင် ဘွဲ့ရခဲ့ပြီး လူနာများနှင့်ဆက်ဆံရာတွင် နာမည်ကောင်းတစ်ခု ရရှိထားသည့် စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဟန်ဇော်ဆိုသူမှာ ခူးခူး၏ဖခင်ဖြစ်သည်။ အသပြာဆရာဝန် လုံးလုံးမဟုတ်ဘဲ အခြားသောဆရာဝန်များ တာဝန်မထမ်းဆောင်လိုသည့် နယ်စွန်နယ်ဖျားများထိအောင် သွားရောက်တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်သည်။ ဇနီးကောင်း ပီသစွာဖြင့် ခူးခူး၏ မိခင်မှာလည်း ယောက်ျားတာဝန် ကျရာအရပ်တိုင်းသို့ မညည်းမညူ လိုက်ပါ ပါရမီဖြည့်တင်းလာခဲ့သဖြင့် လူတကာအားကျရသော စံပြအိမ်ထောင်ရေးတစ်ခုကို ပိုင်ဆိုင်ကြသည်မှာ···

ခူးခူး ကိုယ်ဝန်မဆောင်ခင်အထိပင်။

ပထမဆုံးကိုယ်ဝန်ဖြစ်သဖြင့် ဒေါက်တာဟန်ဇော်တို့လင်မယားသည် ထိုကိုယ်ဝန်ကို အထူးဂရုစိုက်ကာ စောင့်ရှောက်ခဲ့သည်ကိုတော့ ပြောရန်ပင် မလို။ တွက်ချက်ကြည့်ရာတွင်လည်း ကလေးမီးဖွားသည့်အချိန်သည် တန်ခူးလဖြစ်သဖြင့် ယောက်ျားလေးမွေးလာပါက တန်ခူးဇော်ဇော်ဟု အမည်ပေးရန်နှင့် မိန်းကလေးမွေးပါက တန်ခူးအိမြွေ့ဟုမှည့်တွင်ရန် ကြိုတင်သတ်မှတ်ထားခဲ့သည်။ အချိန်တိုင်းလိုလို ဒေါက်တာဟန်ဇော်၏ ဂရုတစိုက်ရှိမှုများကြောင့် လင်မယားနှစ်ယောက် အထူးကြည်နူးဖွယ်ကောင်းခဲ့သည်မှာ···

ဒေါက်တာဟန်ဇော်ထံသို့ ထူးဆန်းသည့် ဝေဒနာရှင်တစ်ယောက် ရောက်မလာချိန်ထိပင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစိတ်ဝေဒနာရှင် အမျိုးသမီးသည် အခြားသောဝေဒနာရှင်များကဲ့သို့ မဟုတ်။ သန့်သန့်ပြန့်ပြန့် တောင့်တောင့်တင်းတင်းရှိကာ ဒေါက်တာဟန်ဇော်နှင့်လည်း ငယ်စဉ်က ကျောင်းနေဖက်သူငယ်ချင်းဖြစ်ခဲ့ဖူးပြီး အိမ်ထောင်တစ်ခါမှမကျဖူးသည့် အပျိုကြီးတစ်ယောက်ဖြစ်သည်။ ၄င်းအမျိုးသမီး၏ အဓိကပြဿနာမှာ ယောက်ျားများကိုမြင်ပါက ရှုံရှာစိတ်များ ထိန်းမနိုင်သိမ်းမရဖြစ်ကာ ဆောက်တည်ရာမရ စိတ်ဂနာမငြိမ်ဖြစ်ခြင်းပင်။ နောက်ဆုံးတွင် လူ့အသိုင်းအဝိုင်းကြား၌ မနေနိုင်တော့ဘဲ ဒေါက်တာဟန်ဇော်တို့ထံသို့ ရောက်လာခဲ့ရတော့သည်။ ထူးဆန်းသည်မှာ ဆေးရုံပေါ်တွင် ဒေါက်တာ ဟန်ဇော်မှတစ်ပါး အခြားသော အမျိုးသားဆရာဝန်၊ သူနာပြုတို့ကို အနီးကပ်မခံ။ ယောက်ျားလေးတွေတွေ့တာနှင့်တစ်ပြိုင်တည်း အော်ဟစ်မောင်းထုတ်သဖြင့် အထူးသီးသန့်ဆောင်၌ထားကာ ကုသပေးရသည်။

အမြင်ကျဉ်းမြောင်းသော နယ်မြို့လေးများ၏ ထုံးစံအတိုင်း ထိုကဲ့သို့ ဒေါက်တာဟန်ဇော်တစ်ယောက်တည်းကိုသာ လက်ခံစကားပြောခြင်းသည် ထိုမြို့သူမြို့သားများအတွက် အတင်းပြောစရာအကွက်ကောင်းတစ်ခု ဖြစ်ခဲ့လေတော့၏။

အစပိုင်းတွင်တော့ ရူးရူး၏မိခင်သည် လင်ယောက်ျားအပေါ် ရာနှုန်းပြည့်ယုံကြည်မှုရှိသူပီပီ ကြားသိနေရသော သတင်းများအပေါ် မည်သို့မျှမမှု။ ထိုအမျိုးသမီးကိုပင် ကရုဏာသက်ခဲ့သေးသည်။ ဒေါက်တာဟန်ဇော်ကလည်း ရှိရင်းစွဲစေတနာပြည့်ဝသည့် ဆရာဝန်ဖြစ်သည့်အပြင် ငယ်သူငယ်ချင်းလည်းဖြစ်ပြန်၊ သူတစ်ယောက်တည်းသာ ကုသလို့ရသည့် လူနာလည်းဖြစ်သဖြင့် ထိုအမျိုးသမီးကို အခြားသောလူနာများထက်ပို၍ အလွန်အမင်း ဂရုစိုက်ကုသပေးခဲ့သည်။ အမျိုးမျိုးထွက်ပေါ်နေသော သတင်းစကားများကို လျစ်လျူပြုကာ မိသားစုပြဿနာမရှိဘဲ ငြိမ်းချမ်းသာယာခဲ့သည်ဆိုသော စကားစုမှာ…

ရူးရူးကို ဗိုက်ခွဲမွေးထုတ်သည့်နေ့မတိုင်ခင်ထိသာ မှန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ဒေါက်တာဟန်ဇော်၏လူနာ အမျိုးသမီးမှာ ဝေဒနာ ဖောက်ပြီး အသည်းအသန်ဖြစ်နေသဖြင့် အစွမ်းကုန်ကုသ ထိန်းသိမ်းနေရချိန် ဖြစ်သည်။ ထို့အတူ တစ်ဖက်တွင်လည်း ဇနီးဖြစ်သူမှာ သတ်မှတ်ရက်ထက် စောပြီး ဆေးရုံသို့ အရေးပေါ်တင်ပို့ထားရသည်။ ဗိုက်ခွဲမွေးရမည်။ စဉ်းစားရ အတော်ကျပ်လေပြီ။ တစ်ဖက်တွင် လူနာ။ တစ်ဖက်တွင် ဇနီးနှင့် ရင်သွေးဦး။ ဘာကိုရွေးရပါ့။

နောက်ဆုံးတွင် ဆုံးဖြတ်ချက်တစ်ခု ခဲရာခဲဆစ်ချသည်။ မိမိဇနီး ကို ခွဲစိတ်မည့် မိတ်ဆွေဆရာဝန်များကို ဖုန်းနှင့်ဆက်သွယ်ကာ အခြေအနေ စုံစမ်းသည်။ ဗိုက်ခွဲမီးဖွားရန်အတွက်လည်း လူနာရှင်အနေနှင့် သဘောတူ လိုက်သည်။ လူကိုယ်တိုင်တော့ လိုက်မသွားဖြစ်။ ဟိုမှာ သူက အပိုလူ။ ဘာမှလုပ်နိုင်မှာ မဟုတ်။ ဒီမှာက သူမရှိလျှင် မဖြစ်သည့်အခြေအနေ။ ဆရာဝန်တစ်ယောက်အနေနှင့် ထိုဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟုမဆိုနိုင် သော်လည်း အိမ်ထောင်ရှင်အမျိုးသားတစ်ယောက်အနေတွင်တော့…

ခူးခူး၏မိခင်သည် သူ့ယောက်ျားနှင့်စကားမပြောတော့။ ဒေါက်တာ ဟန်ဇော်က အမျိုးမျိုးကြိုးစား၍ ရှင်းပြသည်။ အခြေအနေ မထူး။ မီးလောင် ရာ လေပင့်သကဲ့သို့ ဒေါက်တာဟန်ဇော်နှင့် သူ့လူနာအမျိုးသမီးတို့သည် ငယ်စဉ်က ချစ်သူများဖြစ်ခဲ့ဖူးသည်ဆိုသည့် သတင်းများက လှိုင်ထွက်လာ သည်။ လူမမယ်ကလေးလေးကိုပိုက်၍ ခူးခူးအမေသည် ဒေါက်တာဟန်ဇော် နှင့် ဝေးရာသို့ ထွက်သွားလေတော့သည်။

ဇနီးနှင့် ရင်သွေးတို့၏ ရုတ်ခြည်းစွန့်ခွာခြင်းကိုခံရသည့် သာမန် လူများအတွက်ဆိုလျှင်တော့ အရက်ကိုအဖော်ပြုကာ ဘဝကို အဆုံးခံဖို့ရန် သာ ရှိတော့သည်။ ဒေါက်တာဟန်ဇော်ကတော့ ထိုကဲ့သို့မဟုတ်။ ပတ်ဝန်း ကျင်မှ မည်သို့ပင်ဆိုစေကာမူ သူ၏လူနာအမျိုးသမီးကို ရှိရင်းစွဲစေတ နာ ကိုယ်ဖိရင်ဖိ ကုသပေးသည်။ အချိန်ပြည့် အနီးကပ်စောင့်ကြပ် ကုသပေး သည်။ အိမ်ကိုပင်မပြန်တော့။ ပြန်လည်း မပြန်ချင်။ တိုက်ဆိုက်သည့် တိုက်ကြီးပေါ်တွင် တစ်ယောက်တည်းခြောက်ကပ်ကပ်အိပ်ရသည့်ဝေဒနာကို

www.burmeseclassic.com



ဒေါက်တာဟန်ဇော် မခံစားနိုင်တော့ပေ။ ထို့ကြောင့် ဆေးရုံတွင်သာ အိပ်တော့သည်။ မဝေးသောတစ်နေ့တွင် သူ့လူနာအမျိုးသမီး၏ ယောကျ်ား လေးများကို ကြောက်ရွံ့သည့်စိတ်အစွဲကြီးကို ဖျောက်ဖျက်ပေးနိုင်မည်ဟု ယုံကြည်ချက်ပြင်းပြင်းနှင့် အနီးကပ်စောင့်ရှောက်ခဲ့၏။

အောင်မြင်ပါသည်။ ဒေါက်တာဟန်ဇော်၏ ကုသမှုမှာ ရာနှုန်းပြည့် အောင်မြင်ပါသည်။ သူ့လူနာအမျိုးသမီးသည် သာမန်လူများကဲ့သို့ လူ့ အသိုင်းအဝိုင်းအတွင်းတွင် ပြန်လည်နေထိုင်ရဲသွားပါသည်။ ထိုအချိန်အတွင်း ပေးဆပ်လိုက်ရသည့် မိသားစုဘဝကြောင့်လား၊ ပတ်ဝန်းကျင်၏ ရိုက်ခတ် မှုလှိုင်းတံပိုးများကြောင့်လော မသိ။

ကုသမှုအောင်မြင်ပြီးသွားသည့်နောက်တွင် ဒေါက်တာဟန်ဇော် ကိုယ်တိုင်သည် အပြင်မထွက်ရဲတော့။ မည်သည့်လူနာ၊ မည်သည့်ညွှန်သည် ကိုမှလည်း လက်ခံကုသမှုမပြုနိုင်တော့။ ဝမ်းနည်းစရာပင်။

ဒေါက်တာဟန်ဇော်ထံသို့ လူတွေ့မခံရဲသည့်ဝေဒနာ ကူးစက်သွား လေသည်။

အဆုံးတွင် ဒေါက်တာဟန်ဇော် တပည့်များက အတင်းချုပ်ကာ ဒေါက်တာဟန်ဇော် အုပ်ချုပ်ခဲ့သည့်ဆေးရုံသို့ ပို့ထားရပါတော့သည်။ တခြား လူနာများထက် ပိုဆိုးသည်မှာ ဆရာဝန်က လူနာပြန်ဖြစ်သွားသဖြင့် ဘုန်းကြီး တစ္ဆေကဲ့သို့ပင် ကုသဖို့ခက်နေသည်။

အထက်ပါအဖြစ်အပျက်များသည် ထိုအချိန်ခါက မဖြူတို့မြို့လေး ၏ လူပြောအများဆုံး နံပါတ်တစ်သတင်းအဖြစ် လအတန်ကြာ နေရာယူခဲ့ သည်။ ခူးခူးနှင့် သူ့အမေကတော့ နိုင်ငံခြားကိုပင် အပြီးထွက်သွားသလို၊ ရန်ကုန်တွင်ပင် ဇာတ်မြှုပ်နေသလို သတင်းသဲ့သဲ့ကြားရုံမှလွဲ၍ မည်သူမျှ တိတိကျကျမသိ။ နောက်တော့လည်း လူတွေထုံးစံအတိုင်း မေ့မေ့ပျောက် ပျောက်ဖြစ်သွားပြန်သည်။ ဆေးပြန်ကုခံရသည့် ဆရာဝန်တစ်ယောက်အကြောင်းထက် ပို၍ ဒေါက်တာဟန်ဇော်ကို မည်သူမျှစိတ်မဝင်စားတော့။

လူကြီးတွေပြောကြလွန်း၍သာ မဖြူကလည်း ထိုသို့မှတ်မိနေခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အခုလို တန်ခူးအိန္ဒြေက ကျွန်တော့်ချစ်သူဖြစ်နေသည်ဆိုသဖြင့် အံ့ဩနေ၏။

'နောက် မဖြူတို့ ဒီကိုပြောင်းလာခါနီးမှာတော့ ဒေါက်တာဟန်ဇော်ရဲ့ နောက်ဆုံးသတင်းကို ကြားလိုက်ရတယ်၊ ဆေးရုံမှာ အစာလည်းကျွေးမရ၊ လူတွေလည်း အနားကပ်မခံနဲ့ ဆိုးဆိုးရွားရွား ကွယ်လွန်သွားတယ်တဲ့လေ'

'ဪ...'

'ဖြစ်မှဖြစ်ရလေ'

အမြွာနှစ်ကောင် ခေါင်းငုံ့သွားသည်။ မဖြူက ဖြည်းညင်းစွာ ခေါင်းကိုယမ်းသည်။ ထင်အောင်ကျော်က ကျွတ်တစ်ချက်စုပ်ကာ မဖြူလက်ကိုဆုပ်ကိုင်လိုက်သည်။ ကိုနိုင်ကတော့ အံကြိတ်ကြိတ်လျက်။ ကျွန်တော့်လည်ချောင်းထဲ၌ ဆီးသီးလုံးကြီး အလုံးလိုက်မျိုချထားရသလို တစ်ဆို့ဆို့ကြီးဖြစ်နေသည်။

'ဒါဆို ဆေးကုလို့ကောင်းသွားတဲ့ ဟိုမိန်းမကြီးကရော'

အားလုံးသိချင်နေသည့် မေးခွန်းကို ကျွန်တော်က မေးလိုက်သည်။

'သူလား'

မဖြူက မျက်လုံးလေးထောင့်ကပ်ကာ စဉ်းစားသည်။

• 'ခွေးမျိုးနီးစပ်တစ်ယောက်နဲ့ အိမ်ထောင်ကျသွားတယ်ဆိုတာတော့ သိတယ်၊ ပြီးတော့ မူဆယ်ဆိုလား မြဝတီဆိုလားမသိဘူး၊ နယ်စပ်မြို့တစ်မြို့ကို ပြောင်းသွားတယ်ဆိုပဲ'

ဟူသည့် မရေမရာအဖြေတစ်ခုကိုသာ ရခဲ့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

ဖိုးသားလေးနှင့်ပတ်သက်၍ အကြံဉာဏ်ပေးခဲ့သော တောင်အာဖရိကမှ ကိုဉာဏ်အောင်ကို ခူးခူးဖခင်အကြောင်း မေးမြန်းကြည့်ရာ…

'ဖြစ်လေ့ဖြစ်ထတော့မရှိပေမယ့် ဖြစ်တတ်ပါတယ်၊ ကျွန်တော်တို့ စိတ်ပညာမှာ symphaty ဆိုတဲ့ ကိုယ်ချင်းစာစိတ်၊ အဲဒီကနေတစ်ဆင့်တက်သွားရင် emphaty ဆိုတဲ့ ကရုဏာစိတ်၊ အဲဒီထက် နောက်တစ်ဆင့် in-duce sychotic disorder ဆိုတဲ့ နောက်ဆုံးအဆင့်ထိရောက်သွားရင်တော့ ဒေါက်တာဟန်ဇော်ဖြစ်သလို ဖြစ်သွားတတ်ပါတယ်၊ ကျွန်တော်တို့ စိတ်ကျန်းမာရေးလောကမှာ အလားတူဖြစ်ရပ်မျိုးတွေ ရှိဖူးပါတယ်၊ ကိုယ့်လူနာဝေဒနာရှင်ကို အလွန်အကျွံဂရုစိုက်ရာကနေ ဝေဒနာရှင်နဲ့ ထပ်တူထပ်မျှ ခံစားမိပြီး ခံစားချက်တွေ ကူးစက်သွားတာမျိုးပေါ့၊ အဲဒီအဆင့်ထိရောက်အောင် ကိုယ့်လူနာကို ဂရုစိုက်ခဲ့တဲ့ ဒေါက်တာဟန်ဇော်ရဲ့နာမည်ကို တစ်ခါမှမကြားဖူးပေမယ့် ကျွန်တော်ကတော့ လေးစားမိပါတယ်'

လှည့်စားလွန်းတတ်တဲ့ လောကကြီးကိုပဲ အပြစ်ဆိုရမလား။ မဟုတ်ကဟုတ်က သတင်းတွေကို အားအားယားယား လျှောက်ဖြန့်တတ်တဲ့ လူတွေကိုပဲ အပြစ်ဆိုရမလား။ ကံကြမ္မာဆိုးတွေသယ်လာပြီးမှ ယောကျ်ားယူကာ ရှောင်ထွက်သွားတဲ့ ဟိုမိန်းမကိုပဲ အပြစ်ဆိုရမလား။ ကျွန်တော့်ကို ခေါင်းရှုပ်အောင် အခုချိန်မှ လာပြောတဲ့ မဖြူကိုပဲ အပြစ်ဆိုရမလား။ မဖြူနဲ့ယူတော့မယ့် ဟိုကောင်ကိုပဲ အပြစ်ဆိုရမလား။ ခူးခူးကို

www.burmeseclassic.com

www.burmeseclassic.com



သနားမိတာတော့ အမှန်ပင်။ သူ့ခမျာ ငယ်ငယ်လေးကတည်းက မိဘတွေ တကွဲတပြား နေခဲ့ရပါလား။ အဲဒီအဖြစ်ဆိုးကြီးအကြောင်းကိုရော ကာယကံရှင်ခူးခူး ကိုယ်တိုင် သိရဲ့လား။

'သူ့အဖေအကြောင်း သိ၊ မသိ သဲလွန်စရချင်ရင် သူ့ဖေ့ဘွတ်မှာ ရှာကြည့်ပေါ့ကွာ၊ အဲဒီမှာ သူ့ခံစားချက်တွေ အကုန်တင်ထားတာပဲ'

ကိုနိုင်၏အကြံပေးစကားအတိုင်း ခူးခူးဖေ့ဘွတ်ကိုဖွင့်ရန် ကျွန်တော် Friend List ကို ကလစ်နှိပ်လိုက်သည်။

သူငယ်ချင်းအရေအတွက် များများစားစားမရှိသည့် ကျွန်တော့်စာရင်းထဲတွင် ခူးခူးနာမည်ကို မတွေ့။ ကွန်နက်ရှင်မကောင်းလို့များလားဆိုပြီး Log off လုပ်ကာ နောက်တစ်ခေါက်ထပ်ဝင်ကြည့်သည်။

'ဟာ…'

ဘာလဲဟ။ ဘယ်ရောက်သွားပါလိမ့်။ ရှာဖွေရေး search box နေရာတွင် နာမည်ရိုက်ထည့်လိုက်သည်။ နာမည်နီးစပ်သည့် အခြားသူများ၏ ပုံများသာပေါ်သော်လည်း ခူးခူကို မတွေ့။ နှစ်ခါ၊ သုံးခါ ထပ်လုပ်ကြည့်သည်။ အကြောင်းမထူး။ ထို့ကြောင့် ကိုနိုင်ဆီကို ဖုန်းဆက်မေးလိုက်သည်။

'ရှိမှာပါဟ၊ ငါတောင် မနေ့က ခူးခူးရဲ့ ပို့စ်အသစ်ကိုဖတ်ပြီး သဘောကျလို့ like လုပ်ခဲ့သေးတယ်၊ ဘာတဲ့ဟိုဟာလေး'

'ကျောက်သင်ပုန်းလိုဘဝမျိုးကို လိုချင်တယ်၊ ရေးချင်တာရေးပြီး ပြန်ဖျက်လို့ရရင် သိပ်ကောင်းမှာပဲ၊ အခုတော့ မှန်ရှေ့မှာ တစ်ညလုံးမအိပ်ဘဲ ကိုယ့်ကိုယ်ကိုယ် ပြန်ရှာနေမိတယ်။ ဘယ်မှာလဲ ငါ… လို့ ပြောမလို့မဟုတ်လား'

ကျွန်တော်က ကိုနိုင်ရွတ်ပြမည့် ခူးခူး၏စာသားကို အရင်ရွတ်ပြလိုက်သည်။

'အေး… အေး… ဟုတ်တယ်လေ၊ အခု ဘာဖြစ်လို့ မတွေ့တော့တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟောဗျာ… ကျွန်တော်က မသိလို့ ကိုနိုင့်ကို မေးတာပါဆိုမှ'

'ငါလည်း ဒီနေ့ မသုံးဖြစ်သေးတော့ မသိဘူးကွ၊ ဒါပေမဲ့ မြင့်မိုရ်ရာ၊ ငါတို့ဆီက အင်တာနက်ဆိုတာကလည်း သိတဲ့အတိုင်းပဲ၊ အစိုးရတာမှ မဟုတ်ဘဲ၊ ပေါ်ချင်တဲ့အချိန်ပေါ် ပျောက်ချင်တဲ့အချိန်ပျောက်နဲ့၊ ဟိုမှာ တစ်ခုခုများဖြစ်နေလို့လား'

'ဟုတ်… ဟုတ်…. နောက်နေ့မှ ထပ်ရှာကြည့်တော့မယ်၊ ဒါနဲ့ ကိုနိုင်ရေ၊ နောက်နေ့တွေ ဆိုင်ကို စောစောသွားပေးဦးနော်၊ ကျွန်တော်က ဟိုကောင့်မင်္ဂလာဆောင်ကိစ္စတွေနဲ့ လာဖြစ်ချင်မှလာဖြစ်မှာ'

ကိုနိုင့်ဖုန်းချပြီးသွားသည့်အခါ နောက်တစ်ကြိမ် ထပ်ရှာကြည့်သေးသည်။ ခူးခူးသူငယ်ချင်းများ၏ friend list ထဲတွင်လည်း ရှာကြည့်သည်။ မတွေ့။ ဒုက္ခပဲ။ ခူးခူး ဘယ်မြို့ရောက်နေတယ်၊ ဘာတွေလုပ်နေတယ်ဆိုတာကို မပြတ်သိနိုင်အောင် ဖေ့ဘွတ်ကိုသာ အားကိုးနေရခြင်းဖြစ်သည်။ အခုတော့ ဘယ်လိုလုပ်ရပ့်။

ဘာတွေများဖြစ်နေလို့ပါလိမ့်။ ကျွန်တော် စိုးရိမ်နေကြောင်း၊ ဖေ့ဘွတ်တွင် အကောင့်ပျောက်သွားကြောင်း၊ ပြန်ဆက်သွယ်စေလိုကြောင်း စသဖြင့် မေးလ်ပို့ထားလိုက်သည်။ ဆုတောင်းခြင်းကို မယုံသည့် ခူးခူး အတွက် ဘေးမသီ ရန်မခပါစေနှင့်ဟု ဆုတောင်းပေးရုံမှလွဲ၍ ကျွန်တော်လည်း ဘာမှမတတ်နိုင်။

❐ ❐ ❐

တစ်တွယ်ငင်တစ်စင်ပါဟုပဲဆိုရမည်လား။ ကြီးတော်နှားကျောင်းတယ်လို့ပဲ ပြောရမည်လား။ ကျွန်ဝယ်ရာအဆစ်ပါဟုပဲ ခေါ်ရမည်လား မသိ။ ထင်အောင်ကျော် မင်္ဂလာဆောင်မည့်အရေးတွင် ကန့်လန့်ကန့်လန့်နှင့် ကျွန်တော်ပါ ရောယောင်အလုပ်ရှုပ်နေရသည်။

ဒီကောင်ကလည်း တစ်မျိုး။ သူ့မင်္ဂလာဆောင်ကို သူများတွေနှင့် မတူအောင် ထွင်ချင်သည်။ ဖိတ်စာကအစ သူများနည်းတူ စာအိတ်၊

www.burmeseclassic.com

www.burmeseclassic.com



ကတ်ပြားနှင့်မလုပ်။ CD ဘူးနှင့် CD ချပ်ဝေသည်။ ဘူးပေါ်တွင် သူတို့နှစ်ယောက် စုံတွဲပုံနှင့် မင်္ဂလာဆောင်ကျင်းပမည့်နေ့ရက်၊ လိပ်စာတို့ပါဝင်သည်။ ကျန်အသေးစိတ်အချက်အလက်များကိုတော့ စီဒီဖွင့်ကြည့်မှသာ သိနိုင်သည်။ ရှယ်တူသူငယ်ချင်းများဆိုလျှင်တော့ အိမ်တိုင်ရာရောက်သွားပို့ရန်မလိုတော့။ အီးမေးလ်မှတစ်ဆင့် ပို့လိုက်ရုံသာ။ ရိုးရိုးဖိတ်စာတွေထက် တစ်ခုသာသည်မှာ နိုင်ငံခြားရောက်နေသည့် သူငယ်ချင်းများလည်းအလွယ်တကူဖတ်ရှုနိုင်သည်။

ပြဿနာက CD ဖွင့်လိုက်လျှင် ပေါ်လာမည့် ဘယ်သူဘယ်ဝါ၏ သားသမီးတို့၊ အလုပ်အကိုင်တို့၊ နေရပ်လိပ်စာတို့ကို ဆရာသမားက ရိုးရိုးမထည့်လို။ 3D အန်နီမေးရှင်းနှင့် ပြလိုသည်။ 3D လုပ်ဖို့ရာကလည်းတော်တော်လက်ဝင်သည်။ အချိန်လည်း လုံလုံလောက်လောက်မရှိ။ နာမည်ကြီးပညာရှင်တော်တော်များများက ကျွန်တော်တို့ပေးသည့်အချိန်အတိုင်းအတာအတွင်း မဖြစ်နိုင်ဟုပြောကာ ငြင်းလွှတ်ကြသည်။ နောက်ဆုံးတွင် 'မ' သုံးလုံးဆရာလေးဟုနာမည်ကြီးသော မျိုးမြင့်မြတ်ဆိုသည့်ကာတွန်းလည်း ဆွဲ၊ animation လည်းလုပ်တတ်သည့်သူနှင့်တွေ့မှသာအဆင်ပြေတော့သည်။

ကျွန်တော်တို့နှင့် အသက်မတိမ်းမယိမ်းလည်းဖြစ်ပြန် မင်္ဂလာဆောင်ကိစ္စလည်းဖြစ်နေသဖြင့် နေ့မနား ညမနား လုပ်ဆောင်ပေးသည်။ ထင်အောင်ကျော်နှင့် ကျွန်တော်တို့ကလည်း တစ်ယောက်တစ်လှည့် သူ့အနားတွင် တစ်ချိန်လုံးထိုင်နေကာ လိုချင်သည့်ပုံစံမရမချင်း ကြေးထူကြသည်။ တစ်ခါတလေ သူ့စတီရီယိုထဲတွင်ပင် သောက်ရင်းစားရင်းနှင့်အိပ်လိုက်ရသည်မျိုးပင် ရှိလာသည်။ အားလုံးပြီးသွားသည့်အခါ မျိုးမြင့်မြတ်မှာ ဥာဏ်ပူဇော်ခပင် လက်မခံတော့။ 'မင်္ဂလာဆောင်လက်ဖွဲ့'ဆိုပြီးတော့လက်ဖွဲ့လေသည်။ ကျွန်တော့်မင်္ဂလာဆောင်ကျရင်လည်း လုပ်ပေးဦးမယ်ဆိုသဖြင့် ခူးခူးကို သတိရမိသွားသည်။

ခူးခူးထံ မေးလ်ပို့ထားသည်မှာ ဘာမှမထူးခြား။ ဖေ့ဘွတ်ပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း အစအန လုံးဝမတွေ့တော့။ ကိုနိုင်လည်း ရှာကြည့်သေးသည်။ ကျွန်တော်ကဲ့သို့လည်း မေးလ်ပို့ကြည့်လေသည်။ အကြောင်းမထူး။ ခူးခူး အတွက် စိုးရိမ်မိသော်လည်း ဟိုကောင့်မင်္ဂလာဆောင် ဗာဟီရများနှင့် မအား လပ်နိုင်အောင်ဖြစ်ကာ ခူးခူးဘက်သို့ အချိန်ပြည့်အာရုံမရောက်နိုင်။

ဖိတ်စာရပြန်သော်လည်း မပြီးသေး။ ဓာတ်ပုံရိုက်ဖို့တွေ၊ မိတ်ကပ် လိမ်းဖို့တွေ၊ ပန်းအလှဆင်၊ ဘောလုံးအလှဆင်၊ ဩဘာဖတ်၊ ဖျော်ဖြေရေး၊ ဧည့်ခံရေး။ အားပါး... အတွင်းကျကျလုပ်ကြည့်တော့မှသာ မင်္ဂလာတစ်ခါ ဆောင်ဖို့အရေး တော်တော်လက်ဝင်ပါလားဟု သိရှိလာသည်။ ဒီလောက် အလုပ်ရှုပ်တဲ့ကိစ္စကြီးကို ခေတ်အဆက်ဆက်လူတွေ ဘာကြောင့်များ တခမ်းတနားလုပ်ကြတာလဲ မသိဘူး။ ခူးခူးနဲ့သာဆိုလျှင် 'မုန်းစရာကြီး ပါဗျာ' ဆိုပြီး မင်္ဂလာအခမ်းအနား လုပ်မှာမဟုတ်ဟု ဂျေဒိုးနတ်က ဘယ်ဆီနေမှန်းမသိ၊ ဆီးချိုနဲ့ တည့်ပါ့မလားလို့' တစ်ယောက်တည်း အတွေးပိုမိနေသေးသည်။

ပြဿနာစိုးစဉ်းမျှမရှိဘဲ မင်္ဂလာအခမ်းအနားပြီးသွားတော့မှသာ သတို့သားအပါအဝင် ကျွန်တော်တို့အားလုံး ဟင်းချနိုင်တော့သည်။ ညဘက် ကျတော့ ကျွန်တော်တို့အလှည့်။ ထင်အောင်ကျော်ကိုမညှာနိုင်တော့။ ပင်ပန်း ခဲ့သမျှ အတိုးချ၍ ညှဉ်းဆဲတော့သည်။ ကာတွန်းဆရာလေး မျိုးမြင့်မြတ်ပါ ပါဝင်ဆင်နွှဲသည်။ ဆရာသမားက ကာတွန်းဆရာပီပီ ဟာသဉာဏ်ရွှင်သဖြင့် တစ်ဝိုင်းလုံးကို သူကပင် ထိန်းထားသည်။ ကျွန်တော်တို့ထဲတွင် အသွက် ဆုံးဖြစ်သည့် အငယ်ကောင်ကပင် ငေးယူရသည်အထိ။

'ဒါနဲ့ ကိုမျိုးမြင့်မြတ်ကို စာပေလောကမှာ မသုံးလုံးဆရာလေး လို့ ဘာဖြစ်လို့ ခေါ်ကြတာလဲဗျ'

အငယ်ကောင်က မေးလိုက်ရာ မျိုးမြင့်မြတ်က ချက်ချင်းပြန်မဖြေ။ အင်း... အဲ... လုပ်နေသဖြင့် အကုန်လုံးက လုပ်ပါဗျ၊ သိချင်လို့ပါဆို ဝိုင်းအော်တော့မှ...

'ဒါလား... ဟဲ... ဟဲ... ကျွန်တော်က ကျွန်တော့်မိန်းမကို အမေလိုလည်း ရိုသေရ၊ အစ်မလိုလည်း ကြောက်ရ၊ မယားလိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ချစ်ရတာမို့ ကျွန်တော့်မိတ်ဆွေတွေက အမြင်ကတ်ပြီး မသုံးလုံးလို့ ခေါ်ကြတာ'

တစ်ဝိုင်းလုံး ရယ်သံများ တားမရ။ ပွင့်ထွက်သွားသည်။

'မသိပါဘူးဗျာ၊ ကျွန်တော်တို့က မျိုးမြင့်မြတ်မို့လို့ မသုံးလုံးလို့ ခေါ်ကြတာထင်နေတာ'

'ဟော့ကောင်... ထင်အောင်ကျော်၊ မင်းကတော့ မငါးလုံး ဖြစ်မှာကွ၊ အမေကိုလည်း ရှိသေ၊ အစ်မလိုလည်း ကြောက်၊ မယားလို လည်း ချစ်ရုံတင်မက ယောက္ခမလိုပါလေးစားပြီး ခယ်မလိုပါ မေတ္တာ ပွားရမှာ မဟုတ်လား'

ပျော်စရာကောင်းပါသည်။ မင်္ဂလာဆောင်ထက်ပင် လူပျိုညက ပျော်စရာကောင်းပါသည်။ တော်တော်လေးအရှိန်ရသွားပြီးသည့်အခါ ထင်အောင်ကျော်တို့ စုံတွဲက ဖင်တကြွကြွဖြစ်နေလေပြီ။ ဘယ်ရမလဲ။ ဒီလောက်နဲ့ လွယ်လွယ်ပြန်လို့ ဘယ်ရပ့ါမလဲ။ ကျွန်တော်တို့အကြောင်းကို သိသဖြင့် ထင်အောင်ကျော်က တစ်ယောက်ချင်းစီ၏ပါးတွေကို လိုက်နမ်း ကာ နှုတ်ဆက်သည်။ ဒါလောက်နှင့်လည်း မကျေနပ်နိုင်သေး။

ဆိုင်သလား၊ မဆိုင်သလားတော့ မသိ။ ကာတွန်းဆရာလေး၏ အကြံပေးချက်အတိုင်း ဒီကောင့်ရဲ့ နောက်ဆုံး လူပျိုဆံပင်မွှေးတွေကို တစ်ယောက်တစ်မွှေးစီနုတ်ယူပြီးမှသာ မင်္ဂလာအိပ်ရာပေါ်သို့ ပြန်ခွင့်ပြုလိုက် ကြသည်။

❐ ❐ ❐

ညက သောက်ထားသည့်အရှိန်ကြောင့် တော်တော်နှင့်မထနိုင်။ လည်ချောင်းတွေ ခြောက်ကပ်လာ၍သာ မထချင်ထချင်နှင့် ရေထသောက် ရ သည်။ ရေသောက်တာများသွားတော့လည်း ဆီးသွားချင်လာသဖြင့် အိမ်သာသွားရသေးသည်။ တစ်ယောက်တည်း လုံးချာပတ်ချာလည်နေ၏။

ထို့ကြောင့် ဆိုင်ကိုမသွားတော့ဘဲ အိမ်ထဲတွင်နားနေရန် ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဆိုင်သို့မလာဖြစ်ကြောင်းကို ပြောရန် ကိုနိုင့်ထံသို့ ဖုန်းဆက်မလို့လုပ်တုန်း တိုက်တိုက်ဆိုင်ဆိုင်ပင် ကိုနိုင့်ထံမှ ဖုန်းဝင်လာသည်။

'အခုပဲ ကိုနိုင့်ဆီကို ဆက်တော့မလို့'

'ဘာလဲ… ဆိုင်မလာနိုင်တော့ဘူးလို့ ပြောမလို့မဟုတ်လား'

'တယ်ဟုတ်ပါလား၊ ကိုနိုင်က အကြားအမြင်တွေ ဘာတွေရလို့'

'ဘာအကြားအမြင်ရရမှာလဲ၊ သူတောင်းစားတွေ… မပြောလိုက်ချင်ဘူး၊ သူများကို ဒုက္ခပေးချင်တာနဲ့ နင်းကန်သောက်ကြတာ၊ ဟိုနှစ်ကောင်လည်း မလာဘူးတဲ့လေ'

'ဟဲ… ဟဲ… တစ်ခါတလေတော့ရှိမှာပေါ့ ကိုနိုင်ရာ၊ ကျွန်တော်တို့က သိပ်သောက်ချင်တာ မဟုတ်ဘူး၊ ကိုနိုင့်ညီကို ဂုဏ်ပြုချင်ရုံသက်သက်ပါပဲ၊ အဲ… ကိုနိုင်ကရော ဖုန်းဆက်မယ်ဆိုတာ ဘာကိစ္စလဲ၊ ကျွန်တော့်ကို ဆဲဖို့သက်သက်ပဲလား'

ထိုအခါမှ ကိုနိုင်က သူ့လိုရင်းကိစ္စကို မှတ်မိသွားပုံဖြင့်…

'သြော်… အေး… မင်းကို ဝမ်းသာစရာပြောမလို့ကွ၊ ဖိုးသားလေး ပန်းချီပုံကို မူလတန်းအဆင့် အွန်လိုင်းပန်းချီပြိုင်ပွဲမှာ ငါတို့တွေတင်လိုက်တာ မှတ်မိတယ်မဟုတ်လား'

'ဟုတ်'

'အေး… အဲ့ပုံက ပထမရိတ်တယ်တဲ့ကွ၊ မနက်ကတင် ငါ့မေးလ်ထဲကို စာရောက်နေတယ်'

'တ… တ… တကယ်'

'ဒါပေါ့ကွ'

'ဆုကိစ္စနဲ့ပတ်သက်လို့ အသေးစိတ်အချက်အလက်တွေကို မင်းမေးလ်ထဲ ငါထပ်ပို့ထားတယ်၊ ညကျရင် သွားကြည့်လိုက်ဦး'

ညထိအောင် မစောင့်နိုင်။ ခေါင်းမူး ရင်ပူတာတွေ မရှိတော့။ ချက်ချင်းပင် အင်တာနက်ဆိုင်သို့သွား၍ အီးမေးလ်ဖွင့်စစ်လိုက်သည်။ နို့ဆိုပေါ် သကြားဆင့်ဟုပင်ဆိုရမလို ဖိုးသားလေးမှာ ပထမဆုတင်မက ပန်းချီသင်တန်းကိုပါ ပညာတော်သင်အဖြစ် အခမဲ့တက်ရောက်ခွင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုပေးပွဲတွင်လည်း အကုန်လုံးက ဖိုးသားလေးကို အံ့ဩချီးကျူးကြသည်။ ဖိုးသားလေး ပန်းချီကားမှာ အထက်တန်းအဆင့်တွင် ပထမရသည့် ကားထက်ပင် အဆင့်ပိုမြင့်သည်ဟု ပွဲတက်လာပညာရှင်များက တညီတညွတ်တည်း ထောက်ခံကြသည်။ အခုရွယ်ထိ စကားမပြောသေးတာကိုလည်း အထူးအဆန်းဖြစ်ကာ စုံစမ်းကြသည်။ ဂျာနယ်တချို့ကလည်း ပါရမီရှင်လေးဟု ခေါင်းစဉ်တပ်ကာ ချီးမွမ်းကြသည်။ အွန်လိုင်းတွင်လည်း ဖိုးသားလေးသတင်းမှာ ချက်ချင်းပျံ့နှံ့သွား၏။ အရယ်အပြုံးခဲလှသည့် ဖိုးသားလေးပင် မြူးရွှင်ပျော်ပါးနေသည်။ ကျွန်တော်နှင့် ကိုနိုင်ကတော့ ပြောစရာပင် မလို။ အင်မတန်ရွှင်လန်းတက်ကြွနေသော ကျွန်တော်တို့ကို အချို့က ဖိုးသားလေးအဖေ ဘယ်သူလဲဟု မေးကြသည်။ ကျွန်တော်တို့က ရှင်းမပြတော့။ နှစ်ယောက်စလုံးပဲဟု ခပ်ရွှတ်ရွှတ်ပင် ဖြေလိုက်သည်။

သို့သော် ကျွန်တော်တို့အပျော်များသည် ရာနှုန်းပြည့်မဟုတ်။ မြို့သစ်ရပ်ကွက်မှ လျှပ်စစ်မီးကဲ့သို့ ဖြစ်နေသည်။ မီးလာသည်မှာမှန်သော်လည်း ၄င်းလျှပ်စစ်ဖြင့် တီဗီဖွင့်၍ မရ။ မီးဖိုဖွင့်၍ မရ။ မီးချောင်းတောင် အနိုင်နိုင်။ ကျွန်တော့်အပျော်များမှာလည်း ထိုကဲ့သို့ပင်။ တစ်ခုခုလိုအပ်နေသည်။ အခြားမဟုတ်။ ခူးခူး။ အခုလိုအချိန်မျိုးမှာ သူသာရှိပါက ဘယ်လောက်ကောင်း လိုက်မည်နည်း။ ဖိုးသားလေးလက်ကို တစ်ဖက်တစ်ချက်ဆွဲကိုင်၍ ဤအခမ်းအနားကြီးကိုတက်လိုက်ရလျှင် အဘယ်မျှ တင့်တည်လိုက်မည်နည်း။ အခုလို ကျွန်တော်နှင့် ကိုနိုင်ကို ကလေးအဖေ ဘယ်သူလဲဟု မေးကြတော့မည် မဟုတ်။

အခုတော့ . . .

ဘယ်ရောက်လို့ ဘာဖြစ်နေသလဲ မသိ။ မေးလ်မပြန်။ ဖေ့ဘွတ်တွင် ပျောက်နှင့်" စိုးရိမ်မိတယ် ခူးရယ်။

ထိုနေ့ညတွင် ဖိုးသားလေးဆုပေးပွဲနှင့်ပတ်သက်၍ အဘယ်မျှ ပျော်ဖို့ကောင်းကြောင်း၊ ဖိုးသားလေးလည်း အင်မတန်ပျော်နေကြောင်း၊ အရင်လို ငူငူငိုင်ငိုင်မဟုတ်တော့ဘဲ ရွှင်လန်းတက်ကြွနေကြောင်း၊ အပြန်မရှိသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော်ကတော့ ခူးခူးထံ မေးလ်တစ်စောင်ပို့လိုက်သည်။ အာဖရိက မှ ကိုညဏ်အောင်ထံလည်း ဖိုးသားလေး၏ တိုးတက်မှုများကို မေးလ်ပို့ လိုက်၏။

ဟိုကြည့် ဒီကြည့်လုပ်ပြီး ပြန်တော့မည့်အချိန်တွင် မေးလ်အသစ် တစ်စောင် ဝင်လာသည်။ ကျွန်တော့်မျက်လုံးကိုပင် ကျွန်တော် မယုံနိုင်။ တခြားသူများထံမှ မဟုတ်။ ကျွန်တော်မျှော်နေသည့် ခူးခူး။

အလျင်အမြန် ဖွင့်ဖတ်လိုက်၏။ ဖတ်ပြီးချိန်တွင်တော့…

နေ့လယ်က ရှိခဲ့သော မြို့သစ်မီးကဲ့သို့သော တစ်ဝက်တစ်ပျက် အပျော်လေးသည် နွေရာသီလျှပ်စစ်ကဲ့သို့ လုံးဝပျောက်ကွယ်သွားပါတော့ သည်။ စိတ်မချမ်းမြေ့မှုများက ခန္ဓာကိုယ်အနှံ့ သွေးကြောများထဲသို့ စီးမျော ပျော်ဝင်သွားကာ မော်နီတာကြီးကို အကြောင်သားငေးနေမိသည်။ အီးမေးလ် အပြည့်အစုံမှာ…

❖

www.burmeseclassic.com

www.burmeseclassic.com

# (၁၅)

ဒီထက်အများကြီး ပိုလေးနက်တဲ့ အသုံးအနှုန်းသုံးချင်ပေမယ့် စကားလုံးအသစ် ရှာမတွေ့ခဲ့တဲ့အတွက် သူများတကာတွေ ဖောဖောသီသီ သုံးတဲ့အတိုင်း ကျေးဇူးတင်ပါတယ်လို့ ဆိုချင်ပါတယ်။ ဖိုးသားလေးနဲ့ပတ် သက်ပြီး တကယ်ကျေးဇူးပါ။ ပို့လိုက်တဲ့မေးလ်တွေ အကုန်ရပါတယ်။ ဒါပေမဲ့ အင်တာနက်ကို ကြာကြာမသုံးချင်ဘူး။ မသုံးရဲဘူးဆိုရင် ပိုမှန် မလား မသိဘူး။ ဖေ့ဘွတ်အကောင့်ကိုလည်း ဖျက်ပစ်လိုက်ပြီ။

ခူးလေ သိလား။ ဒီအရွယ်ထိ တစ်ခါမှ ဒီလောက်မတွေဝေခဲ့ဘူး။ ကိစ္စတစ်ခုကို စဉ်းစားဆုံးဖြတ်ဖို့ရာ အခုလောက်မခက်ခဲခဲ့ဘူး။ အခုတော့... အခုတော့... မပြောချင်ပေမယ့်လည်း ပြောရတော့မယ်။ ခင်ဗျားကို ခူး အလေးစားဆုံးအချက်က ဘာလဲ သိလား။ မစပ်စုတာပဲ။ ခူး မိန်းကလေး တွေနဲ့ လုံးဝမပေါင်းတာကို သတိထားမိမှာပါ။ ဘာဖြစ်လို့လဲ သိလား။ စပ်စုတဲ့ဒဏ်ကို မခံနိုင်သလို မုန်းလည်း မုန်းလို့ပဲ။ တချို့ယောကျ်ားတွေ လည်း သိပ်မထူးပါဘူး။ စပ်စုကြတာပဲ။ ထားပါ။

အခုတော့ ခူးရဲ့ ဘဝတစ်စိတ်တစ်ပိုင်းကို ပြောပြမှဖြစ်မှာမို့ ပြော ပြပါ့မယ်။ ကိုးတန်းလောက်တုန်းက ခူးအချစ်ဆုံးသူငယ်ချင်းရဲ့အစ်ကိုနဲ့ သမီးရည်းစားဖြစ်ခဲ့ဖူးတယ်။ ပထမဆုံးအချစ်ပါ။ ဒါပေမဲ့ ယောကျ်ားလေး တွေနဲ့ ပတ်သက်တဲ့ သင်ခန်းစာတွေကို သူ့ညကနေ တစ်ခုအထိ ရာနှုန်းပြည့် တတ်ကျွမ်းသွားခဲ့တယ်။ ပေးဆပ်လိုက်ရတာတွေလည်း မနည်းမနောပဲ။

www.burmeseclassic.com



ပထမဆုံးအနေနဲ့ သူ့အစ်ကိုကို ကြိုက်ရပ့်မလားဆိုပြီး အချစ်ဆုံး သူငယ်ချင်းရဲ့ စွန့်လွှတ်မှုကို ခံခဲ့ရတယ်။ ဒါကိုလည်း သိပ်မမှုပါဘူး။ အချစ်က အရာရာကို ပုန်ကန်စေတယ်မဟုတ်လား။ သူ့ချုပ်ချက်တွေကလည်း ကြွေလောက်ပါတယ်။ နှုးလို မနူးမနပ်ကောင်မလေးအတွက်တော့ မက်လောက်စရာပေါ့။ တိုတိုပြောရရင် အဲဒီကောင် ဘာလိုချင်ချင် နှုးဘက်က ပေးဖို့အဆင်သင့်ဖြစ်နေခဲ့တယ်။ ပေးလည်း ပေးခဲ့တယ်။

ရိုပ်မိမလား မသိဘူး။ ဖိုးသားလေးဟာ နှုးရဲ့ ရင်သွေးပါ။ ဖိုးသားလေးကို ကိုယ်ဝန်လွယ်ထားတဲ့အချိန်မှာ အဲကောင်က နှုးကို ကြိုပြောမထားဘဲ နိုင်ငံခြားကို ထွက်သွားတယ်။ မနက်ဖြန်သွားတော့မယ်ဆိုရင် ဒီလိုနေ့မျိုးမှာမှ အဲဒီအကြောင်းကို ဖွင့်ပြောတယ်။ ကြိုပြောထားရင် နှုး မလွှတ်မှာစိုးလို့တဲ့။ နှုးရဲ့ ဗိုက်ပြဿနာကိုရောလို့ မေးလိုက်တော့ သူ့အမေက အကုန်တာဝန်ယူပါမယ်တဲ့။

သူ့အမေကလည်း တာဝန်ကျေပါတယ်။ အရပ်လက်သည်တစ်ယောက်ကိုခေါ်ပြီး ဖျက်ချဖို့ကြံတယ်။ နှုးလည်း စိတ်ဆိုးဆိုးနဲ့ သူ့အမေကို နီးရာပန်းအိုးနဲ့ ကောက်ပေါက်ပြီး ထွက်ပြေးလာခဲ့တယ်။ အိမ်ရောက်တော့ နှုးအဒေါ်ကို ငိုယိုပြီး ဖြစ်ခဲ့သမျှအကြောင်းတွေကို အကုန်လုံးပြောပြလိုက်တယ်။ နှုးမှာ ငယ်ငယ်လေးကတည်းက မိဘတွေမရှိတော့လို့ နှုးအဒေါ်တွေနဲ့အတူနေနေရတာ။ နှုးအဒေါ် ဆူလိုက်ဆဲလိုက်တာမှ အိမ်ခေါင်မိုးပွင့်ထွက်သွားမလား မှတ်လောက်တယ်။ ပြောလိုက်တာလည်း ရစရာကို မရှိဘူး။ ပြောပါစေ။ အုပ်ထိန်းသူတစ်ယောက်အနေနဲ့ ဆူသင့် ငေါက်သင့်တာပေါ့။ ဒါပေမဲ့... ဒါပေမဲ့ဗျာ... သူကပါ ဘာပြောလဲ သိလား။ ဟိုသားအမိတွေနဲ့ အလိုတူအလိုပါ ဖျက်ချလိုက်တဲ့။ လူတွေလား။ အဲဒီကောင်၊ အဲဒီကောင်ရဲ့ အမေ၊ နှုးရဲ့အဒေါ်။ သူတို့အားလုံး လူတွေမဟုတ်ရဲ့လား။ လူစကားမပြောကြဘူး။

ဘာကိစ္စနဲ့ အဲဒီကလေးကို ဖျက်ချရမှာလဲ။ ကလေးမှာ ဘာအပြစ်ရှိလို့လဲ။ လူကြီးတွေက မဆင်ခြင်လို့ ကလေးရခဲ့တာမဟုတ်လား။ သူတို့တွေ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အထုတ်တမာစကားတွေကို ဗိုက်ထဲက ဖိုးသားလေး ကြားမိသွားပြီး ခုချိန်ထိစကားမပြောရဲတော့တာလား မသိဘူးနော်။

အဲဒီအချိန်မှာ ခူးဘဝရဲ့ ကယ်တင်ရှင်ကတော့ တခြားသူမဟုတ်ဘူး။ အခု ခူးနဲ့အတူတူနေနေတဲ့ ကြီးကြီးပါ။ ခူးလို သွေးမတော်သားမစပ်လူတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်ထားပြီး အစစအရာရာ ကူညီခဲ့တယ်။ ဖိုးသားလေးကို ချောချောမွေ့မွေ့မွေးနိုင်အောင် ငွေကြေးအပြည့်အဝကူညီခဲ့သလို စိတ်ဓာတ်ပိုင်းဆိုင်ရာလည်း အားဖြည့်ပေးခဲ့တယ်။ အခုချိန်ထိလည်း ခူးခူးနဲ့ ဖိုးသားလေးကို မိဘရင်းသဖွယ် စောင့်ရှောက်နေဆဲပဲ။

အခု အဲဒီကောင်က ခူးကို အွန်လိုင်းကနေ ပြန်ဆက်သွယ်တယ်။ အကုန်လုံး သူမှားပါပြီတဲ့။ ဖိုးသားလေးကိုလည်း သူ တာဝန်ယူပါတယ်တဲ့။ အခု သူအလုပ်လုပ်နေတဲ့ ဒူဘိုင်းကိုလိုက်လာခဲ့ပါတဲ့။ နောက်မှ ဖိုးသားလေးကို ခေါ်မယ်တဲ့။ ခူးက မဖြစ်နိုင်ဘူးလို့ အပြတ်ငြင်းလိုက်တော့ အဲကောင်က ဘယ်လိုပြန်ပြောလဲ သိလား။ သူခေါ်တာကို မလိုက်ဘူးဆိုရင် ခူးနဲ့ သူကြိုက်တုန်းက သူရိုက်ထားတဲ့ ခူးရဲ့ ဟိုလိုဒီလိုပုံတွေကို ဖေ့ဘွတ် ပေါ်မှာလာတင်မယ်တဲ့။

တကယ်ပဲဗျာ။ လူတွေရော ဟုတ်ကြသေးရဲ့လား။ အောက်တန်းကျလိုက်တာ။ မုန်းစရာကြီးဆိုတဲ့စကားနဲ့တောင် မတန်တော့ဘူး။ ခူးရဲ့ အဲဒီလိုပုံတွေကိုလည်းလေ ဘယ်သူမြင်မြင် ဂရုမစိုက်ပါဘူး။ ဒါပေမဲ့ဗျာ ဖိုးသားလေးနဲ့ ခင်ဗျားကိုတော့ မမြင်စေချင်ဘူး။ အဓိကကတော့ ဖိုးသားလေးပဲ။ သူ အရွယ်ရောက်လာလို့ ဖေ့ဘွတ်တွေ ဘာတွေသုံးနိုင်လာတဲ့အခါ သူ့အမေရဲ့ အဲဒီလိုပုံတွေကို တွေ့သွားရင် ဘယ်လိုလုပ်မလဲ။

အခုတော့ ဆုံးဖြတ်ချက်ချပြီးသွားပြီ။ အဲဒီဆုံးဖြတ်ချက်ကလည်း အပြန်ပြန်အလှန်လှန် စဉ်းစားပြီးမှ သေသေချာချာချထားတဲ့ ဆုံးဖြတ်ချက်ဆိုတာ ယုံပါနော်။ ဒူဘိုင်းကို လိုက်သွားမယ်။ သူကလည်း လေယာဉ်လက်မှတ်တွေ စီစဉ်ထားပြီးပြီတဲ့။ ခူး မနက်ဖြန် ရန်ကုန်ပြန်ရောက်မယ်။ အခုကိစ္စတွေကို ခူးနဲ့တွေ့တဲ့အခါ ဘာမှမပြောပါနဲ့လားဟင်။ မေတ္တာရပ်ခံတာပါဗျာ။ ခံစားနိုင်လွန်းလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူများတကာတွေလို လွယ်လွယ်ပြောတာ မဟုတ်ဘူး။ ခွင့်လွှတ်ပါနော်။ မုန်းစရာကောင်းတဲ့ ခူးကို ခွင့်လွှတ်ပါနော်။

ဘာဖြစ်လို့လဲဆိုတော့ ခူးဆိုတဲ့ မိန်းမဟာ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်လောက်အောင် မုန်းနေမိလို့ပဲ။

❒ ❒ ❒

ရေမလဲတာကြာနေသည့် ငါးကန်တစ်ကန်ကဲ့သို့ ခူးခူး မျက်နှာသည် နောက်ကျိနေသည်။ အရမ်းသိသာသည်။ အရင်ကဆိုလျှင် အစဉ်သဖြင့် ရွှင်လန်းတက်ကြွကာ ဘာကိုမှဂရုမစိုက်ခဲ့သည့် ခူးခူး။ အခုတော့ ထိုကဲ့သို့မဟုတ်တော့။ စကားတစ်ခွန်းပြောဖို့ကိုပင် ချင့်ချိန်စဉ်းစားနေလေပြီ။ ဆုံးဖြတ်ချက်တစ်ခုကို လွယ်လွယ်နှင့်မချတော့။ အစဉ်သဖြင့် ငေးငိုင်ထိုင်းမှိုင်းနေသည်။

သိပါသည်။ ခူးခူးရင်ထဲ၌ အဘယ်မျှ ဗလောင်ဆူ သောကရောက်မလဲဆိုသည်ကို။ ဖြစ်နိုင်လျှင် အားရပါးရနှစ်သိမ့်အားပေးလိုက်ချင်သည်။ သို့သော် ခူးခူးက အပြင်တွင် ထိုကိစ္စများကို မပြောရန် မေတ္တာရပ်ခံထားသဖြင့် ကျွန်တော့်အနေဖြင့် ဘာမှမပြောသာ။

ခူးခူးသည် အိမ်တွင်လည်း မျက်နှာတည်ကြီးနှင့် အချိန်ပြည့်ငေးငိုင်နေပုံရသည်။ သူ ပြန်မလာခင်က အခြေအနေကောင်းကာ တက်ကြွနေသော ဖိုးသားလေးပင် အရင်လို ငူငူငိုင်ငိုင်ပြန်ဖြစ်သွားသည်။

အဖြစ်မှန်အားလုံးကို သိသွားကြသည့်အခါ ကိုနိုင်ကတော့ လူကြီးပီပီ နားလည်ပေးနိုင်ပေမယ့် ကျွန်တော့်သူငယ်ချင်းများကတော့ တောက်တခေါက်ခေါက်နှင့် မကျေနပ်ကြ။ ကျွန်တော့်ကိုလှည့်စားပြီး သူ့ဘဲအဟောင်းဆီသွားတာပါဟု ခူးခူးကို စွပ်စွဲကြသည်။ တဖြည်းဖြည်းနှင့် အရှိန်မြင့်လာပြီး လှည်းကျိုးတော့မထမ်းနဲ့ကွာဟု ရင့်ရင့်သီးသီးပြောလာသည့်အငယ်ကောင်ကို ထထိုးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါ သူငယ်ချင်း။ မင်းစေတနာကို နားလည်ပေမယ့် အခုချိန်မှာ ငါ့နှလုံးသားက အက်ကြောင်းထင်နေတဲ့ မှန်တစ်ချပ်လိုပဲ။ ဆံချည်မျှင်လေးတစ်မျှင်နဲ့ ပွတ်သပ်မိရင်တောင် ကွဲသွားမှာပါ။ နားလည်ပေးပါကွာ။

ထိုကဲ့သို့ဖြင့် နိုင်ငံခြားကိုသွားရမည့်ရက်သည် တစ်စတစ်စ နီးကပ်လာသည်။ ဗီဇာ၊ လက်မှတ် အကုန်အဆင်သင့်ဖြစ်နေပြီ။ ဘယ်တတ်နိုင်မလဲ။ သူ့အရမ်းမြတ်နိုးပါတယ်ဆိုတဲ့ ဖိုးသားလေးနဲ့ ကျွန်တော်တို့ကိုတောင် ကျောခိုင်းပြီး အဝေးကိုထွက်သွားနိုင်သေးတာပဲ။ ဘာသာခြားတွေကြားထဲ သွားနိုင်သေးတာပဲ။

ကျွန်တော့်ဘက်ကလည်း ခံစားချက်တွေကို ခဲဆွဲပြီး နှလုံးသားကြမ်းပြင်အောက်ထိ မြှုပ်ထားလိုက်ရပေါ့။ အချစ်ကို အရှုံးအနိုင်မတွက်ချင်ပေမယ့် ကျွန်တော်နဲ့ ခူးခူးတို့ပွဲက သိပ်ကြည့်မကောင်းသလိုပဲနော်။

❖

www.burmeseclassic.com

www.burmeseclassic.com

(က)

www.burmeseclassic.com

www.burmeseclassic.com

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်

ရွှေရောင်သစ်သားမုခ်ဦးကြီးအောက်မှ ဖြတ်ဝင်လာပြီးသည့်နောက်တွင် ကျွန်တော့်စိတ်များ ဂနာမငြိမ်တော့။ ဒီနေရာမှာ ကားကို ဘရိတ်ဆောင့်နင်း နောက်ပြန်ကွေ့လိုက်ရရင် ကောင်းမလား။ ခူးကို ကားတင်ပြေးမယ်ကွာ။ မဟုတ်ရင် တစ်သက်လုံးဝေးသွားတော့မယ်လေ။ မဟုတ်သေးပါဘူး။ အချစ်ဆိုတာ မတရားလုပ်ယူလို့မှ မရဘဲ။ ကိုယ့်ဘက်က အဖြူထည်သက်သက် ဒင်းပြည့် ကျပ်ပြည့်ပေးခဲ့ပြီးပြီပဲ။ ရေစက်မရှိလို့ ဝေးရတာ ဘယ်သူ့အပြစ်မှ မဟုတ်ဘူး။

'ရှူး…'

ပြည့်တင်းနေသော ပူပေါင်းတစ်လုံးကို လေလျှော့လိုက်သကဲ့သို့ 'ရှူး' ခနဲ သက်ပြင်းရှည်ကြီးချလိုက်သည်။ နေကတော့ အစွမ်းကုန်ပူနေဆဲပင်။ ပိုဆိုးသည်မှာ ရှေ့ကားမှ မီးခိုးများတလူလူထွက်နေသဖြင့် အတွင်းသို့ မီးခိုးများလိမ့်ဝင်လာသည်။ ပို၍ပို၍ဆိုးသည်မှာ ထိုကား၏နောက်မှန်မှ နေရောင်ပြန်ကာ ကျွန်တော့်မျက်နှာသို့ တည့်တည့်ထိုးနေသဖြင့် ရှေ့သို့ မနည်းအာရုံစိုက်ကာ ကြည့်နေရသည်။ ကြည့်နေရင်းနှင့် မြင်ကွင်းတို့ ဝေဝါးလာသည်။ မြင်ကွင်းတို့ ဝေဝါးလာရခြင်းမှာ မျက်လုံးအိမ်ထဲ၌ မျက်ရည်စတို့ ရစ်သိုင်းလာခြင်းကြောင့် ဖြစ်သည်။ မျက်ရည်စတို့ ရစ်ဝဲလာခြင်းမှာ မီးခိုးဒဏ်ကြောင့်လော။ နေရောင်ဟပ်သည့်ဒဏ်ကြောင့် လော။ မဟုတ်။ မဟုတ်ပါ။ တစ်လမ်းလုံးပူလာသည့် ရင်ဘတ်ကြီးမှာ ပေါက်ကွဲထွက်သွားတော့မလောက် တဒိုင်းဒိုင်းခုန်လာသဖြင့် ယောင်ယမ်းကာ လက်တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဖိထားလိုက်ရသည်။ ဖြစ်နိုင်လျှင် ကလေးတစ်ယောက်လို အော်ဟစ်ငိုပစ်လိုက်ချင်၏။

'ဟင့်...'

'ရှုတ်...'

ကျွန်တော့်ထံမှ မဟုတ်။ ရှိုက်သံကြား၍ ကြည့်လိုက်ရာ နူးနူး။ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်၍ မျက်ရည်စတို့ကို ပါးပြင်ပေါ်သို့ မကျစေရန် အတင်းပြန်ထိန်းနေသည်။

'အဲဒီလောက်တောင် မသိဘူးလား နူးရယ်၊ မျက်ရည်ဆိုတာ ထွက်ပြီးရင် ပြန်ထည့်လို့ရရိုးထုံးစံမှ မရှိဘဲ'

စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်ချင်သော်လည်း အဓိပ္ပာယ်နှစ်ခွ ထွက်နေမည်စိုးသဖြင့် မပြောတော့ဘဲ မျိုသိပ်လိုက်ပါသည်။

ဖိုးသားလေးကတော့ ဘာမှမသိ။ ကျွန်တော်ခေါ်ရာနောက်သို့ လိုက်လာသည်။ အခုချိန်တွင် ဖိုးသားလေးသည် နူးနူးထက်ပင် ကျွန်တော့်ကို ပို၍ခင်တွယ်နေလေပြီ။ ထို့ကြောင့် နူးနူးထွက်သွားလည်း သူ့အတွက်တော့ ဘာမှခံစားရမည်မဟုတ်။

နူးနူးကသာ လေယာဉ်ကွင်းထဲတွင် သူ့ကို အကြာကြီးဖက်ထားသဖြင့် ထူးဆန်းနေသလို ဖြစ်နေသည်။ နူးနူးတို့သားအမိကိုကြည့်၍ မျက်ရည်များကျမလာအောင် မနည်းထိန်းချုပ်ထားရသည်။ မခံနိုင်သည့်အဆုံး မျက်နှာလွှဲလိုက်ရသည်။

ကျွန်တော့်ပခုံးပေါ်သို့ နူးညံ့သည့်လက်ဖဝါးလေး ကျလာသည်။ ကျွန်တော် မော့ကြည့်လိုက်သည်။ နူးနူးက ကျွန်တော့်ကို တွေတွေကြီးစိုက်ကြည့်နေသည်။ ကျွန်တော်လည်း ထိုနည်းလည်းကောင်း၊ အကြည့်တွေက မျက်လုံးမှတစ်ဆင့် သွေးကြောထဲ၊ သွေးကြောမှတစ်ဆင့် ရင်းတွင်းခြင်ဆီထိ ရောက်အောင် ဖောက်ထွင်းရစ်ခွေကုန်၏။ စကားတော့ တစ်ခွန်းမှမပြော၊ ပြောရန်လည်း မလို။ ဒီအကြည့်တွေကပင် စကားအခွန်းတစ်သန်းမက တန်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခူးခူးမျက်ဝန်းထဲမှ မျက်ရည်စများ ပြည့်လျှံကာ ပါးပြင်ပေါ်တွင် စီးဆင်းနေသည်ကိုတော့ အထူးပြောရန် မလိုပါ။ ဒါဆို ကျွန်တော်ရော။ ထိန်းထားနိုင်ရဲ့လား။ မသေချာ။

ချာခနဲလှည့်ထွက်သွားသည့် ခူးခူးကျောပြင်ကို မြင်ကွင်းမှပျောက် ကွယ်သွားသည့်တိုင်အောင် စောင့်ကြည့်နိုင်စွမ်း ကျွန်တော့်တွင်မရှိ။ ထို့ကြောင့် ဗိုသားလေးလက်ကိုဆွဲ၍ လေယာဉ်ကွင်းထဲမှ ခေါင်းငိုက်စိုက်ထွက်လာခဲ့ သည်။

'နေပါဦး… ခူး ပြန်လိုက်ခဲ့ပါရစေ၊ မခွဲနိုင်လို့ပါ'

ရုပ်ရှင်တွေထဲကအတိုင်း ထိုကဲ့သို့အော်ပြီး ခူးခူးတစ်ယောက် လေယာဉ်ကွင်းထဲကများ ပြန်ထွက်လာမလားလို့ နောက်သို့ အကြိမ်ကြိမ် ပြန်လှည့်ကြည့်မိသည်။ မတွေ့။ အရိပ်အယောင်မျှပင် မတွေ့တော့ပါ။

တော်တော်ကြောင်တဲ့ ငါပဲ။ နောက်ဆို မြန်မာကားတွေ လျှော့ ကြည့်ရမယ်လို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရင်း ကားတံခါးကို ဂျိုင်းခနဲ ဆောင့်ပိတ်လိုက်သည်။ မနက်ဖြန်ဆိုရင် ခူးခူးတစ်ယောက် ရင်ခွင်သစ်ထဲ မှာ။ မဟုတ်ပါဘူး။ သူ့ရင်ခွင်ဟောင်းရှိရာ။

❖

www.burmeseclassic.com

www.burmeseclassic.com

(၁)

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

'မနက်ဖြန်ဆို ခူးခူးတစ်ယောက် ရင်ခွင်ဟောင်းထဲမှာ'

ဖိုးသားလေးကို ဘယ်လိုပြန်ပို့ပြီး အိမ်ကို ဘယ်လိုရောက်လာမှန်း ပြန်မတွေးနိုင်။ ခေါင်းထဲတွင် ထိုအတွေးကသာ နေရာအပြည့်ယူထားသည်။

နေပူထဲတွင် ကားမောင်းခဲ့ရသဖြင့် နေမထိ ထိုင်မသာဖြစ်ပြီး အိုက်စပ်နေကာ ရေအဝသောက်ပြီး ရေချိုးခန်းထဲသို့ ဝင်လိုက်သည်။ ရေချိုးခန်းထဲရောက်မှ မီးမဖွင့်ရသေးမှန်း သတိရသည်။ အပြင်ပြန်ထွက်ကာ မီးဖွင့်လိုက်ရမည်လား။ ဘာလုပ်ဖို့လဲ။ အခုချိန်မှာ လိုအပ်နေတာ အလင်းရောင်မှ မဟုတ်တာဘဲ။

အပူဒဏ်များ သက်သာမလားဆိုပြီး ရေချိုးလိုက်သော်လည်း မသက်သာ။ အဲယားကွန်းအခန်းထဲတွင် လှဲနေသည့်တိုင်အောင် ပူနေဆဲ။ ဘယ်လိုလုပ် သက်သာနိုင်မှာလဲ။ ဒီလိုအပူဆိုတာ ရင်ထဲမှာ လှိုက်စားလောင်ကျွမ်းနေတာကိုး။ ကိုနိုင့်ကိုခေါ်ပြီး ဘီယာနဲ့သွားငြိမ်းလိုက်လျှင် ကောင်းမလား။ ဟင့်အင်း… အခုချိန်မှာ တွေ့ချင်နေတာ ကိုနိုင့်ကိုမှ မဟုတ်တာဘဲ။

ဒါဆိုရင် ဘာလုပ်ရမလဲ။ အသည်းကွဲတယ်ဆိုတာ ဒါမျိုးလား။ ခူးခူး နယ်သွားတုန်းကလည်း ငါတစ်ယောက်တည်း ကျန်ခဲ့တာပဲလေဟု ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ကြည့်သည်။ မရ။ အခုဟာက ယယ်ခဏသွားတာမျိုးမှ မဟုတ်တာဘဲ။

www.burmeseclassic.com

www.burmeseclassic.com



'သူရင်ခွင်ဟောင်းဆီကို သွားတာလေ'

ဘယ်လိုတွေးတွေး နောက်ဆုံးတော့ ထိုနေရာတွင်သာ ဘူတာဆိုက်သည်။ ထိုကဲ့သို့ တစ်သက်လုံး လက်လွှတ်လိုက်ရသည့်အရေးကို စဉ်းစားမိတိုင်း ခန္ဓာကိုယ်အတွင်းမှ အူတွေ၊ အသည်းတွေကို ဆွဲခါနေသလား အောက်မေ့အောင် သိမ့်ခနဲ သိမ့်ခနဲနှင့် လှိုက်တက်လာသည်။ တစ်ခါတလေ ခန္ဓာကိုယ်ကြီးသည် အဆမတန်လေးလံလာကာ မွေ့ရာထဲသို့ နစ်ဝင်သွားသည်ဟုပင် ထင်မှတ်မိသည်။

'ခူးခူးရေ'

ဟုသာ ပြန်မထူးမချင်း အဆက်မပြတ် အော်ခေါ်ပစ်လိုက်ချင်၏။

□ □ □

ကျွန်တော့်အခြေအနေကို ဦးဆုံးရိပ်မိသွားသူမှာ ကိုနိုင်။ သူကပင် ဦးဆောင်၍ အရင်လို ပြန်လည်တက်ကြွမှုရှိစေရန် အားပေးသည်။ ဂရုစိုက်သည်။ အချိန်တိုင်းလိုလို အနားတွင်နေပေးသည်။

'ငါလည်း မင်းလိုဖြစ်ဖူးပါတယ် မြင့်မိုရ်ရာ၊ ငါ ကိုယ်ချင်းစာပါတယ်၊ ဒီလိုအချိန်က အရမ်းအထီးကျန်ဆန်တာပဲ'

ဆိုပြီး သူ၏ တစ်ဦးတည်းသောချစ်ဦးသူအကြောင်းကို စိတ်လိုလက်ရပြောပြသည်။ အငယ်ကောင်ကလည်း ထိုးထားသည်ကိုပင် ဇွဲမယူဘဲ အရင်လိုပင် ရင်းရင်းနှီးနှီး ပြန်ခေါ်သည်။ ဟိုအသစ်စက်စက်လင်မယားကလည်း မကြာခဏဟင်းတွေချက်ကာ သူငယ်ချင်းတွေအားလုံး ထမင်းလက်ဆုံစားကြသည်။ လိုတာထက်ပို၍ ကျွန်တော့်ကို 'ပ'စားပေးကြသည်။ တော်သေးတာပေါ့။ ဒီလိုသူငယ်ချင်းတွေ ရှိလို့။

ဒါတောင် အိပ်ရာပေါ်သို့ရောက်သည့်အခါ ခူးခူးတစ်ယောက် ဟိုမှာ အဆင်မှပြေပါ့မလား။ သူနေချင်သလို လွတ်လွတ်လပ်လပ်ရော ရှိရဲ့လား။ ငါ့ဆီကို ဖုန်းလေးတောင် ဆက်ဖော်မရဘူးဟု တွေးတွေးမြောက်တွေးတွေးကာ တော်တော်နှင့် အိပ်မပျော်။

www.burmeseclassic.com

www.burmeseclassic.com



လေး၊ ငါးညလောက် မွေ့ရာထက်တွင် လူးလိမ့်ပြီးသွားသည့်အခါမှ နည်းကောင်းတစ်ခုရသည်။ ထိုနည်းကလည်း ခူးခူးပြောသွားသည့်နည်းပင်။ ရွှေတိဂုံဘုရားပေါ်မှာကဲ့သို့ မွေ့ရာပေါ်တွင်လှဲကာ မျက်စိနှစ်လုံးပိတ်ထားလိုက်သည်။ ဘာကိုမှ မစဉ်းစား။ အသံတွေကိုသာ ဂရုတစိုက်အာရုံပြုကာ နားစွင့်ထားသည်။ နှစ်ခြမ်းကျော်လောက်က ခွေးဟောင်သံ၊ တံခါးဖွင့်ရန် ဟွန်းတီးသံ၊ တံခါးပိတ်လိုက်သည့်အသံ။ လမ်းထိပ်ကင်းတဲမှ သံချောင်းခေါက်သံ။ နောက်ဖေးလမ်းကြားထဲမှ ကြောင်များမာန်ဖီသံ။ အား... အခုမှပဲ ညတွေက မတိတ်ဆိတ်ကြောင်း သိရသည်။ ညတွင်သာမဟုတ်။ လောကကြီးသည် ဘယ်တော့မှ ငြိမ်သက်တိတ်ဆိတ်သည်ဟူ၍မရှိ။ ဒီဘက်ခြမ်းမှာ ညဆိုရင် ကမ္ဘာ့ဟိုဘက်ခြမ်းမှာနေ့။ ဒီဘက်မှာ ငါအိပ်နေရင် ခူးခူးက ဟိုဘက်မှာ။ နိုးနိုး။ မတွေးနဲ့။ အသံတွေကိုပဲ နားထောင်။ အသံတွေကိုပဲ အာရုံစိုက်။ မင်းခေါင်းထဲကို အသံတွေပဲသွင်း။

ဆိတ်ငြိမ်ရပ်ကွက်ဖြစ်သော်လည်း အသံတွေက မနည်းပါ။ ထို့နောက် အသံတွေနားထောင်ရင်းမှ ဘယ်သို့ဘယ်ပုံ အိပ်ပျော်သွားသည်မသိ။ သိပ်တော့ မဆိုးလှ။ ထိုနည်းက အိပ်ဆေးသောက်အိပ်သည်ထက်များစွာအလုပ်ဖြစ်သည်။ ဘယ်လောက်တောင် အိပ်ကောင်းသလဲဆို မနက်တွေမှာ တော်ရုံနှင့်မနိုးတော့။

တစ်မနက်တွင် ထုံးစံအတိုင်း ဆယ်နာရီလောက်မှ အိပ်ရာနိုးပြီးအိမ်အောက်သို့ဆင်းလိုက်ရာ ဧည့်ခန်းထဲ၌ ကိုနိုင်နှင့် မေကြီးတို့ စကားပြောနေကြသည်။

'သား... လာပါဦး ဒီကို'

ကျွန်တော် ဆင်းလာသည်ကိုမြင်သဖြင့် မေကြီးက လက်ယပ်ခေါ်သည်။

'အခုတင် မင်းကို ငါ တက်နှိုးတော့မလို့'

ကိုနိုင်က မျက်ခုံးတစ်ချက်ပင့်၍ နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုနိုင့်ကို မေမေပဲ ဖုန်းဆက်ခေါ်လိုက်တာ၊ သားအမေကြီးက ထိုကနေ ပိုက်ဆံတွေလွှဲလိုက်တယ်၊ နောက်ပြီး မေမေ့ကျန်းမာရေးကလည်း အရင်လောက်မကောင်းတော့ ပစ္စည်းအသစ်တွေ မလုပ်ချင်တော့ဘူး'

'မေကြီး ဘာဖြစ်…'

မေကြီးက လက်ကာပြ၍ ဆက်ပြောသည်။

'ဆိုးဆိုးရွားရွား မဟုတ်ပါဘူး။ အရွယ်ရလာတော့ လူကြီးတွေ ထုံးစံအတိုင်း ခေါင်းကိုက်၊ ဇက်ကြောထိုးရုံလောက်ပါ။ အဲဒါနဲ့ အခု ကိုနိုင့်ကို မေးနေတာ၊ သားတို့ဆိုင် အခြေအနေအကြောင်း'

မေကြီးက ကိုနိုင့်ကို မျက်လုံးဝေ့ကြည့်သည်။ ကိုနိုင်က ခေါင်း တညိတ်ညိတ်နှင့် နားထောင်သည်။

'အခု ကိုနိုင်ပြောပုံအရဆိုရင် အခြေအနေမဆိုးဘူးပဲ၊ မေမေ့ မိတ်ဆွေတစ်ယောက်လည်း ပြည်လမ်းပေါ်မှာ ကုန်တိုက်ကြီးတစ်ခုဆောက် နေတယ်၊ သားတို့ အဲဒီမှာ ဆိုင်အသစ်သွားဖွင့်ပါလား'

'ဟာ… တကယ်လား မေကြီး၊ သားတို့မှာ အဲဒီစိတ်ကူးရှိတယ်၊ အခုခေတ်က ဆိုင်ခွဲများများဖွင့်နိုင်မှ တော်ကာကျမှာ၊ ဖောက်သည်မပျက် တော့ဘူးပေါ့၊ ကိုနိုင်ရော ဘယ်လိုသဘောရလဲ'

ကိုနိုင်ကတော့ ဘာမှပြန်မပြော။ ပြုံး၍သာ ခေါင်းကိုတွင်တွင် ညိတ်နေသည်။

'ကဲ… အဲဒါဆို သားနဲ့ ကိုနိုင်ပဲ ဒီအန့်ကယ်ဆီ ဆက်သွယ်လိုက်၊ ဟုတ်ပြီလား၊ မေမေ့သားလို့သာပြောလိုက်တာနဲ့ သားတို့အတွက် နေရာ အကောင်းဆုံးဆိုင်ခန်းကို ဖယ်ထားပြီးသားရှိတယ်'

မေကြီးက လိပ်စာကတ်လေးတစ်ခု ပေးသည်။ ကျွန်တော်က လိပ်စာကတ်ကိုယူပြီး မေကြီး၏ ခုံလက်ရန်းပေါ်သို့ ပြောင်းထိုင်ကာ ဖက် ထားလိုက်သည်။

'မာတာပိတုဂုဏောအနန္တောဆိုတာ ဒါကိုပြောတာသင်တယ်နော် ကိုနိုင်၊ ဟဲ… ဟဲ…'

www.burmeseclassic.com

www.burmeseclassic.com



'အောင်မလေး… ဒါမျိုးစကားတွေနဲ့ပဲ မြင့်မိုရ်တို့က သူငယ်ချင်းတွေကြားမှာ အနိုင်ကျင့်နေတာ မဟုတ်လားဟင် ကိုနိုင်'

ကိုနိုင်ကတော့ ဘာမှပြန်မဖြေ။ ကျွန်တော်တို့သားအမိကို အားကျသည့်မျက်လုံးများဖြင့် ပြုံးရွှင်ကာစိုက်ကြည့်လျက်။

❒ ❒ ❒

ဆိုင်အသစ်ဖွင့်ရတာက ထင်သလောက်မလွယ်။ ဆိုင်ပေါ်တွင်တင်ရန် ဖက်ရှင်ဝတ်စုံများ အဆင်သင့်ရှိသော်လည်း တခြားဆိုင်များနှင့်မတူ တစ်မူထူးခြားသည့် ဆိုင်ခန်းအပြင်အဆင်လေး လုပ်ချင်သဖြင့် ပိုအလုပ်ရှုပ်သွားသည်။ အလုပ်ရှုပ်နေတာပဲ ကောင်းသည်။ မဟုတ်လျှင် ခူးခူးကိုသတိရသည့်စိတ်က ဘယ်လိုချောင်းနေသလဲ မသိ။ အချိန်အားလေးနည်းနည်းရှိလိုက်သည်နှင့် ကျွန်တော့်လွမ်းစိတ်ကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်လေတော့သည်။

ဖိုးသားလေးရှိလို့သာ တော်သေးသည်။ နောက်ပိုင်းတွင် ခူးခူးကိုသတိရတိုင်း ဖိုးသားလေးကိုတွေ့၍ စိတ်ဖြေရသည်။ ခူးခူးကိုယ်ပွားလေးဟု သတ်မှတ်ကာ အချစ်ပိုရသည်။ ထိုကဲ့သို့ တွေ့လိုက်ရမှသာ ရင်ထဲတွင်ပေါ့သွားပြီး နေသာထိုင်သာရှိသွားသည်။

ဒီနေ့တွင်လည်း ဆိုင်အသစ်ဖွင့်ပွဲအပြင် ဖေကြီးနှင့် မေကြီးတို့၏ မင်္ဂလာသက် ၃၅ နှစ်ပြည့် ကျောက်စိမ်းရတုအဖြစ်ပါပေါင်း၍ ဘုန်းကြီးများပင့်ဖိတ်ပြီး ပြုလုပ်သည့် တပိုင်တနိုင်အလှူလေးတွင် ဖိုးသားလေးကိုပါ မှတ်မှတ်ရရခေါ်ထားလိုက်သည်။

အစပိုင်းတွင် ထောင့်တစ်ထောင့်၌ထိုင်ကာ ကိုနိုင်နှင့် ပုံတစ်ပုံဆွဲနေသည်ကို မြင်မိလိုက်သည်။ နောက်ပိုင်းတော့ ဆွေမျိုးများကိုဧည့်ခံရင်းအလုပ်ရှုပ်နေမိသည်။

ရုတ်တရက် လက်ခုပ်တီး၍ ဟေးခနဲအော်သံကြား၍ ကြည့်လိုက်ရာ…

www.burmeseclassic.com

www.burmeseclassic.com



မေကြီးလက်ထဲတွင် ဖိုးသားလေးကို ချီပွေ့ထားသည်။ ဖိုးသား လေး၏ ပါးဖောင်းဖောင်းကိုလည်း တရှုတ်ရှုတ်နမ်းနေ၏။ ကျွန်တော် ကြည့် နေသည်ကို မြင်သွားသည့်အခါမှာတော့…

'သားရေ… ဒီကလေးလေးက သားခေါ်ထားတာဆို၊ ဘယ်သူ့ ကလေးလဲကွယ်၊ တော်လိုက်တာ၊ ဒီမှာကြည့်ပါဦး'

မေမေ့လက်ထဲမှ ပုံကို ဆွဲယူကြည့်လိုက်သည်။

'ဟာ…'

နံရံတွင် ချိတ်ထားသည့် ဖေကြီးနှင့် မေကြီးတို့၏ မင်္ဂလာပွဲပုံ။ ဖိုးသားလေး လက်စွမ်းပြကာ တစ်ထေရာတည်းကူးဆွဲထားသည်။ တစ်အိမ် လုံးရှိ ဧည့်သည်များကလည်း အထူးအဆန်းသဖွယ် ကျွန်တော့်လက်ထဲမှ ပုံကို ဝိုင်းကြည့်ကြသည်။ ပြီးတော့ ခေါင်းတခါခါ လည်တခါခါနှင့် တအံ့တသြမေးကြသည်။

'ဒါ… ဒါ ဒီကလေးလေးဆွဲတာ'

'မဖြစ်နိုင်တာပဲ'

ကိုနိုင်ကတော့ ဧည့်သည်များကို ဖိုးသားလေးက ဘယ်လိုပန်းချီ ထူးချွန်ကြောင်း၊ ပထမဆုအပြင် ပညာတော်သင်ဆုပါရထားသည့်အကြောင်း စသည့် ဖိုးသားလေးနှင့်ပတ်သက်သမျှအကြောင်းတွေကို ဂုဏ်ယူဝင့်ကြွား စွာ ရှင်းပြနေသည်။ တစ်ဆက်တည်း ဖိုးသားလေးက ဒီအရွယ်ထိ စကား မပြောတတ်သည်ကို သိသွားသည့်အခါ ကျွတ်တသတ်သတ်နှင့် သနားနေ ကြသည်။

'ဟုတ်တယ်၊ ဟုတ်တယ်၊ တကယ်တော်တဲ့ genius(ပါရမီရှင်) တွေက အဲဒီလိုပဲ၊ တစ်ဖက်မှာ အရမ်းထူးချွန်တော့ တစ်ဖက်မှာ လစ်ဟင်း သွားသဘောနေမှာ၊ ဘာမှမပူနဲ့ဟေ့… ဒီကောင်လေးက သာမန်ကလေး မဟုတ်ဘဲ၊ တစ်နေ့တော့ စကားသေချာပေါက်ပြောလိမ့်မယ်၊ ဟဲဟဲ'

လူကြီးတစ်ယောက်က အာပေါင်အာရင်းသန်သန်နှင့် ဝင်ပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘာပဲပြောပြော ယနေ့အလှူပွဲတွင် ပွဲခံသွားသူမှာတော့ ဖိုးသားလေး သာဖြစ်သည်။ အကုန်လုံးက ဖိုးသားလေး၊ ဖိုးသားလေးဟူ၍ လိုက်ကာမချ တော့။ တချို့ကလည်း သူတို့ပုံတူများကို ဆွဲပေးရန် ဖိုးသားလေးကို ဓာတ်ပုံ များထုတ်ပေးကြသည်။ ဖိုးသားလေးကလည်း အကုန်လုံးပေးသည့် ဓာတ်ပုံ များကိုကြည့်ကာ ခေါင်းမဖော်တမ်း ပုံတူများဆွဲပေးလျက်ရှိသည်။

❖

www.burmeseclassic.com

www.burmeseclassic.com

(၁၇)

'ဂျီဂျီ… ဂျီဂျီ… ဂျီဂျီ… ဂျီဂျီ…'

ဆိုင်အသစ်တွင် စာရင်းဇယားများနှင့် အလုပ်ရှုပ်နေသဖြင့် ဖုန်းမကိုင်အားသေးသောကြောင့် ဝန်ထမ်းတစ်ယောက်ကို ကိုင်ခိုင်းလိုက်ရ သည်။

'အစ်ကိုလေး… ကြီးကြီးတဲ့၊ အရေးကြီးလို့ပါတဲ့'

'ဩော်… ပေး… ပေး…'

ဘောပင်ကိုဘေးချ၍ ဖုန်းကိုယူလိုက်သည်။

'ဟုတ်… ကြီးကြီး'

'မောင်မြင့်မိုရေ၊ ဒီ… ဒီမှာ ဖိုး… ဖိုးသားလေးရယ်လေ ကိုယ်တွေအရမ်းပူပြီး ပါးစပ်ကလည်း…'

'ဗျာ… ဟုတ်… ဟုတ်… ခဏစောင့်၊ ခဏစောင့်၊ အခုလာပြီ'

ကြီးကြီးစကားကို ဆုံးအောင် နားမထောင်တော့။ ဖုန်းကိုချပြီး ကားသော့ဆွဲကာ ဆိုင်ထဲမှ အမြန်ပြေးထွက်လာခဲ့သည်။

ကျွန်တော်ရောက်သွားတော့ ဖိုးသားလေးအခြေအနေမှာ အတော်ဆိုးနေပြီ။ ခန္ဓာကိုယ်လေးလည်း ပျော့ခွေနေ၏။ ချက်ချင်းပွေ့ကာ ဆေးရုံသို့ ပို့ရသည်။ ကိုနိုင်ကို ဖုန်းဆက်၍ ကလေးဆေးရုံသို့သွားပြီး ကြိုစောင့်ခိုင်းထားလိုက်သည်။

ဆေးရုံသို့ရောက်သည့်အခါ ကိုနိုင်သာ မဟုတ်၊ မကြီးပါ ရောက်

www.burmeseclassic.com

www.burmeseclassic.com


နေသည်။

'သွား… သွား… ဟိုမှာ အကုန်အဆင်သင့်လုပ်ထားတယ်'

မကြီးက ဖိုးသားလေးကို ပို့ရမည့်နေရာသို့ ညွှန်ပြသည်။ မကြီးသည် အလှူပွဲမှစ၍ ဖိုးသားလေးကို သံယောဇဉ်တွယ်ကာ နှစ်ရက်ခြားတစ်ခါ၊ သုံးရက်ခြားတစ်ခါ အိမ်သို့ခေါ်ထားတတ်သည်။ ကျွန်တော်ကလည်း အိမ်မှာမရှိ၊ မကြီးကလည်း အရင်လို အပြင်မသွားတော့သဖြင့် ဖိုးသားလေးကိုသာ အဖော်ပြုနေရသည်။ တစ်ခါတလေ ကျွန်တော်က မေ့ပြီး မခေါ်နိုင်လျှင်တောင် ဒရိုင်ဘာကိုလွှတ်ပြီး ဖိုးသားလေးကို ခေါ်ခိုင်းသည်။

'ဘယ်လိုဖြစ်တာလဲ အစ်မကြီးရယ်'

မကြီးက ကြီးကြီးကို စိုးရိမ်တကြီး မေးလိုက်သည်။ ကြီးကြီးပုံမှာလည်း ငိုမဲ့မဲ့။

'ကျွန်မကလည်း ပုံမှန်ဖျားတာထင်ပြီး လမ်းထိပ်က ဆေးဆိုင်လေးမှာပဲ ဆေးစပ်ပြီးတိုက်လိုက်တာ၊ အဲဒါ… အဲဒါ…'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ အစ်မကြီးရယ်၊ ထားပါတော့… နောက်မှပဲပြောပါ၊ ကိုနိုင်ရေ… သွား… ရေတစ်ဘူးလောက် ဝယ်ပေးစမ်းပါ'

စကားပြောရင်းနှင့် မျက်ရည်များကျလာသည့် ကြီးကြီးကို မကြီးက နှစ်သိမ့်နေရသည်။ ထိုအချိန်မှာပဲ အခန်းထဲမှ ဆရာဝန်ထွက်လာသည်။

'ဖိုးသားလေးအခြေအနေ ဘယ်လိုလဲ ဆရာ'

ကြီးကြီးရော မကြီးပါ ထိုင်ရာကနေ ထလာသည်။

'အချိန်မီလေးပဲ… တော်သေးတယ်၊ အခု သွေးသွင်းထားတယ်၊ စိုးရိမ်စရာမရှိတော့ပါဘူး၊ ဒါပေမဲ့ ကလေးက ခံနိုင်ရည်သိပ်မရှိတဲ့အခါ မှိန်းနေရလိမ့်မယ်၊ ဆေးရုံမှာ တစ်ပတ်လောက်တော့ နေသင့်ပါတယ်၊ အုပ်ထိန်းသူတွေကို ပြောချင်တာကတော့ သိပ်မပေါ့ကြနဲ့လို့၊ မဟုတ်ရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်လိမ့်မယ်'

ဖိုးသားလေးကို သာမန်အဖျားဟုထင်ကာ ဆေးစပ်ပေးသည့်ဆိုင်က ရိုးရိုးအဖျားကျဆေးပေးလိုက်သည်။ တကယ်လည်း ဆေးသောက်ပြီးသည့်အခါ ကိုယ်အပူရှိန်ကျသွားသဖြင့် ကြီးကြီးက စိတ်ချလက်ချထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ထိုကဲ့သို့မဟုတ်။ ရောဂါက အရှိန်မြင့်ရန် နောက်တစ်လှမ်း ဆုတ်လိုက်သည့်သဘောမျိုးသာ ဖြစ်သည်။ ပြီးတော့မှ အလုံးအရင်းနှင့် တိုက်လိုက်တော့မှသာ ဖိုးသားလေးသည် ခံနိုင်ရည်မရှိတော့ဘဲ ယခုကဲ့သို့ အခြေအနေထိ ရောက်သွားခြင်းဖြစ်သည်။

'ကဲ··· ကဲ··· သားနဲ့ ကိုနိုင်တို့ အစ်မကြီးနဲ့အတူ ဖိုးသားလေးကို ကူစောင့်ပေးလိုက်ပါကွယ်၊ ကဲ··· အစ်မကြီး အားလုံးလည်း စိတ်ချရပြီဆိုတော့ ကျွန်မလည်း ပြန်လိုက်ပါဦးမယ်'

မေကြီးက အကုန်လုံးကိုနှုတ်ဆက်၍ အခန်းထဲမှထွက်သွားသည်။ အခန်းဝသို့ရောက်တော့မှ တစ်ခုခုကို သတိရဟန်ဖြင့် ပြန်လှည့်ကာ···

'ဟဲ့··· ငါ့သားတို့ ဘာမှမစားရသေးဘူး မဟုတ်လား၊ စားစရာ တစ်ခုခု လိုက်ဝယ်ပါလား'

'ဟုတ်သားပဲ၊ ဖိုးသားလေးကို စိတ်ပူပြီး ဘာမှမစားနိုင်ကြတာ၊ ကိုနိုင်ပဲ လိုက်သွားပြီး သင့်တော်ရာတစ်ခုခု ဝယ်ခဲ့ချေဗျာ'

အခန်းထဲတွင် ကြီးကြီးနှင့် ကျွန်တော်သာ ကျန်ခဲ့သည်။ အဲယားကွန်းအသံမှလွဲ၍ တိတ်ဆိတ်နေသည်။ မွေ့ရာပေါ်တွင်တော့ ဖိုးသားလေးက ငြိမ်သက်စွာလဲလျောင်းလျက်။

'သြော်··· မောင်မြင့်မိုရ်တို့ သားအမိတွေလည်း ဖိုးသားလေးနဲ့ ပတ်သက်ပြီး အလုပ်တွေပိုနေရပြီ၊ အားနာစရာကြီးကွယ်'

ကြီးကြီးက ဖိုးသားလေး၏ မျက်နှာဖောင်းဖောင်းလေးကို စိုက်ကြည့်ရင်း ပြောသည်။

'ဟာ··· မဟုတ်တာဘဲ၊ အားနာစရာဘာရှိလို့လဲ၊ မေကြီးဆိုလည်း ဖိုးသားလေးကိုပဲ အခုနောက်ပိုင်း အဖော်ပြုနေရတာ၊ ဖိုးသားလေးရှိလို့သာ မဟုတ်ရင် မေကြီးလည်း အိမ်ထဲမှာ တစ်ယောက်တည်း လွယ်မှာမဟုတ်ဘူး'

'အေးပေါ့ကွယ်··· ဒါလည်း ဒီကလေးရဲ့ ကုသိုလ်ကံပဲပေါ့၊ လူ့လောကထဲကို ခဲရာခဲဆစ်ရောက်လာပြီးမှ မောင်မြင့်မိုရ်တို့လို သူတော်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသားအမိန့်တွေလို့သာ ဒီကလေးရဲ့ကုသိုလ်ကံပဲပေါ့'

ဖိုးသားလေးမျက်နှာပေါ်သို့ ဆံပင်စများကို သပ်တင်ပေးလိုက်ပြီး ကြီးကြီးက ကျွန်တော့်ဘက်သို့လှည့်ကာ…

'ဒါနဲ့ မောင်မြင့်မိုရ်'

'ဟုတ်'

'ဖိုးသားလေးက ဘယ်သူ့ရင်သွေးလဲဆိုတာ သိတယ်နော်'

'ဟုတ်၊ သိပါတယ်'

'ခူးခူးက အကုန်ပြောပြတယ်ပေါ့'

ကျွန်တော်က ခေါင်းညိတ်ပြကာ ခူးခူးပြောထားသည့်အကြောင်းများသာမက မဖြူဖြူပြောသည့် ခူးခူးမိဘများအကြောင်းပါ ကြီးကြီးကို အကုန်ပြောပြလိုက်သည်။

'အဲဒါ တကယ်ပဲ ခူးခူးတို့မိသားစုရဲ့ အဖြစ်အပျက်တွေလားဟင် ကြီးကြီး'

ကျွန်တော့်စိတ်ထဲတွင် မတင်မကျဖြစ်နေသည့်ကိစ္စကို အတည်ပြုပေးရန် မေးလိုက်သည်။ ကြီးကြီးက ကျွန်တော့်မေးခွန်းကို ချက်ချင်းမဖြေ။

'အဲဒီအကြောင်းတွေကို မောင်မြင့်မိုရ်ကို ဘယ်သူပြောတာလဲ၊ ခူးခူးတော့ မဟုတ်လောက်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခူးခူးက သူ့မိဘတွေအကြောင်းကို မောင်မြင့်မိုရ်သိသလောက်တောင် မသိပါဘူးကွယ်'

'ဟို ခူးခူးအဖေ ခေါင်းချသွားတဲ့မြို့က အသိတစ်ယောက်က စကားစပ်မိရင်း ပြောသွားတာပါ'

'ဪ…'

ချက်ချင်းဆိုသလို ကြီးကြီးမျက်နှာတွင် ဆွေးရိပ်သန်းသွားသည်။

'လူတွေ၊ လူတွေ၊ ဘာဖြစ်လို့ သူများအကြောင်းတွေကို ဒီလောက်တောင် မှတ်ထားကြရတာလဲ'

ကြီးကြီးက ခေါင်းကို အကြိမ်ကြိမ်ယမ်းပြီးမှ ကျွန်တော့်ဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကာ သက်ပြင်းရှည်ကြီးချလိုက်သည်။

'ဖူး…'

'ခူးခူးမိဘတွေအကြောင်း မောင်မြင့်မိုရ် သိထားတာ အဲဒီလောက်ပဲလား'

'ဟုတ်… အဲဒါ အကုန်ပါပဲ'

'ဒေါက်တာဟန်ဇော် ကုပေးလိုက်လို့ ရောဂါပျောက်သွားတဲ့ မိန်းမကြီးအကြောင်းရော မေးမကြည့်ဘူးလား'

'ဟုတ်… မေးကြည့်ပါတယ်၊ ဟိုလေ အိမ်ထောင်ကျသွားပြီး နယ်စပ်မြို့တစ်မြို့ကို ပြောင်းသွားတယ်ဆိုလားပဲ၊ ကျွန်တော့်ကို ပြောပြတဲ့ အစ်မကြီးကလည်း အဲဒီအချိန်တုန်းက သူက ငယ်သေးတော့ ဂဃနဏမသိဘူးတဲ့'

'မသိဘူးတဲ့လား'

'အဲဒီမိန်းမကြီးက တခြားမဟုတ်ဘူး၊ ကြီးကြီးပဲကွယ့်'

'ဗျာ…'

'ကြီးကြီး'

'ဟုတ်တယ်၊ ကြီးကြီးပဲ'

ကြီးကြီးသည် ဖိုးသားလေးနားမှ ထသွားသည်။ မှန်ပြတင်းပေါက်တွင်ရပ်၍ အပြင်ဘက်သို့ ငေးနေသည်။ သေချာသည်။ ကြီးကြီးမျက်လုံးထဲတွင် လူများ၊ ကားများ၊ သစ်ပင်များကို မြင်နေလိမ့်မည်။ သို့သော် ဆေးရုံဝင်းထဲမှ မဟုတ်။ ဟိုးအတိတ်တစ်နေရာမှ။

'ကြီးကြီး အိမ်ထောင်ကျသွားတယ်ဆိုတာလည်း အမှန်ပါပဲ၊ နယ်စပ်မြို့တစ်မြို့ကို ပြောင်းသွားတယ်ဆိုတာလည်း မမှားပါဘူး၊ ဒါပေမဲ့ ကွယ်…'

ထိုနေရာတွင် စကားစရပ်သွားသည်။ ကျွန်တော်ကလည်း အလိုက်တသိ ငြိမ်၍နားထောင်ပေးလိုက်သည်။ ဒဏ်ရာတစ်ခုကို ပြန်လည်တူးဖော်

www.burmeseclassic.com



ဖို့ဆိုတာ အရှိန်တော့ယူရမယ်မဟုတ်လား။

ခဏကြာတော့မှ…

'အမျိုးတကာက သတ်မှတ်ထားတဲ့ အရူးနဲ့ အကောင်းဆိုတဲ့ စံနှုန်းဟာ ဆီစိမ်စက္ကူတစ်စလောက်တောင် မခြားပါဘူး၊ လူတိုင်းမှာ အရူး ဓာတ်ခံရှိကြတာချည်းပဲ၊ ဟန်ဆောင်ကောင်းတဲ့အချိန်တွေမှာသာ ဖုံးဖိထား နိုင်တာ၊ သတိလက်လွတ်ဖြစ်သွားလိုက်တာနဲ့ တစ်ကြိမ်တစ်ခါလောက်တော့ ပွင့်ထွက်သွားတတ်တယ်၊ ဒါကို လူတွေက ဘာဖြစ်လို့ တစ်ဘဝလုံးစာ အရိပ်မည်းကြီးအဖြစ် တံဆိပ် ရိုက်ပေးချင်ကြတာလဲ'

စကားပြောရင်း ကြီးကြီးအသံတွင် ဒေါသစွက်လာကြောင်း သတိ ပြုမိသည်။

'ဘာဖြစ်လို့အဲဒီအမည်းစက်ကြီးကိုပဲ လက်ညှိုးထိုးချင်နေရတာလဲ၊ အဆိုးဆုံးကတော့ ကြီးကြီးရဲ့ယောက်ျားပဲ၊ သူက မူးလာပြီဆိုရင် ကြီးကြီး ကို အရူးမ၊ အရူးမဆိုပြီး နှိပ်စက်တယ်၊ သူ့ကိုယ်သူလည်း အရူးလင်ပါဆို ပြီး လှောက်အော်တယ်၊ သူ့ကို အရူးမဆီရောင်းစားရပါ့မလားဆိုပြီး သူ့မိဘ တွေရော ကြီးကြီးမိဘတွေရောပါ ကျိန်ဆဲတယ်၊ ကြီးကြီးလည်း တတ်နိုင် သမျှ သည်းခံပါသေးတယ်၊ ဒါပေမဲ့ အခြေအနေပိုဆိုးလာတယ်၊ နေ့ညမပြတ် အရက်ချည်းပဲ လိုမ့်သောက်နေတယ်၊ ကြီးကြီးကိုလည်း ကိုယ်ထိလက် ရောက်စော်ကားလာတယ်၊ သူ့မျက်နှာကလည်း ပုံမှန်မဟုတ်တော့ဘူး၊ တကယ့်ကို အရူးကြီးတစ်ယောက်အတိုင်း ပေါက်တကရတွေ အော်နေတော့ တယ်၊ ရယ်ရတယ်၊ ဒင်းကမှ တကယ့်အရူး'

ကြီးကြီးက ကျွန်တော့်ဘက်သို့ ပြန်မလှည့်သေး။ ဝရန်တာအပြင် ဘက်ရှိ အတိတ်ကမ္ဘာသို့ ငေးနေဆဲ။

'အဲဒါနဲ့ သူ့စိတ်တိုင်းကျ သူ့ကိုကွာပေးပြီး ကိုယ့်မြို့လေးကို ကိုယ် ပြန်လာခဲ့တယ်၊ အဲဒီမှာ ပြဿနာစတော့တာပဲ၊ ရက်စက်တယ်၊ ကြီးကြီးရဲ့ မိဘတွေကလည်း တကယ်ရက်စက်တယ်'

ကြီးကြီး၏ လက်တစ်ဖက်က ပြတင်းပေါက်ဘောင်ကို ဖျစ်ညှစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

'ကြီးကြီးရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ ဒေါက်တာဟန်ဇော်ကို ကန်တော့ချင်လို့ အပြင်မှာ စုံစမ်းလိုက်တော့မှ အဖြစ်မှန်တွေသိလိုက်ရတယ်၊ ကြီးကြီးဆေးရုံကဆင်းပြီးပြီးချင်း ယောက်ျားမယူခင် ဒေါက်တာတို့မိသားစုကို ကျေးဇူးဆပ်ချင်လို့ သွားတွေ့ဖို့ကြိုးစားပါသေးတယ်၊ အိမ်က အကြောင်းအမျိုးမျိုးပြပြီး ခွင့်မပြုခဲ့ဘူး၊ အခု ပြန်လာမှသိလိုက်ရတော့ အကုန်ခြေလွန်လက်လွန်တွေဖြစ်ကုန်ပြီ'

'ဒါနဲ့ ကြီးကြီးလည်း ကိုယ့်ကြောင့်ဖြစ်တဲ့ပြဿနာကို မရမကရှင်းမယ်ဆိုပြီး ခူးခူးတို့သားအမိကို ရှာပုံတော်ဖွင့်ခဲ့တယ်၊ ဘယ်လိုမှ ရှာမတွေ့ခဲ့ဘူး၊ နိုင်ငံခြားကိုပဲ အပြီးအပိုင်ပြောင်းသွားသလိုလို၊ ခူးခူးအမေကပဲနောက်ယောက်ျားယူသွားသလိုလိုနဲ့ မရေမရာသတင်းတွေကလွဲပြီး ဘာမှသဲလွန်စမရခဲ့ဘူး၊ ဒါပေမဲ့ ဒေါက်တာဟန်ဇော်ရဲ့ အုတ်ဂူလေးကိုတော့နှစ်တိုင်းဆေးသုတ်ပေးတယ်၊ ဘုန်းကြီးတွေကို နှစ်စဉ်ဆွမ်းကပ်တယ်၊ ကြီးကြီးလုပ်သမျှ ကုသိုလ်ကောင်းမှုအကုန်လုံးကိုလည်း သူတို့မိသားစုအတွက်ပဲ ရည်စူးခဲ့တယ်'

ကြီးကြီးက အပြင်ဘက်ကိုကြည့်နေရာမှ ခန္ဓာကိုယ်ကို ပြန်လှည့်ပြီး ကျွန်တော့်ဘက်သို့ မျက်နှာမူလိုက်သည်။ ကြီးကြီးမျက်လုံးတွေက အရောင်မတောက်တော့။ ရီဝေမှေးမှိန်နေ၏။

'ကြီးကြီးရည်စူးခဲ့တဲ့ကောင်းမှုကုသိုလ်တွေကြောင့်လား မသိဘူး၊ ကြီးကြီးရဲ့ ကျေးဇူးရှင်ကို ကျေးဇူးပြန်ဆပ်ဖို့ရာ အခွင့်ကြုံလာတယ်။ ကြုံမယ့်ကြုံတော့လည်း ကြည့်ဦးလေ၊ တွေ့ချင်လို့ အနှစ်နှစ်အလလက လိုက်ရှာခဲ့တဲ့ ဒေါက်တာဟန်ဇော်ရဲ့ရင်သွေးက ဖြစ်ချင်တော့ ကြီးကြီးနဲ့ တစ်ရပ်ကွက်တည်းဖြစ်နေရော၊ အဲဒီနေ့က ခူးခူးလေး ပလက်ဖောင်းပေါ်မှာထိုင်ပြီးတွေငိုနေလို့ ဘာဖြစ်နေပါလိမ့်လို့ မေးလိုက်တော့မှ သူ့ဒုက္ခတွေကို ပြောပြတယ်၊ ကြီးကြီးလည်း သနားသွားပြီး မဖြစ်သင့်တာတွေ မဖြစ်ရအောင် အိမ်ကိုခေါ်မော့ပြီး ခေါ်ထားလိုက်တယ်၊ နောက်မှ နာမည်အပြည့်အစုံကို မေးကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့အခါ တန်ခူးအိမ်ရွေ့လို့ သိလိုက်ရတော့ အရမ်းလည်းအံ့သြ၊ အရမ်းလည်းဝမ်းသာသွားတယ်၊ သူ့အဖေနဲ့ အမေရဲ့နာမည်ကို ဆက်မေးလိုက်တော့ တကယ်ပဲ ကြီးကြီးရဲ့ကျေးဇူးရှင်တွေ ဖြစ်နေတယ်'

ကြီးကြီး ပြောနေတဲ့အချိန်မှာပဲ ခူးခူး၏ တစ်လောကလုံးကို အမှုမထားသည့် ဂျစ်ကန်ကန်မျက်နှာလေးကို မြင်နေမိသည်။ လောကဓံ၏ အထုအထောင်းတွေကို နုနုလွင်လွင်အရွယ်လေးနှင့် ဤမျှလောက်ခံခဲ့ရပြီးတဲ့နောက် တစ်လောကလုံးကို ဆန့်ကျင်နေသည်မှာ မထူးဆန်းတော့ပေ။

'ဝမ်းနည်းစရာကောင်းတာက ခူးခူးလေးကို အဲဒီလိုအခြေအနေမျိုးမှာ တွေ့လိုက်ရလို့ပဲ၊ ဝမ်းသာစရာကတော့ တကယ်အကူအညီလိုအပ်နေတဲ့အချိန်မှာ ကျေးဇူးဆပ်ခွင့်ရလို့ပဲ၊ ခူးခူးရဲ့အမေလည်း ဆုံးသွားပြီဆိုတဲ့စကားကိုလည်း ကြားလိုက်ရတော့ ကြီးကြီးလေ အော်ပြီးရယ်ပမ်လိုက်ချင်တယ်၊ နောက်တစ်ခေါက် ပြန်ရှုးသွားမလားတောင် အောက်မေ့ရတယ်၊ ဆွေမျိုးတွေကလည်း မိဘနိုက်တဲ့ကလေးဆိုပြီး ခူးခူးကို ပစ်ပယ်ကြတယ်၊ ခူးခူးအမေ ချန်ထားခဲ့တဲ့အမွေတွေကို မက်ပြီး သူ့အဒေါ်တစ်ယောက်သာ ဝတ်ကျေတန်းကျေ ကြည့်ထားလို့ ခူးခူးလေး လူလားမြောက်လာရတာ၊ စဉ်းစားကြည့်လေ၊ ကြီးကြီးသာ ဒေါက်တာဟန်ဇော်နဲ့ မဆုံခဲ့ရင် ဒါမှမဟုတ် မြို့ထဲကလူတွေသာ အားအားယားယား မဟုတ်တမ်းတရား လျှောက်မပြောခဲ့ကြရင် ဘယ်လောက်သာယာလိုက်တဲ့မိသားစုလေး ဖြစ်မလဲနော်၊ ခူးခူးလည်း အခုလို ဒုက္ခတွေရောက်တော့မှာ မဟုတ်ဘူး၊ အခုတော့ ကြီးကြီးကနေစပြီးမွှေလိုက်တဲ့ဓာတ်လမ်းက ဖိုးသားလေးထိအောင် ရိုက်ခတ်သွားရော၊ ကံကံရဲ့အကျိုး တယ်ဆန်းပါလား'

ကြီးကြီးက ဘာမှဆက်မပြောတော့ဘဲ ကျွန်တော့်ဘေးတွင် လာထိုင်သည်။ ကျွန်တော်ကလည်း အလိုက်တသိနှင့် ရေဘူးဖွင့်ကာ ဖန်ခွက်ထဲထည့်ပေးလိုက်သည်။

'အဲဒီကိစ္စကို ခူးခူးကို ပြောမပြထားဘူးလား'

ကြီးကြီးက တစ်ကျိုက်တည်း ရေကိုမော့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မပြောချင်ပါဘူး မောင်မြင့်မိုရ်ရယ်'

'ဟင်… ဘာဖြစ်လို့မပြောတာလဲ၊ ကြီးကြီးပြောတော့ ခူးခူးနဲ့ ကြီးကြီးကြားမှာ ဘာမှမဖုံးကွယ်ကြဘဲ ပွင့်ပွင့်လင်းလင်းဆက်ဆံကြတယ်ဆို'

'ပွင့်လင်းတာတော့ ပွင့်လင်းတာပေါ့၊ ဒါပေမဲ့ကွာ၊ အဲဒီလို စိတ်ဆင်းရဲစရာကိစ္စကြီးကို ခူးခူးသိသွားတော့လည်း ဘာထူးမှာလဲ၊ ဒါနဲ့ မောင်မြင့်မိုရ်ရော ခူးခူးရဲ့မိဘတွေအကြောင်း သိလိုက်တော့ ခူးခူးအပေါ် ချစ်တဲ့စိတ်တွေ လျော့မသွားဘူးလား'

'ဟင့်အင်း… မလျော့ပါဘူး၊ ဘာဆိုင်လို့လဲ'

ကျွန်တော်က ခပ်သွက်သွက်ခေါင်းခါရင်း ငြင်းလိုက်သည်။

'အဲဒါပဲ မောင်မြင့်မိုရ်၊ မင်းကို ခူးခူးကြိုက်တာလည်း အဲဒါတွေကြောင့်ပဲနေမှာ၊ လူတစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံတဲ့အခါ ဘာဖြစ်လို့ မျိုးရိုးတွေ နောက်ကြောင်းရာဇဝင်တွေကို စိတ်ဝင်စားကြတာလဲ၊ ခူးခူးကိုချစ်ရင် ခူးခူးကိုပဲ စိတ်ဝင်စားပေါ့၊ မဟုတ်ဘူးလား'

ကြီးကြီးက မကျေမနပ်နှင့် ရေရွတ်သည်။ ကြည့်ရတာ ကြီးကြီးလည်း ခူးခူးကဲ့သို့ပင် ပတ်ဝန်းကျင်နှင့် အတော်ထော်လော်ကန့်လန့် ဆန့်ကျင်ပုံရသည်။ မဟုတ်မှလွဲရော။ ခူးခူးရဲ့စရိုက်တွေကလည်း ကြီးကြီးနဲ့နေပါများလို့ ကူးစက်ကုန်တာလား မသိ။

'တစ်ယောက်နဲ့တစ်ယောက် လက်ထပ်တဲ့အခါကျရင် အဲဒီလူကို ယူမှာလား၊ အဲဒီလူရဲ့ မျိုးရိုးကို ယူမှာလား၊ အဲဒီလူရဲ့ ချမ်းသာကြွယ်ဝမှုကို ယူမှာလား၊ အဲဒီလူရဲ့ ပညာအရည်အချင်းကိုယူမှာလား၊ သေသေချာချာ ကြိုတွေးထားသင့်တယ်'

ထိုအချိန်မှာပဲ ကိုနိုင်ပြန်ရောက်လာသဖြင့် စကားစပြတ်သွားသည်။ ကိုနိုင် ဝယ်လာသည့် ဖော့ဘူးကိုဖွင့်လိုက်သည့်အခါ အငွေ့တွေလိုက်ပါလာသည့် ခေါက်ဆွဲလုံးကြီးများက ကျွန်တော့်အစာအိမ်ထဲမှ ပိုးမျိုးတစ်ရာတစ်ပါးကို ရွတက်စေ၏။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက် အားရပါးရ

www.burmeseclassic.com

www.burmeseclassic.com



စားလိုက်ကြသည်။ သတိရတော့ ကြီးကြီးကို ကြည့်လိုက်သည့်အခါ 'ခေါက်ဆွဲဖတ်များက အရာမယွင်'သေး။

'ကြီးကြီး စားလေ၊ ဗိုက်မဆာဘူးလား'

ကိုနိုင့်စကားကို ကြီးကြီးက ခေါင်းခါပြသည်။

ဟုတ်မှာပါ။ အခုချိန်မှာ ဘယ်လိုလုပ်စားချင်စိတ်ရှိမှာလဲ၊ ရင်ဘတ်တစ်ခုလုံး နာကြည်းချက်တွေ၊ ဒဏ်ရာတွေနှင့် ပြည့်တင်းနေမည်မှာ မုချမလွဲ။

❖

www.burmeseclassic.com

www.burmeseclassic.com

(၁၈)

လေတွင် အရောင်၊ အဆင်း၊ အနံ့၊ အရသာမရှိဟု မည်သူပြော သနည်း။ နေ့စဉ်ရှူသွင်းနေရသည့် ရန်ကုန်မြို့ထဲမှ လေနှင့် ကျွန်တော် အခုရှူနေရသည့်လေသည် လားလားမှမဆိုင်။ လတ်ဆတ်သန့်ရှင်းကာ ချက်ချင်းဆိုသလို လန်းဆန်းသွားသည်။

'ဩော်… ဒါကြောင့်လည်း သူဌေးကြီးတွေက ပင်လယ်တွေထဲ ထွက်၊ တောင်တွေပေါ်တက်ပြီး အပန်းဖြေကြတာကိုး၊ လေချင်းမှမတူဘဲ'

ကိုနိုင်က လေကို တဝကြီးရှူသွင်း၍ ပြောသည်။

'ငါတို့အားလုံး အားတဲ့အခါကျရင် နှစ်ရက်၊ သုံးရက်လောက် ကမ်းခြေလေး ဘာလေးသွားကြရင် ကောင်းမယ်နော်၊ ရော့… ဒီမှာ ဖောက်ထားတယ်'

ကိုနိုင်က သူ့လက်ထဲမှ ဖောက်ပြီးသားဘီယာဘူးကို လက်ဆင့် ကမ်းသည်။ ကျွန်တော်က ခေါင်းတစ်ချက်ယမ်းလိုက်ရင်း…

'အကုန်လုံးအားဖို့ဆိုတာ သိပ်တော့လွယ်မှာမဟုတ်ဘူးဗျ၊ အခုဗဲ ကြည့်၊ ဒီကိုလိုက်မယ်ဆိုပြီး ဟိုလင်မယား မလိုက်လာနိုင်ဘူးမဟုတ်လား။ သူတို့တွေ ကလေးမွေးပြီးအသားကျသွားရင်တော့ မပြောတတ်ဘူး၊ အဲဒီတော့ မှ အားလိမ့်မယ်ထင်တယ်'

ထင်အောင်ကျော်က လူဖြစ်တော့မည်။ သူ့မိန်းမ မဖြူတွင် ကိုယ်ဝန်လေးလရှိနေပြီ။ ဖိုးသားလေး ဆေးရုံမှဆင်းသည့်အခါ ကလေးကို လန်းဆန်းသွားအောင် လော့ကားသို့လိုက်ပို့ပေးရန် ကျွန်တော်နှင့် ကိုနိုင်တို့

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်သည်။ ဆိုင်အသစ်အတွက် ပင်ပန်းခဲ့တာတွေအပြင် အနားယူချင်တာလည်း ပါသည်။ သို့သော် ဒီ၊၊ ၃ိုထွက်လာကာနီးမှ မဖြူဗိုက် သရိုးသရီဖြစ်လာသည်ဆိုကာ မလိုက်ကြသဖြင့် ကျွန်တော်တို့သုံးယောက်တည်း လာခဲ့ရသည်။ ဟိုအမြွာနှစ်ကောင်ကိုတော့ ဆိုင်နှစ်ဆိုင်တွင် တာဝန်ပေးခဲ့ရသည်။

ဖိုးသားလေးမှာ သူများကလေးတွေလို ကွင်းပြင်ကျယ်ကျယ်တွေ့တာနှင့် လျှောက်ပြေးတက်သည့်ကလေး မဟုတ်သဖြင့် ကျွန်တော်တို့အနေနှင့် ထွေထွေထူးထူးဂရုစိုက်ရန် မလို။ ထုံးစံအတိုင်း မြက်ခင်းစပ်တစ်နေရာ၌ ထိုင်၍ ပုံဆွဲနေသည်။

ကျွန်တော်နှင့် ကိုနိုင်တို့ကတော့ ဘီယာဘူးတစ်ဘူးစီဖြင့် လော်ကားဥယျာဉ်ကြီးကို အမြည်းလုပ်ကာ သုံးဆောင်နေကြသည်။

'ဒီလိုကန်အစပ်မှာ ထိုင်နေရတာတောင် ဒီလောက်ဖိမ်ရှိနေရင် လှိုင်းလေးတွေမြူးနေတဲ့ ပင်လယ်ကမ်းစပ်ဆိုရင် ဘယ်လိုနေမလဲ မသိဘူးနော်'

'ကိုနိုင်က ဘာကိစ္စနဲ့ ပင်လယ်ကမ်းခြေကို ဒီလောက်သွားချင်နေရတာလဲ'

'ဟာ… မင်းကလည်း ကမ်းခြေကို မသွားချင်တဲ့သူ ရှိမလားကွ၊ ပင်လယ်ကမ်းစပ်ဆိုတာ သဘာဝတရားကြီးက လူတွေအတွက် အပန်းဖြေစိတ်ရွှင်လန်းဖို့ပေးထားတဲ့ အကောင်းဆုံးဆုလာဘ်ပဲမဟုတ်လား'

အောင်မယ်… အရင်က ကိုနိုင် ဒီလိုမဟုတ်။ ဘီယာလေးသုံးငုံလောက်သာ ငုံရသေးတယ်။ စကားလုံးအနုအရွတွေ ထွက်လာပါလား။ ကျွန်တော်လည်း ကိုနိုင့်ကို နောက်ချင်စိတ်ပေါ်လာကာ…

'တကယ်ပဲ ပင်လယ်ကမ်းစပ်ကြီးက ကိုနိုင့်အတွက် စိတ်ကြည်နူးချမ်းမြေ့စရာကြီးလား'

'ဒါပေါ့ကွ'

'ဒါဆိုလည်း ရန်ကုန်မှာ ဘာလုပ်ဖို့နေနေတာလဲ၊ ပင်လယ်ကမ်းခြေတစ်ခုခုမှာ သွားနေပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အဲ...'

'အဲလိုလည်း မဟုတ်ဘူးလေ'

'ဘာလို့မဟုတ်ရမှာလဲ၊ အဲဒါဆိုရင် ကိုနိုင် တစ်သက်လုံး စိတ်ကြည်လင်ချမ်းမြေ့မယ် မဟုတ်လား'

'ဟာ...'

ကိုနိုင်က ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည့်ပုံကိုကြည့်ရင်း တဟားဟားရယ်လိုက်သည်။

'ရယ်ပါ၊ ရယ်ပါ၊ မင်းလည်း ခူးခူးနဲ့ပေါင်းပြီး အဲဒီလို ကတ်သီးကတ်ဖဲ့တွေပြောတတ်လာပြီ'

ကိုနိုင် ဘာတွေဆက်ပြောနေမှန်း မကြားရတော့။ ခူးခူးဆိုသည့် နာမည်ကြားလိုက်ရုံနှင့် ကျွန်တော့်အကြားအာရုံများ ဆွံ့အသွားသည်။ အမြင်တွေ ဝေဝါးသွားသည်။ ဆံပင်တိုတို ဂျစ်ကန်ကန်ကောင်မလေးတစ်ယောက်၏ ခင်ဗျားကြီးကလည်းဗျာဆိုသည့်ပုံရိပ်နှင့် အသံတွေသာ ဖုံးလွှမ်းကုန်၏။

'ငါ... ငါ ယောင်ပြီးပြောလိုက်မိတာ၊ ဆောရီးကွာ... ငါတို့ အပန်းဖြေနေတဲ့အချိန်ကြီးမှာ'

'ရပါတယ် ကိုနိုင်ရယ်'

ချက်ချင်းကြီး ဝေဆွေးသွားသည့် ကျွန်တော့်ကိုကြည့်ပြီး ကိုနိုင်က အားနာစကားဆိုသည်။ လက်ထဲမှ ဘီယာဘူးကို လက်စသိမ်းမော့ချလိုက်ပြီး နောက်ထပ်နှစ်ဘူးယူကာ ကိုနိုင်ကို တစ်ဘူးပေးလိုက်သည်။ ဘူးသစ်ကိုဖွင့်။ အငမ်းမရ။ နောက်ထပ် တစ်ကျိုက်။ ဘီယာသောက်ရင် ဘာလို့လည်းချောင်းထဲပဲအေးပြီး နှလုံးသားကို မအေးစေရတာလဲ။ နေနိုင်လိုက်တာ ခူးခူးရယ်။ ဟိုရောက်တယ်ဆိုတာတောင် ဖုန်းမဆက်ပါလား။

'မထူးပါဘူး မြင့်မိုရ်ရာ၊ ငါတော့ ပြောလက်စနဲ့ ဆက်ပြောရမှာပဲ၊ ခူးခူးနဲ့ မင်းဘိစ္စကို အန်တီ့ကို ငါပြောပြလိုက်တယ်'

'ဗျာ... မေကြီးကို'

'အေး... ဖိုးသားလေး ဆေးရုံတင်ထားတုန်းကကွ၊ လူကြီးတွေကလည်းကွာ ငယ်ရာကကြီးလာကြတာပဲ၊ အဲဒီလောက်တော့ ရိပ်မိမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေပြောပြလိုက်လဲ'

'သြော်… ခူးခူးက အရှမ်းရိုးသားတဲ့အကြောင်း၊ ငွေမက်တာမျိုး ဘာမျိုး မရှိတဲ့အပြင် သတ္တိလည်းရှိကြောင်း၊ ကိုယ်ပိုင်အတွေးအခေါ်နဲ့ ရပ်တည်နေတဲ့ ကောင်မလေးဖြစ်ကြောင်း၊ တစ်လောကလုံးနဲ့တောင်ဆန့်ကျင်ပြီး ဖိုးသားလေးကို ရဲရဲဝံ့ဝံ့မွေးထားတဲ့အကြောင်း၊ မင်းတို့နှစ်ယောက်က လည်း ဟိုဟိုဒီဒီကိစ္စတွေမပါဘဲ တကယ့်ကို ဖြူဖြူစင်စင်ချစ်တဲ့အကြောင်း တွေ လုံးစေ့ပတ်စေ့ပြောပြလိုက်တာပါ'

'အဲ့ဒီတော့…'

ကျွန်တော်က သိလိုစိတ်ပြင်းစွာနှင့် စကားထောက်ပေးလိုက်သည်။

'သနားစရာပါတဲ့၊ ဖိုးသားလေးကိုလည်း တကယ့်မြေးတစ်ယောက် လို တွယ်တာနေပြီတဲ့၊ အန်တီအမိကပြောတာကတော့ မင်းစိတ်ချမ်းသာဖို့သာ နံပါတ်တစ်ပါတဲ့၊ ကျန်တဲ့ကိစ္စတွေကိုတော့ နောက်မှကြည့်ရှင်းတာပေါ့တဲ့ ကွာ၊ နောက်ပြီး ခူးခူးရဲ့သတ္တိကိုလည်း ချီးကျူးတယ်ကွ၊ ကလေးကို ဖျက်မချဘဲ ရဲရဲဝံ့ဝံ့မွေးတာ မှန်တယ်တဲ့၊ မဟုတ်ရင် ဖိုးသားလေးလို ပါရမီရှင်တစ်ယောက် ဆုံးရှုံးသွားလိမ့်မယ်တဲ့'

ဒီတစ်ခါက်တော့ ကိုနိုင့်ကို ကျေးဇူးတင်ရမည်။ မေကြီးက ကျွန်တော်နှင့်ပတ်သက်သမျှ ကိစ္စအဝဝကို ကိုနိုင့်ထံတွင် စုံစမ်းသည်။ ဘာမဆို တိုင်ပင်သည်။ ကိုနိုင်ကလည်း အရှိကို အရှိအတိုင်း မေကြီးကို ပြောပြသည်။ ဘာကိစ္စမဆို ကိုနိုင်အပေါ်တွင် ယုံကြည်မှုအပြည့်ရှိသည်။ အခု ခူးခူးကိစ္စတွင်လည်း ကိုနိုင်က ရာနှုန်းပြည့်ထောက်ခံလိုက်သဖြင့် သဘောတူသွားပုံရသည်။

'အစစအရာရာ အဆင်ပြေတော့မယ်ဆိုမှကွာ၊ ကာယကံရှင်နှစ် ယောက်က ဝေးနေတော့…'

'အဲဒါဆိုရင် အခု ခူးခူး ဟိုသွားတဲ့ကိစ္စကိုရော ဘယ်လိုပြောလိုက် သလဲ'

'ဟဲ… ဟဲ… ဒါကိုတော့ ငါလည်း အန်တီ့ကို သိမ်ရာမရောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် ခရီးထွက်သွားတယ်လို့ပဲ ပြောလိုက်တယ်၊ ပညာရှိနည်းပေါ့ကွာ'

စကားစ ခဏပြတ်သွားသည်။ ဖိုးသားလေးကတော့ ကန်အစပ်တွင် အားရပါးရ ပုံများဆွဲနေဆဲ။ အတန်ကြာတော့မှ ကိုနိုင်က တစ်စုံတစ်ခုကို သတိရဟန်ဖြင့်…

'ဟာ… ဒါနဲ့ ခူးခူးက ငါ့ဆီကို မေးလ်ပို့ထားသေးတယ်ကွ'

'ကိုနိုင့်ဆီကို'

'အေး… မင်းအကြောင်းတွေကို မေးတာပါ၊ မင်းဆီကိုလည်း ပို့ချင်ပေမယ့် မင်းစိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ မပို့တော့တာပါတဲ့'

'သြော်…'

'နောက်… ဖိုးသားလေးအကြောင်းတွေလည်း မေးတာပေါ့လေ၊ ဒါပေမဲ့ မင်းကိုသာ အဓိကမေးတာပါ'

ငှက်မိသားစုကြီးတစ်အုပ်က ကျွန်တော်တို့ ခေါင်းပေါ်မှကျော်ကာ ကန်ရေပြင်ကြီးပေါ် ရှပ်၍ ပျံသန်းသွားကြသည်။

'ဒီမှာ မြင့်မိုရ်၊ မင်းက ခူးခူးကို တစ်ဖက်သတ်ကြီး ပေးဆပ်ခဲ့ရတယ်၊ တစ်ဖက်သတ်ကြီးချစ်ခဲ့ရတယ်လို့ ထင်နေတယ်မဟုတ်လား'

ကျွန်တော်က ဘာမှပြန်မဖြေနိုင်။ ပြန်ဖြေဖို့လည်း အချိန်မပေး။ ကိုနိုင်က စကားကို တစ်ဆက်တည်း ဆက်၍ပြောသည်။

'မဟုတ်ပါဘူးကွာ၊ ခူးခူး ဟန်မဆောင်တတ်တာ မင်းလည်း သိသားနဲ့၊ မင်းကို တကယ်ချစ်လို့သာ မိန်းကလေးတန်မဲ့ သူ့ဘက်ကစပြီး အဖြေပေးခဲ့တာမဟုတ်လား၊ သူများမိန်းကလေးတွေလို ကိုကုတွေ မောင်မောင်တွေ ချွဲချွဲပျစ်ပျစ်မလုပ်တတ်တာတော့ သူ့အကျင့်ကိုးကွ'

'ခူးခူးလေ ငါ့ကို ဓာတ်ပုံတွေပြဖူးတယ်၊ သိလား'

စိမ်းဖန့်ဖန့်ကန်ရေကြီးကို ငေးမောရင်း ကိုနိုင်က သူ့စကားကို ဆက်သည်။

'အကုန်လုံး မင်းရဲ့ပုံတွေချည်းပဲ၊ မင်းဆိုင်ထဲမှာ စာရင်းစစ်နေတဲ့ပုံတွေ၊ အင်္ကျီနေရာချနေတဲ့ပုံတွေ၊ မင်း ကားမောင်းနေတဲ့ပုံတွေ၊ ရွှေတိဂုံ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားပေါ်မှာ မင်း အာရုံပြုနေတဲ့ပုံတွေ၊ အများကြီးဆိုမှ တကယ့်အများကြီး၊ အဲ··· ဓာတ်ပုံတွေပြပြီးတော့ ငါ့ကို ဘာပြောလဲ၊ သိလား'

ဒီတစ်ခါတော့ ကျွန်တော် ငြိမ်ပြီးမနေနိုင်တော့။ အလျင်အမြန် ဖြတ်မေးလိုက်သည်။

'ဘာပြောလဲဟင်'

'သူရိုက်သမျှလူတွေရဲ့ မျက်နှာတွေမှာ မင်းမျက်နှာက ဆွဲဆောင်မှုအရှိဆုံးပဲတဲ့၊ နောက်ပြီး မင်းပုံတွေအကုန်လုံးကို အားရတယ်တဲ့၊ နောက်ဆုံးပြောသွားတဲ့စကားကတော့ အမှန်ဆုံးပဲနေလိမ့်မယ်'

'တကယ်တော့ မင်းလိုမျက်နှာတွေက ရန်ကုန်မှာ အများကြီးပဲတဲ့၊ ဆိုလိုတာကကွာ သူများတွေထက် ဘာမှသိပ်ပြီးမထူးခြားဘူးပေါ့ကွာ၊ ဒါပေမဲ့ မင်းပုံတွေရိုက်တိုင်း သူ့အနေနဲ့ ပျော်တယ်၊ ကျေနပ်တယ်ဆိုတာ အချစ်ကြောင့်ပဲဖြစ်မယ်တဲ့၊ အချစ်ဆိုတဲ့ filter ကိုဖြတ်ပြီးမှလာလို့ မင်းရဲ့ပုံတွေက အဲဒီလောက်တောင် ကောင်းနေတာတဲ့'

'ဟာ···'

ကျွန်တော့်ခန္ဓာကိုယ်ကြီး လေဟာနယ်ထဲတွင် မြောက်နေသကဲ့သို့ ခံစားနေရသည်။

'အချစ်ဆိုတဲ့ filter'

ကျွန်တော့်ပါးစပ်မှ ထပ်၍ရေရွတ်မိသည်။ ကိုနိုင်က ခေါင်းတစ်ချက်ဆတ်ပြကာ ဖိုးသားလေးနားသို့ ထွက်သွားသည်။

ဤဥယျာဉ်ကြီးထဲသို့ ရောက်ကာစက ခူးခူးနှင့်ပတ်သက်၍ ကျွန်တော်သည် ရေ့ရှိကန်ရေပြင်ကြီးကဲ့သို့ ပြန့်ပြူးငြိမ်သက်နေလေပြီဟု ကိုယ့်ကိုယ်ကိုယ် ထင်မှတ်ခဲ့သည်။ မဟုတ်။ အခုတော့ မဟုတ်။

ကန်ရေပြင်ကြီးက လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်နေသည်ဆိုခြင်းမှာ အပြင်ပန်းသက်သက် ဟန်ဆောင်ဖုံးကွယ်ထားခြင်းမျှသာ။ တကယ်တမ်းတွင်တော့ ၄င်းကန်ကြီးအတွင်းပိုင်း၌ ရေနေသတ္တဝါများ၊ သက်ရှိရေအောက်ပင်များဖြင့် စက္ကန့်မလပ် လှုပ်ရှားသက်ဝင်နေသည်ကို သေချာကြည့်ပါက မြင်နိုင်အံ့။

❖

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

ကွင်းပြင်ကြီးထဲတွင် လူသုံးယောက်ပြေးနေသည်။ တစ်စတစ်စနှင့် အရှိန်ရလာကြသည့်အခါ တောင်ပံများဖြန့်၍ တိမ်တိုက်ထဲသို့ တိုးဝင်ပျံတက်သွားကြ၏။

ရင်ထဲတွင် လှပ်ခနဲအေးသွားသည်။ ပျံနေသူထဲမှ တစ်ယောက်သည် ကျွန်တော်။ ကျန်နှစ်ယောက်ကို ကြည့်လိုက်တော့ ဖိုးသားလေးနှင့် ခူးခူး။ တစ်ယောက်နှင့်တစ်ယောက် ရင်ပေါင်တန်းကာ ပျံသန်းနေကြသည်။ အောက်သို့ငုံ့ကြည့်လိုက်တော့ ပကတိကြည်လင်နေသည့် ကန်ရေကြီး။ အရောင်အသွေးစုံလင်သော ငါးများ မြူးထူးပျော်ပါးနေသည်ကို အတိုင်းသား မြင်နေရသည်။

ကြည်နူးစရာကောင်းလိုက်တာ။ လေထဲမှာ ဆံပင်တွေဝဲပျံနေသည်။ ဖိုးသားလေးက ပျံနေရင်းနှင့် ကျွန်တော့်ကိုတစ်လှည့်၊ ခူးခူးကိုတစ်လှည့် သူသိချင်သည်များကို တတွတ်တွတ်နှင့် မေးခွန်းများ ထုတ်နေသည်။ ကျွန်တော်တို့ကလည်း ပြန်၍ စိတ်ရှည်လက်ရှည်ရှင်းပြရသည်။

ရေကန်ကြီးကို ကျော်လွန်လာသည့်အခါ တောအုပ်အပေါ်သို့ ရောက်ရှိသွားကြသည်။ အန့်။ မကောင်းဆိုးဝါးအနံ့တစ်ခုခုကို ရလိုက်သလို။ ခူးခူးကို သတိပေးမလို့ကြည့်လိုက်တော့ ဖိုးသားလေးကို ငါးတွေအကြောင်း ရှင်းပြနေသဖြင့် စကားစပြတ်အောင် စောင့်နေလိုက်သည်။ အဲဒါ မဟာ အမှားကြီးပင်။ စောင့်ဆိုင်းခြင်းသည် ကောင်းကျိုးမပြု။ စကားစပြတ်သွားမှ 'ခူးခူး သတိထား' ဟု ပြောလိုက်ရုံရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘုတ်…'

'အွတ်…'

'ခူးခူး'

စကားပင် မဆုံးလိုက်။ ခူးခူးရင်ဘတ်ထဲသို့ ရက်စက်သော အနီရောင်မြားတစ်စင်းက တိတိရိရိစိုက်ဝင်လျက်။ ဆက်လက်မပျံသန်းနိုင်တော့။ သွေးစက်များနှင့်အတူ အောက်သို့ပြုတ်ကျသွားလေတော့သည်။

'ခူးခူးရေ…'

အလန့်တကြားအော်လိုက်သည်။ လက်အောက်တွင် ပျော့စိစိကြီးဖြစ်နေသဖြင့် ကြည့်လိုက်တော့ မွေ့ရာကြီး။ လည်ချောင်းတွေ ခြောက်ကပ်နေသဖြင့် ရေဘူးတစ်ဘူးယူကာ အငမ်းမရမော့သောက်လိုက်သည်။ ထိုအခါမှ ပိုဆိုးသည်။ ရေသောက်ပြီးတော့ ပျို့ချင်သလိုလို၊ အန်ချင်သလိုလိုပါဖြစ်လာကာ ရီဝေလာသဖြင့် မွေ့ရာပေါ်သို့ အသာပြန်လှဲလိုက်ရသည်။

နေ့လယ်က လော်ကားတွင် ဘီယာသောက်တာ နည်းနည်းများသွားသည်။ အစတုန်းက ထင်အောင်ကျော်အတွက်ပါ ဝယ်ထားသည့်သုံးယောက်စာကို နှစ်ယောက်တည်းဖြိုလိုက်ရသဖြင့် လစ်မစ်ပိုသွားသည်။

နာရီကိုကြည့်လိုက်တော့ သုံးနာရီ။ အပြင်တွင် ရောင်နီမသန်းသေး။ ပြန်လည်း မအိပ်ချင်သေး။ လှဲနေရာမှ ထထိုင်လိုက်ပြီး အိပ်မက်အကြောင်းကို ပြန်စဉ်းစားမိသည်။

'ဘယ်လိုကြီးပါလိမ့်'

နေ့လယ်က ကိုနိုင့်စကားများကို စိတ်စွဲပြီးမက်တာဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ဘဝတွင် ထိုကဲ့သို့ ထူးထူးဆန်းဆန်းအိပ်မက်မျိုး တစ်ခါမှမမက်ဖူးခဲ့။ လူတွေက အတောင်ပေါက်ပြီး လေထဲကိုပျံရတယ်လို့ ပေါက်ပေါက်ရှာရှာ။ ကိုနိုင်ပြောသလို ခူးခူးနဲ့ပေါင်းတာများလို့ပဲ ထိုကဲ့သို့အိပ်မက်များမက်တတ်လာတာများလား။

ဘာပဲပြောပြော ဖေ့ဘွတ်တွင် ရေးစရာအကြောင်းတစ်ခု တိုးလာသည်။ အခုနောက်ပိုင်းတွင် နေ့စဉ်လိုလို ဖေ့ဘွတ်သုံးကာ ခံစားချက်လေး

www.burmeseclassic.com



တွေ ရေးတင်ဖြစ်နေသည်။ ဖေ့ဘွတ်ဆိုတာကလည်း ခူးခူးနဲ့တွေ့ပြီးမှ စွဲလမ်းသွားသည့်အရာတစ်ခု မဟုတ်လား။

ခူးခူး။

ရန်ကုန်မှာ မနက်သုံးနာရီ။ ဒူဘိုင်းမှာ ဘယ်နှနာရီလဲ။ ညရောက်နေပြီလား၊ အိပ်ပျော်နေပြီလား။ ဟိုကောင့်ရင်ခွင်ထဲမှာလား။ တော်ပြီ၊ တော်ပြီ။ မစဉ်းစားနဲ့တော့။

'ကျွတ်... ကျွတ်...'

ခေါင်းတွေကိုက်လာပြီး ဘာမှမစဉ်းစားပါနဲ့တော့။ ဦးနှောက်ကို တောင်းပန်ရမည်လား၊ နှလုံးသားကို တောင်းပန်ရမည်လား။ ဒါပေမဲ့ မရ။ ခူးခူးအကြောင်းတွေ အလိုလိုပေါ်လာသည်။ ဒါနှင့် ထုံးစံအတိုင်း မျက်စိကို မှိတ်ကာ သောတအာရုံ အစွမ်းကုန်ဖွင့်၍ အသံတွေကို နားထောင်လိုက်သည်။ ဒါလည်း ခူးခူး ပြသွားတဲ့အရာတစ်ခုပဲ မဟုတ်လား။ တော်စမ်းကွာ။ နားထောင်။ အသံတွေကိုပဲ နားထောင်။ ဟော...

'ဒုန်း...'

လေတိုက်၍ တံခါးနှင့် တံခါးဘောင် ရိုက်သံ။

'ဝုတ်... ဝုတ်...'

နှစ်ခြံကျော်က ခွေးရဲ့အသံ။ အသံ... အသံ... အသံ။

အ... သံ... တွေ။

❖

www.burmeseclassic.com

www.burmeseclassic.com

(၂၀)

မနက်ဖြန်ဆိုလျှင် ကျွန်တော့်မွေးနေ့။ ဖြစ်နိုင်လျှင် မနက်ဖြန်သို့ မရောက်ချင်။ ဖြစ်နိုင်လျှင် မနှစ်က မွေးနေ့သို့ ပြန်ရောက်ချင်သည်။

သေချာသည်။ နက်ဖြန်မွေးနေ့သည် ပျော်ရွှင်ဖွယ်ကောင်းလိမ့်မည် မဟုတ်။ အထီးကျန်နေလိမ့်မည်။ ခူးခူးမှ မရှိဘဲ။

မနှစ်က မွေးနေ့ကတော့ ထိုကဲ့သို့မဟုတ်။ ပျော်ရွှင်ဖွယ်ကောင်းသည့် ပုံရိပ်တွေကို မနေ့တစ်နေ့ကအတိုင်းပင် ပြတ်ပြတ်သားသား ကြည်လင်စွာမှတ်မိနေ၏။ ခူးခူးနှင့် နှစ်ယောက်တည်း ကိတ်မုန့်ခွဲခဲ့သည်။ ၄င်းကိတ်မုန့်လောက် ချိုမြိန်သည့်ကိတ်မုန့်မျိုး ဘဝတွင် တစ်ခါမှမစားဖူးခဲ့။

ဗီရိုထဲတွင် တရိုတသေသိမ်းထားသော ခူးခူးပေးထားသည့် မွေးနေ့လက်ဆောင်ကို ထုတ်လိုက်သည်။ ပလတ်စတစ်လောင်းထားသည့် ဓာတ်ပုံကြီးတစ်ပုံ။ ဓာတ်ပုံထဲတွင်ပါသည့်လက်မှာ ကျွန်တော့်ညာဘက်လက်။ ကျွန်တော့်လက်က သူများတွေနှင့်မတူ၊ လက်ငါးချောင်းစလုံးကို ဆန့်တန်းလိုက်ပါက ဖြောင့်တန်းမနေဘဲ အပေါ်သို့ကွေးလန်နေသည်။ လက်မကတော့ အဆိုးဆုံး။ နောက်သို့လှန်လိုက်ပါက လက်ဖျံကို ထိလုထိခင်ပင်။ ထိုကိစ္စနှင့်ပတ်သက်၍ ခူးခူး အမှတ်တရရေးပေးထားသော ဓာတ်ပုံတစ်ဖက်ခြမ်းရှိစာကိုလှန်၍ ဖတ်လိုက်သည်။

"သိပ္ပံပညာရှင်တွေရော၊ စိတ်ရောဂါပညာရှင်တွေရော၊ လက္ခဏာဆရာတွေရော တညီတညွတ်တည်း လက်ခံထားတာတစ်ခုရှိတယ်၊ ခင်ဗျားကြီးလက်မလိုမျိုး အရိုး ပျော့ပြီး အနောက်ထိအောင်လှန်နိုင်တဲ့ လက်ပိုင်ရှင်တွေဟာ စိတ်ပျော့တယ်လို့ အယုံ လွယ်တယ်

www.burmeseclassic.com

www.burmeseclassic.com



ငိုချိုလိုဖိတ်များတယ် အစွဲအလမ်းကြီးတယ်တဲ့၊ ခူးခူးရဲ့လက်မကိုလည်း အဲဒီ လိုပျော့ချင်တယ်၊ ခင်များလက်မလို လှန်လို့ရချင်တယ်၊ ဒါပေမဲ့ ခူးခူးလက်မက နောက် ကိုလှန်ဖို့နေနေသာသာ ရှေ့ကိုတောင်ပိုက်ချင်နေသေးတယ်၊ ဘာဖြစ်လို့ ခင်ဗျားကြီး လက်မလိုမျိုး ရချင်တာလဲ သိလား။ ခင်ဗျားကြီးတို့လို လက်မပျော့တဲ့သူတွေက ဖြူစင်တယ်တဲ့၊ မလိမ်တတ်ဘူးတဲ့၊ မစဉ်းစားတတ်ဘူးတဲ့၊ ခူးခူးလေ သိလား၊ အဲဒီအကြောင်းတွေကို သိပြီးကတည်းက လူတွေရဲ့လက်မတွေကို လိုက်လေ့လာကြည့်တယ်၊ ခင်ဗျားရှားပဲ၊ အခုတော့ တိုက်တိုက်ဆိုင်ဆိုင် ခူးတန်ဖိုးထားတဲ့လူဆီမှာ အဲဒီလိုလက်မမျိုး ရှိတယ်နော်၊ ပျော်လိုက်တာ"

ထာဝရမွေးနေ့အမှတ်တရ
ခင်ဗျားကြီးရဲ့
ခူး

သတိရခြင်းတွေ ပြည့်တင်းလို့ လည်ချောင်းဝထိ ဆို့နစ်လာသည်။ တဖြည်းဖြည်း ဦးခေါင်းပေါ်သို့တက်လာပြီး မျက်လုံးအိမ်ကြားထဲသို့ တိုးဝှေ့လာသည်။ ရပ်တော့။ အဲဒီမှာပဲ ရပ်လိုက်တော့။

ခူးခူးပြောတဲ့အတိုင်းပဲ မင်းက တကယ့်ငပျော့။ နာကြည်းလိုက်စမ်းပါလား။ မင်းကိုကျောခိုင်းပြီး အဝေးဆုံးထွက်သွားတဲ့ မိန်းမတစ်ယောက်ကို ဘာကိစ္စနဲ့ အစွဲအလမ်းကြီးနေရတာလဲ။ မနှစ်က မွေးနေ့ကို ဘယ်တော့မှ ပြန်မရောက်တော့ဘူး။

ရောက်မှာက မနက်ဖြန်။ ရောက်မှာက နောက်တစ်နှစ်။ နောက်ကို မကော့ဘဲ ဖြောင့်တန်းနေအောင် တစ်ခါလောက်ကြိုးစားပြီး လက်မထောင်ကြည့်ပါလား။

□ □ □

မနက်ဘ်စောစောထသည်။

ဖိုးသားလေးကို သွားခေါ်သည်။ ကြိုဝယ်ပေးထားသည့် ဘောလေး ဝတ်ပုဆိုးနှင့် တိုက်ပုံကို ဖိုးသားလေးထံ ဆင်ပေးလိုက်သည်။ ဖိုးသားလေး က သဘောကျသည့်သဘောမျိုးနှင့် လက်နှစ်ချောင်းထောင်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားပေါ်သို့ရောက်သည့်အခါ အနီးဆုံး ကျွန်တော့်မွေးနေ့ အင်္ဂါထောင့်တွင် ရေသပ္ပာယ်သည်။ ထို့နောက် ဖေကြီးမွေးနေ့ထောင့်ဖြစ်သည့် သောကြာထောင့်၊ မေကြီးမွေးနေ့ထောင့်ဖြစ်သည့် ကြာသပတေးထောင့်၊ ဖိုးသားလေး၏ တနင်္လာထောင့်။ လူတွေမြင်လျှင်တော့ ဒီကောင် ဘာတွေကြောင်ပြီး ထောင့်ပေါင်းစုံမှာ ရေတွေသပ္ပာယ်နေပါလိမ့်ဟု ထင်ချင်ထင်လိမ့်မည်။

ရာဟုထောင့်သို့ရောက်သည့်အခါ ထုံးစံအတိုင်း ခြေထောက်က အလိုလိုရပ်သွားသည်။ မရပ်နဲ့။ ဆက်လျှောက်။ ကိုယ့်ခြေထောက်ကို ကိုယ် အမိန့်ပေး၍မရတော့။ အလိုလို ဂြိုဟ်တိုင်နားသို့ရောက်သွားကာ ရေသပ္ပာယ်ပြီးသား ဖြစ်နေ၏။ နောက်ဆုံးတော့လည်း ကုသိုလ်လုပ်တာပဲလေ စိတ်သန့်သန့်နှင့်လုပ်မှပေါ့ဟု သဘောပိုက်ကာ ခူးခူးအသက်စေ့ ရေသပ္ပာယ်လိုက်သည်။

ရေသပ္ပာယ်ပြီးတော့လည်း မထူးပါဘူးလေဆိုပြီး ဦးသုံးကြိမ်ချကာ အနေဝေးရေဝေးတွင် အစစအရာရာ အဆင်ပြေပါစေဟု ဆုတောင်းပေးလိုက်သည်။ ထို့နောက် ဇရပ်တစ်ခုထဲသို့ ဝင်၍ထိုင်လိုက်သည်။ ဖိုးသားလေးကတော့ ထိုင်လိုက်တာနှင့်တစ်ပြိုင်နက် ကိုယ်နှင့်မကွာ အမြဲဆောင်ထားသည့် သေတ္တာလေးကိုဖွင့်ကာ ရွှေတိဂုံဘုရားကြီးပုံကိုတူဆွဲရန် ထောင့်အမျိုးမျိုးမှ ပုံစံအမျိုးမျိုးနှင့် ကြည့်နေသည်။ ကြည့်စမ်းပါဦး။ သွေးကစကားပြောတာပဲလား မသိ၊ ဖိုးသားလေး အခုလိုကြည့်နေသကဲ့သို့ ခူးခူးတုန်းကလည်း ရွှေတိဂုံဘုရားကြီးကို ဓာတ်ပုံရိုက်ရန် ထောင့်ပေါင်းစုံမှ လှည့်ပတ်ကြည့်ရှုနေပုံများကို ပြန်လည်မြင်ယောင်မိလာသည်။

'ဂျီ… ဂျီ… ဂျီ…'

ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ တစ်ခါမျှမမြင်ဖူးသည့် နံပါတ်ကိုးလုံး။

'ဟယ်လို…'

'မြင့်မိုရ်လား… ငါပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်... ကိုနိုင် ပြော'

'အေး... မင်းကို ဘတ်ဒေးဝှစ်လုပ်မလို့၊ ဟက်ပီဘတ်ဒေးပါ မြင်းမိုရ်'

'ကျေးဇူးပါပဲ ကိုနိုင်ရယ်'

'မင်း အခု ဘုရားပေါ်မှာလား'

'ဟုတ်'

'အတော်ပဲ၊ မင်းကို ငါ မွေးနေ့လက်ဆောင်ပေးမလို့ကွ'

'ဟာ... မလိုပါဘူး၊ ကိုနိုင်ကလည်း'

'တကယ်ပါကွ၊ ငါပေးချင်လို့ပါ'

'ပေးပေါ့ဗျာ... ပေးချင်တော့လည်း ကောင်းတာပေါ့၊ ညကျရင် ကိုနိုင်တို့ကို လိုက်ပြုစုမှာပဲ၊ အဲဒီတော့မှ...'

'မဟုတ်ဘူး၊ ငါက အခုပေးချင်တာ'

'ကျွန်တော်က ရွှေတိဂုံဘုရားပေါ်မှာပါဆို'

'ငါလည်း ရွှေတိဂုံဘုရားပေါ်မှာ'

'မနောက်ပါနဲ့ဗျာ'

'မနောက်ပါဘူးကွ'

'ကဲ... အဲဒါဆို ဘယ်နားမှာလဲ'

'အင်း... ခေါင်းလောင်းကြီးနားမှာ'

'ဒါဆို ကျွန်တော်တို့ဆီလာခဲ့လေ၊ ဒီမှာ ဖိုးသားလေး ပုံဆွဲနေတာ မပြီးသေးလို့'

'မင်းက ဘယ်မှာလဲ'

'ကျွန်တော်လား... သိဘူးဗျ၊ ဇရပ်တစ်ခုထဲမှာပဲ။ ဆင်းတုတော်တွေတော့ အများကြီးရှိတယ်'

'ဟာ... ဘုရားပေါ်မှာက ဇရပ်တွေအများကြီးကိုး၊ မင်းပဲလာခဲ့ကွာ'

'ဒီမှာ ဖိုးသားလေးက ပုံဆွဲနေတာ မပြီးသေးလို့ပါဆို'

www.burmeseclassic.com

www.burmeseclassic.com



'မလာဘူးလား'

'လာမယ်လေ၊ ခဏစောင့်'

'မင်း အခုမလာရင် ငါလက်ဆောင် ပြန်ယူသွားတော့မှာနော်'

'ဟ··· လာခဲ့ပါ့မယ်ဆို၊ မစောင့်နိုင်ရင်လည်း မစောင့်နဲ့ဗျာ၊ ညနေကျမှပဲ ပေးတော့'

'တကယ်နော်'

'တကယ်'

'ပြီးရော၊ သွားမယ်၊ ငါ့လက်ဆောင်က ဘာလဲဆိုတာ နားထောင်လိုက်ဦး'

တဂျစ်ဂျစ်အသံများ ကြားလိုက်ရပြီးနောက် အသံခဏတိတ်သွားသည်။ နောက်တော့ ဖုန်းစပီကာဘောက်မှ လေတွေတဝူးဝူးနှင့်ထွက်ကာ ကျွန်တော့်နားထဲသို့ တိုးဝင်နေသည်။ မဟုတ်ဘူး။ လေတွေက အပြင်ကနေ ကျွန်တော့်နားထဲကို တိုးနေတာမဟုတ်။ ရင်တွေခုန်လွန်းသဖြင့် ကျွန်တော့် နားထဲမှ လေများထွက်လာခြင်းသာ။ ကျွန်တော် ကြားလိုက်ရသည်မှာ···

'ခင်ဗျားကြီး အခုချက်ချင်းလာမလား မလာဘူးလား ပြော၊ တကယ် ညနေမှတွေ့မှာလား'

ရေထဲကို ခေါင်းနှစ်ပြီးပဲမေးမေး၊ တစ်ရေးနိုးပဲမေးမေး ဘယ်တော့မှမလွဲနိုင်။ ကျွန်တော့်ရင်ထဲ ထာဝရစွဲနေသည့်အသံ၊ ခူးခူး။

ဖိုးသားလေးလက်ကိုဆွဲကာ ခေါင်းလောင်းကြီးနားသို့ မည်သို့မည်ပုံ ရောက်သွားသည် မသိ။

'ဘယ်လိုလုပ်ပြီး ပြန်ရောက်လာတာလဲဟင်၊ ဘယ်တုန်းက ပြန်ရောက်တာလဲ၊ ဘာကိစ္စနဲ့ ကြိုမပြောတာလဲ' စသဖြင့် ပြောချင်သည့်စကားများ တစ်ခွန်းမှထွက်မလာ။ လည်ချောင်းဝတွင် တစ်နေပြီး···

'ခူးခူး၊ ခူးခူး၊ ခူးခူး'

မှလွဲ၍ ဘာသံမှထွက်မလာ။ ခူးခူးက တစ်ချက်ပြုံး၍ ဖိုးသားလေးလက်တစ်ဖက်ကို ဆွဲကိုင်လိုက်သည်။ ဖိုးသားလေးလက်ကို ခူးခူး ကိုင်လိုက်သည်ကိုတွေ့တော့မှ စိတ်ထဲတွင် ထင့်သွားကာ···

www.burmeseclassic.com

www.burmeseclassic.com



'ဖိုး… ဖိုးသားလေးကို ပြန်လာခေါ်တာလား'

'ဘာ…'

နားမလည်ဟန်နှင့် ခူးခူးက ပြန်မေးသည်။

'ဖိုးသားလေးကို ဟိုကိုအပြီးခေါ်ဖို့ ပြန်လာတာလား၊ ခူးခူးစာထဲမှာ ရေးခဲ့သလိုလေ'

ကျွန်တော့်စကားတောင် မဆုံးလိုက်။ ခူးခူးက ဟက်ခနဲ တစ်ချက်ရယ်သည်။ ဆံပင်တိုလေး ပြန့်ဝဲလို့။ ခူးခူး ထုံးစံအတိုင်း ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ပြန်ဖြေသည်။

'မဟုတ်ရပါဘူးဗျာ၊ ခူးခူးက ကိုယ့်ဘာသာကိုယ် အပြီးပြန်လာတာပါ'

'အပြီးပြန်လာတာ ဟုတ်လား၊ ဘာကိစ္စနဲ့လဲ'

ကြည့်စမ်း။ ငတုံး။ ကိုယ့်ဘာသာကိုယ်မေးပြီးမှ ကျိန်ဆဲမိသွားသည်။ အခုလိုချိန်မှာက တရားခံတစ်ယောက်လို စစ်နေစရာလိုလို့လား။ သူ့ဘာသာသူ ဘယ်လိုပြန်လာလာပေါ့။ အရေးကြီးဆုံးက ကျွန်တော့်အနားမှာ ထာဝရရှိသွားဖို့ပဲ မဟုတ်လား။

ခူးခူးကတော့ ပြန်ဖြေရှာပါသည်။

'ဟိုမှာ ဟိုအကောင်နဲ့ အပြတ်ရှင်းခဲ့တယ်လေ၊ သူ့ဆီမှာရှိတဲ့ ခူးရဲ့ပုံတွေကိုလည်း မရမကဖျက်ခဲ့တယ်၊ ဖိုးသားလေးဟာ သူ့ကလေး မဟုတ်ကြောင်းလည်း ရှဲ့ပြီးပြောခဲ့တယ်၊ ပြီးတော့ သူ့ကလေးက သူ့အမေ စီစဉ်တဲ့အတိုင်း ဖျက်ချလိုက်လို့ သေသွားတာကြာပြီ၊ အခု ဖိုးသားလေးက သူများနဲ့ရတဲ့ကလေးလို့ ပြောလိုက်တယ်'

'ဟုတ်လား၊ ဒါဆို ဖိုးသားလေးက ဘယ်သူနဲ့ရတဲ့ကလေးလဲ'

ကျွန်တော် ထိတ်ထိတ်ပျာပျာဖြစ်သွားပုံကိုကြည့်ပြီး ခူးခူးက ဝိုး မရှည်သလို ပြန်အော်သည်။

'ခင်ဗျားကြီးနဲ့ ရတဲ့ကလေးလို့ ပြောခဲ့တယ်ဗျို့၊ တကတည်း ရှဲ့ပြောလို့ ပြောမှန်းမသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပဲ ကျွန်တော့်ရင်ထဲမှ အလုံးကြီး ပြန်ကျသွားရပါတော့သည်။

'နောက်ဆိုရင် ခူးတို့သားအမိကို လုံးဝ မဆက်သွယ်ဖို့ သတိပေးခဲ့တယ်၊ ဒါပေမဲ့ ဒီကိစ္စတွေက လွယ်လွယ်နဲ့တော့ ရခဲ့တာမဟုတ်ဘူးပေါ့၊ ဒါကြောင့် ဒီလောက်ကြာသွားတာ'

'တကယ်'

ယောင်ပြီး ထပ်မေးမိပြန်ပြီ။ တော်တော့။ ကြည်ကြည်နူးနူးစကားလေးတွေသာ ပြောစမ်းပါကွာဟု ကိုယ့်ကိုယ်ကိုယ် မကျေမနပ် ရေရွတ်လိုက်သည်။

'တကယ်ပါဗျာ… ဒီတစ်ခေါက်တော့ ခင်ဗျားတို့နှစ်ယောက်နဲ့ ဝေးရာကို မသွားတော့ပါဘူး၊ မသွားလည်း မသွားနိုင်တော့ပါဘူး၊ ဟိုမှာလေ သီလား၊ အိပ်မက်တစ်မျိုးကိုပဲ ခဏခဏမက်တယ်၊ ခင်ဗျားရယ် ခူးရယ် ဖိုးသားလေးရယ် တစ်ယောက်လက်တစ်ယောက်ချိတ်ပြီး လျှောက်ပြေးနေကြတယ်တဲ့'

'တကယ်… ကိုလည်း ဟိုနေ့က အဲဒီလိုအိပ်မက်မျိုး မက်…'

'သိပါတယ်၊ ကိုနိုင်ပြောပြလို့ အကုန်သိပြီးပါပြီ၊ ဖဲ့ဘွတ်ပေါ်မှာတောင် ရေးတင်ထားတယ်ဆို'

ခေါင်းညိတ်ပြလိုက်သည်။

'ခူးလည်း ဖေ့ဘွတ်အကောင့်ပြန်ဖွင့်မယ် သီလား၊ ညနေကျရင် အင်တာနက်ဆိုင် လိုက်ပို့နော်၊ ဟိုမှာရိုက်လာတဲ့ပုံတွေ အများကြီးပဲ၊ အချိန်ယူပြီး ဖေ့ဘွတ်ပေါ်တင်ရဦးမယ်'

ထိုအချိန်တွင် ကျွန်တော်တို့နှစ်ယောက် လက်ဆွဲခေါ်ရာနောက်သို့ ဘုမသိဘမသိပါလာသည့် ဖိုးသားလေးက အတင်းရုန်းသဖြင့် အောက်သို့ ငုံ့ကြည့်လိုက်ရာ…

'…. ….'

ဖိုးသားလေးပါးစပ်မှ လှုပ်ကာ တစ်ခုခုပြောနေသယောင်။ သေချာနားစိုက်ထောင်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘေဘေ'

ဖိုးသားလေး၏ ပထမဆုံးစကား။ ဖိုးသားလေးဘေးသို့ ကျွန်တော်တို့နှစ်ယောက်စလုံး ပြိုင်တူထိုင်မိသွားသည်။

'ဘေဘေ' 'ဘေဘေ'

ဖိုးသားလေးက ကျွန်တော်နှင့် ခူးခူးကိုကြည့်ကာ ခေါ်နေသည်။ ဘယ်လိုလဲဟ။ ဖေဖေလည်း မဟုတ်၊ မေမေလည်း မဟုတ်။ ဘေဘေတဲ့။ ကိုးလိုးကန့်လန့်ကြီး။

'ခေါ်ပါဦး… ထပ်ခေါ်ပါဦး သားလေးရယ်'

ခူးခူးက သူ့ပါးစပ်ကို လက်ဝါးနှင့်အုပ်ကာ မယုံနိုင်လောက်အောင် အံ့သြနေသည်။ ဖိုးသားလေးကတော့ ဘေဘေဟု ခေါ်နေဆဲ။ ကျွန်တော်တို့နှစ်ယောက်လည်း မတိုင်ပင်ဘဲ ဖိုးသားလေးလက်ကိုဆွဲကာ ရင်ပြင်တော်အနှံ့ စိတ်လွတ်ကိုယ်လွတ် ပြေးလိုက်မိကြသည်။ BURMESE CLASSIC

အတောင်တွေဖြန့်၍ ကောင်းကင်အပေါ်ကိုတော့ ပျံမတက်ကြ။ သို့သော် လေထဲသို့ရောက်နေသည့်အတိုင်း ရင်ထဲ၌ တလှပ်လှပ်ဖြစ်နေ၏။

ခူးခူးနှင့် ရွှေတိဂုံဘုရားပေါ်သို့ ပထမဆုံးရောက်စကလို မျက်စိနှစ်ဖက်စလုံးပိတ်ကာ အသံများနားထောင်ကြည့်ပါက ကလေးတွေအသံ၊ ခေါင်းလောင်းထိုးသံ၊ ဆည်းလည်းသံ၊ လုံခြုံရေးဝန်ထမ်းများ စကားပြောစက်သံ၊ ဘာအသံမှ ကြားလိမ့်မည်မဟုတ်။

အဘယ်ကြောင့်ဆိုသော်…

ကျွန်တော့်ရင်ခုန်သံမှာ ထိုအသံများအားလုံးထက် ပိုမိုကျယ်လောင်၍ ဆူညံနေမည်မှာ မုချမလွဲ။

❖

www.burmeseclassic.com

www.burmeseclassic.com

(ဂ)

www.burmeseclassic.com

www.burmeseclassic.com

မလိုအပ်ဘဲနှင့် အလုပ်ရှုပ်မခံလိုသော ကျွန်တော်တို့ မင်္ဂလာပွဲကို ခမ်းခမ်းနားနားမကျင်းပခြင်းမှာ သဘာဝကျပါသည်။

မင်္ဂလာပွဲကုန်ကျမည့်စရိတ်များကို စိတ်ကျန်းမာရေးဆေးရုံသို့သွား၍ အစားအသောက်နှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းခဲ့ခြင်းမှာလည်း သဘာဝကျပါသည်။

ယခုချိန်တွင် ဖိုးသားလေးသည် ကျွန်တော်နှင့် ခူးခူးကို ဖေဖေနှင့် မေမေဟု ပီပီသသခေါ်နိုင်ရုံသာမက မေကြီးနှင့် ကြီးကြီးကိုပါ ဘွားကြီးနှင့် ဘွားလေးဟုပါ ချွဲတတ်နေသည်မှာလည်း သဘာဝကျပါသည်။

သဘာဝမကျသည်မှာတော့…

BURMESE CLASSIC

ဓာတ်ပုံဝါသနာရှင် ခူးခူးနှင့် ကျွန်တော်တို့ မင်္ဂလာဦးတွင် အမှတ်တရဓာတ်ပုံ တစ်ပုံမှမရိုက်ကြခြင်းပင်။ အဘယ်ကြောင့်ဆိုသော်…

'ပြီးပြီ'

ဖိုးသားလေးယူလာပေးသည့်ပုံကို အလျင်အမြန်ဆွဲယူကြည့်လိုက်သည်။ ဖိုးသားလေး ဆွဲထားသည့်ပုံမှာ သူအကျွမ်းကျင်ဆုံးဖြစ်သည့် သတို့သမီးနှင့် သတို့သား မင်္ဂလာဦးစုံတွဲပုံဖြစ်ကြောင်းကိုတော့ ပြောရန်လိုမည်မထင်။ ထိုပုံမှ သတို့သားနှင့် သတို့သမီးတို့မှာ ကျွန်တော်နှင့် ခူးခူးတို့ဖြစ်ကြောင်းလည်း အထူးတလည်ပြောရန်လိုမည် မထင်ကြောင်း။

ပြုံးမုန်လွင်

7:10 A.M

26/7/11

www.burmeseclassic.com

www.burmeseclassic.com

# နှစ်ပိုင်းတစ်ပိုင်း

## မြေမှုန်လွင်

ဤဝတ္ထုက သူနှင့်ခေတ်ပြိုင်လူငယ်စာရေးဆရာတချို့ ရေးနေသကဲ့သို့ အပျော်ဖတ်အချစ်ဝတ္ထု မဟုတ်။ သူ့ဝတ္ထုထဲမှာ ကောင်လေးတွေ၊ ကောင်မလေးတွေ ပါသည်။ သူတို့ ချစ်ကြသည်။ လွမ်းကြသည်။ ငိုကြသည်။ သို့သော် နတ်သမီးပုံပြင်ဆန်ဆန် မဟုတ်။ ခေတ်ကို တိုတိုကျကျ ထင်ဟပ်ပြသနိုင်သည်။ သူပြောချင်တာက ခေတ်၏သားကောင်ဖြစ်နေသော ယနေ့လူငယ်များဘဝ။ ရေးဟန်ကလည်း ယနေ့လူငယ်တွေရဲ့ အသံဟန် အပြည့်ပါသည်။ ရောတီ၊ ကလိုင်း၊ ရွှီးရှောင် စတဲ့ ဘန်းစကားတွေ တွေ့ရသည်။

**သစ္စာနီ**

ပိတောက်ပွင့်သစ်စာပေအနုပညာ-မဂ္ဂဇင်း။ အမှတ် ၄၁၊ ဇူလိုင်လ ၂၀၁၁ ပါ နှစ်ပိုင်းတစ်ပိုင်းတွင် တွေ့ရသော စာအုပ်ဝေဖန်ချက်မှ ထုတ်နုတ်ဖော်ပြပါသည်။

ဖုန်းဆက်မှာယူနိုင်ပါသည်။

097305543/ 559773

ထွက်ပြီ

www.burmeseclassic.com